# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း၊ ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**


၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၇၅)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့အမျိုးသမီးများညီလာခံသို့ ဗီဒီယိုမှမိန့်ခွန်းပြောကြား

# အမျိုးသမီးများ ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာကဏ္ဍများ၌ တိုးတက်မှုများ အလေးထားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့အမျိုးသမီးများညီလာခံ (World Assembly for Women: (WAW)2016)သို့ ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ကြောင်း သိရှိရသည်။

အဆိုပါညီလာခံအား ကမ္ဘာတစ်ဝန်းရှိ လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဦးဆောင်ကြီးမှူး၍ ကျင်းပခြင်းဖြစ်သည်။

ယင်းဗီဒီယိုမိန့်ခွန်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာတစ်ဝန်း၌ အမျိုးသမီးများ တိုးတက်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာကဏ္ဍများ၌ ရရှိခဲ့သော တိုးတက်မှုများကို အလေးထားပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုးတက်မှုများကို အသိအမှတ်ပြုသော်လည်း ကျော်လွှားရမည့် စိန်ခေါ်မှုများ၊ အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အခကြေးငွေမရသော အလုပ်များ၊ ဆုံးဖြတ်ချက်ချသည့်အဆင့်တွင် အမျိုးသမီးကိုယ်စားပြုမှုနည်းပါးမှုနှင့် စီးပွားရေးအရင်းအမြစ်များ မျှတစွာ ရယူသုံးစွဲနိုင်ခြင်းမရှိမှုတို့ကိုလည်း မီးမောင်းထိုးပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညီလာခံသို့ တက်ရောက်ဆွေးနွေးခဲ့ကြသူများအား စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် လုပ်ရိုးလုပ်စဉ်နှင့် သမားရိုးကျအတွေးအခေါ်များကို ကျော်လွန်စဉ်းစားကြရန်နှင့် ဖန်တီးတီထွင်၍ အထောက်အထားကို အခြေခံသော ဖြေရှင်းနည်းများ ရှာဖွေကြရန် အားပေးတိုက်တွန်းခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လူမှုအသိုက်အဝန်းအတွင်း အမျိုးသမီးများပါဝင်မှုမြှင့်တင်ရန် "a society where women shine" ဟူသောအတွေးအခေါ်ကို မိတ်ဆက်တင်ပြခဲ့ပြီးသည့်နောက်ပိုင်းတွင် ဂျပန်နိုင်ငံအစိုးရသည် WAW ညီလာခံကို နှစ်စဉ်ကျင်းပကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ မီးရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ် ကောင်းမွန်စေရေး လုပ်ငန်းများအတွက် ဂျပန်ယန်း သန်း ၉၃၉၇၀ သုံးစွဲမည်


ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၊ စာမျက်နှာ-၇




# ကမ္ဘာလှည့်ခရီးသွား အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ကမ္ဘာလှည့်ခရီးသွား အပျော်စီးသင်္ဘောကြီး MV Silver Shadow သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါ ဆိပ်ကမ်း (MITT) သို့ ရောက်ရှိလာရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ သင်္ဘောကြီးတွင် ကမ္ဘာလှည့်ခရီးသည် ၁၂၉ ဦးနှင့် သင်္ဘောဝန်ထမ်း ၂၈၇ ဦး တို့ လိုက်ပါခဲ့ပြီး ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ


*စာမျက်နှာ ၃ ကော်လံ ၅* ❍


# တက္ကသိုလ်များ သင်ကြားရေးစနစ်တိုးတက်ရန် အေဒီဘီပံ့ပိုးကူညီ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အာဆီယံတက္ကသိုလ်ကွန်ရက် (ASEAN University Network AUN)၏ ကြီးကြပ်မှု၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များ၏သင်ကြားရေးစနစ်အရည်အသွေးတိုးတက်လာစေရန်ရည်ရွယ်၍ တတိယအကြိမ်မြောက် AUN-ADB Traing Workshop ကို ယနေ့နံနက်ပိုင်းက ရန်ကုန်-သန်လျင်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ကျင်းပခဲ့သည်။

“ဒီအလုပ်ရုံဆွေးနွေးပွဲက AUN နဲ့ ADB တို့ရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှာရှိတဲ့တက္ကသိုလ်တွေရဲ့ သင်ကြားမှုစနစ်တွေ၊ အရည်အသွေးတွေတိုးတက်လာဖို့ဆောင်ရွက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်တွေရဲ့သင်ကြားမှု အဆင့်မြှင့်တင်ရေးအတွက် အရေးကြီးတဲ့ အလုပ်ရုံဆွေးနွေးပွဲလည်းဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဇင်မောင်ထွန်းက ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် အေဒီဘီဘဏ်က အာဆီယံ ဒေသတွင်း ပံ့ပိုးပေးရန် လိုအပ်နေသောစီအယ်လ်အမ်သုံးနိုင်ငံဖြစ်သည့်


*စာမျက်နှာ ၃ ကော်လံ ၁* ◆



KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ဆင့်ပွားလာသောပြဿနာများ

ကုလသမဂ္ဂအဖွဲ့ကြီးက လူသားချင်းစာနာမှုအတွက် စံချိန်တင်သည့် တောင်းဆိုမှုအဖြစ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ လူပေါင်း ၉၃ သန်း ကို အရေးပေါ်ကယ်တင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂ ဘီလီယံလှူဒါန်းကြဖို့ နိုင်ငံတကာအလှူရှင်များထံ မေတ္တာရပ်ခံလိုက်ကြောင်း သိရပါသည်။ ဤသည်မှာ ကုလသမဂ္ဂအနေဖြင့် အများဆုံးတောင်းခံသောပမာဏဖြစ်ပြီး ကမ္ဘာပေါ်တွင် လူသားချင်းစာနာမှုအခြေအနေသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ပထမဆုံးတွေ့ကြုံနေရသော ဆိုးရွားလှသည့်အခြေအနေကို ထင်ဟပ်နေသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍မူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လူသားချင်းစာနာမှုအကူအညီလိုအပ်သူဒုက္ခသည်ပေါင်း ငါးသိန်းကျော်အတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ လိုအပ်ကြောင်းလျာထားသည်ဟု သိရသည်။ မြန်မာနိုင်ငံအတွင်း နေရပ်စွန့်ခွာထွက်ပြေးရသူပေါင်း နှစ်သိန်းတစ်သောင်းကျော်ရှိပြီး ၎င်းအနက် ၈၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးများဖြစ်ကြသည်။ ကိုးသောင်းရှစ်ထောင်မှာ ကချင်နှင့် ရှမ်းပြည်နယ်မှဖြစ်ပြီး ၎င်းတို့မှာ ၂၀၁၁ ခုနှစ်ကစခဲ့သောပဋိပက္ခကြောင့် ဒုက္ခသည်စခန်းနှင့် ယာယီစခန်းများတွင်နေကြရခြင်းဖြစ်သည်။ ကျန်တစ်သိန်းနှစ်သောင်းဝန်းကျင်မှာ ရခိုင်ပြည်နယ်မှဖြစ်ကာ ၂၀၁၂ ခုနှစ်မှာ ဖြစ်ခဲ့သောအကြမ်းဖက်မှုများကြောင့် အိုးအိမ်ရွှေ့ပြောင်းခဲ့ကြရသူများဖြစ်သည်။ ယခု ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြန်လည်ဖြစ်ပွားလာသော တိုက်ပွဲများကြောင့် တရုတ်ပြည်ဘက်သို့ ပြေးဝင်ခိုလှုံရသူမှာ နှစ်သောင်းခန့်ရှိသည်ဟုလည်း သိရသည်။ ဤတိုက်ပွဲများတွင် ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားအတော်များများလည်း သေကျေဒဏ်ရာရခဲ့ကြသည်။ ဤသည်တို့မှာ နယ်စပ်ဒေသများနှင့် ပြည်တွင်းမတည်ငြိမ်မှုများကြောင့်ဟု ဆိုရပါမည်။

ထိုပဋိပက္ခများနှင့် ဆက်နွှယ်၍ မူးယစ်ဆေးဝါးနှင့် လက်နက်ကိစ္စများပါ ပါဝင်လာသည်ကိုလည်း တွေ့ရပါသည်။ ဤရက်ပိုင်းသတင်းများအရ ဒီဇင်ဘာ ၈ ရက်က ရသေ့တောင်ဘက်မှ ပင်လယ်ပြင်တွင် စက်လှေနှင့် သယ်လာသောစိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့သည်။ တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်းခုနစ်သောင်းခြောက်ထောင်ကျော်ရှိသည်။ ဒီဇင်ဘာ ၁၀ ရက်က ပြည်-တောင်ကုတ်လမ်းစစ်ဆေးရေးဂိတ်တစ်ခုတွင် ဆီပီပါ ၁၅ လုံးခန့်နှင့် ထည့်လာသောစိတ်ကြွရူးသွပ်ဆေးပြား ၁၅ သန်းကျော် တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ခုနစ်သောင်းခွဲခန့်ရှိသည်။

ထို့နောက် ဒီဇင်ဘာ ၁၁ ရက်တွင်တစ်ခါ မင်္ဂလာဒုံမြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသည့် ဂိုဏ်းအဖွဲ့ဝင်တစ်ဦး၏ နေအိမ်မှ ဆေးပြား ၂၄ သိန်းကျော် တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း ရှစ်ထောင်ကျော်ရှိသည်ဟု ဆိုသည်။ ယခုဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ၂၀၁၅ ခုနှစ်အတွင်းက မင်္ဂလာဒုံမြို့နယ်အတွင်း ကွန်တိန်နာယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၇ သန်း တန်ဖိုးအားဖြင့် ကျပ်ဘီလီယံ ၁၃၃ ဒသမ ၅ ခန့်ကို စံချိန်တင်ဖမ်းဆီးရမိပြီးနောက် အများဆုံး ဖမ်းဆီးရမိခြင်းများပင်ဖြစ်သည်။

၎င်းဆေးပြားများ၏ ဦးတည်ရာမှာ ရခိုင်ပြည်နယ်ဘက်သို့ ဖြစ်နေသည်ကိုလည်း တွေ့ရှိရသည်။ ဤသို့ အများအပြားဖမ်းဆီးရမိခြင်းမှာ နယ်စပ်ဒေသမတည်ငြိမ်မှုများကို အခွင့်ကောင်းယူ၍ တစ်နေရာတွင် အမြောက်အမြားထုတ်လုပ်နေခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ၎င်းဆေးပြားများကို နေရာကျဉ်းကျဉ်းတွင်(သို့)ရွှေ့ပြောင်း၍လည်း ထုတ်လုပ်နိုင်သည်ဟုဆိုသောကြောင့် ရှည်လျားလှသော နယ်စပ်ဒေသများ၊ ကုန်ကြမ်းအလွယ်တကူရရှိရာနယ်စပ်ဒေသများမှ ဒလဟောထုတ်လုပ်နေသည်ဟု ယူဆနိုင်ပါသည်။ ဤသို့အမြောက်အမြားထုတ်လုပ်ခြင်းမှာ တစ်ဖက်က ငွေကြေးလိုအပ်မှုများပြားခြင်းကြောင့်ဖြစ်နိုင်သလို၊ ရခိုင်ပြည်နယ်မှတစ်ဆင့် ပြည်ပနိုင်ငံများအထိ ကျယ်ပြန့်သောလမ်းကြောင်းများအတိုင်း နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းများနှင့် ချိတ်ဆက်လုပ်ဆောင်နေမှုများကြောင့်ဟု ယူဆနိုင်ပါသည်။ ဤရက်ပိုင်းအတွင်းမှာပင် ထိုင်းနယ်စပ်နှင့်အိန္ဒိယနယ်စပ်တို့တွင် တရားမဝင် လက်နက်သယ်ဆောင်လာမှုများကိုလည်း ဖမ်းဆီးရမိသည်ကို တွေ့ရသည်။

တိုင်းပြည်ပြန်လည်တည်ဆောက်နေရချိန်၊ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နေချိန်၌ နယ်စပ်ဒေသများ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးပါသည်။ နယ်စပ်ဒေသမတည်ငြိမ်မှုနှင့်နယ်မြေမအေးချမ်းမှုတို့ကြောင့် ဆိုးရွားလှသော ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လူမျိုးရေးပြဿနာများအထိ ဖြစ်ပွားနေခြင်းဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်ပြည်သို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့စဉ် နှစ်နိုင်ငံပူးတွဲထုတ်ပြန်ကြေညာချက်၌ ထိုအချက်များကို နှစ်ဖက်စလုံးမှ အလေးထားကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခုဆို မတည်ငြိမ်မှုအကျိုးဆက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အခြားသောအရေးကြီးကိစ္စများစွာရှိသည့်ကြားမှ လိုက်လံဖြေရှင်းရလျက်ရှိရာ အစိုးရအတွက် ဘူးလေးရာဖရုံဆင့်ဆိုသလို ဖြစ်စေပါသည်။ သို့သော် တိုင်းသူပြည်သားများ၏နားလည်မှု၊ ပူးပေါင်းပါဝင်မှုတို့ဖြင့် ထိုပြဿနာများကို ကျော်လွှားနိုင်မည်ဟုယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။

## မဟာရန်မျိုးအောင် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရန်မျိုးအောင်ရပ်ကွက်ရှိ ပါဠိတက္ကသိုလ်သာသနဝေပုလ္လကျောင်းတိုက် မဟာဝိဇယကုန်းတော်၌ တည်ထားကိုးကွယ်ထားသည့် မဟာရန်မျိုးအောင် ရွှေတိဂုံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီကကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ကြွရောက်တော်မူပြီး ပရိသတ်များက ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပရိသတ်များက သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူတော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အရံစေတီတော် ရှစ်ဆူထီးတော်တင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြီး ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် အမျှအတမ်းများပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အလှူတော်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၁၁ ရက်က ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး(၄) မြို့မဈေးအနီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် Diamond Bee Co.,Ltd. တို့ပူးပေါင်း၍ ပြည်သူများ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် 11/0.4V 200 KVA ဓာတ်အားခွဲရုံသစ် တည်ဆောက်ပေးစဉ်**
(မြန်မာ့အလင်း)

**ထင်သာမြင်သာ ပြုပြင်စရာ**

## သီပေါမြို့လယ်ချောင်း အမှိုက်များပိတ်ဆို့မှု ရှင်းလင်းရန်လိုအပ်နေ



ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ပန်းတိမ်မြောက်ရပ် အောင်သပြေလမ်း နှင့် သဇင်လမ်းကြား မြို့လယ်ချောင်းအတွင်း အမှိုက်များစွန့်ပစ်မှုကြောင့် မြင်မကောင်းအောင် အမှိုက်များစုပုံ ပိတ်ဆို့နေပြီး ရေစီးရေလာသွားလာမှု ဟန့်တားလျက်ရှိသည်ကို ဒီဇင်ဘာ ၁၃ ရက်က မြင်တွေ့ရသည်။ **(ဓါတ်ပုံ)**

သီပေါမြို့သည် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ် သော မြို့ဖြစ်သည်နှင့်အညီ အဆိုပါ ချောင်းအတွင်းရှိ အမှိုက်ပုံကြီးကြောင့် မြို့၏ သာယာလှပကောင်းမွန်သော ပုံရိပ်ပျက်ပြားစေပြီး ဧည့်သည်များအထင် အမြင်သေးစရာဖြစ်စေသည့်အပြင် ရေစီးရေလာရပ်တန့်ပြီး ချောင်းရေလျှံ၍ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ရှင်းလင်းရန် လိုအပ်ကြောင်း ယင်းရပ်ကွက်မှ ပြည်သူများက ပြောဆိုကြသည်။

**စိုင်း(သီပေါ)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၁၂-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၀ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၀ · ၉၈ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၅၆ |
| တရုတ် | တစ်ယွမ် | ၁၉၁ · ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈ · ၄၁ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သြစတြေးလျနိုင်ငံသံအမတ်ကြီး ဦးသာအောင်ညွှန့်အား နယူးဇီလန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သြစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွှန့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကနေဒါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E.Ms.Karen MacArthur အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E.Ms.Karen MacArthur အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# (၆)ကြိမ်မြောက် အာရှ-ပစိဖိတ် အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဦးဆောင်သော အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် (၆)ကြိမ်မြောက် အာရှ-ပစိဖိတ် အိုးအိမ်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီးများအဆင့် ညီလာခံသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**



ကိုယ်စားလှယ်အဖွဲ့အား ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(၆) ကြိမ်မြောက် အာရှ-ပစိဖိတ် အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်ထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးစကြံ့ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အိမ်ရာ ဖွံ့ဖြိုးရေးကဏ္ဍများအကြောင်း ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အတွက် ပညာရေးနှင့် ပတ်သက်သော ထောက်ပံ့ကူညီပေးမှု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ကြောင်း သိရသည်။ အာဆီယံတက္ကသိုလ်ကွန်ရက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါက်တာ Wyaona Pata Linghug ကလည်း "မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အဆင့်မြင့်ပညာရေးမှာ အရည်အသွေးအာမခံမှုနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ တိုးပွားလာစေဖို့၊ တက္ကသိုလ်တွေရဲ့အရည်အသွေး အာမခံမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ဖို့၊ အရည်အသွေးရဲ့အစိတ်အပိုင်းဖြစ်တဲ့ လေ့ကျင့်မှုနဲ့ အကဲဖြတ်မှုစနစ်တွေကို နိုင်ငံအတွင်းမှာ လက်တွေ့ကျင့်သုံးနိုင်ဖို့ ရည်ရွယ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်၊ မန္တလေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ အပါအဝင် မြန်မာနိုင်ငံရှိ တက္ကသိုလ် ၂၂ ခုမှသင်ကြားရေးနှင့်ဆိုင်သော ဆရာဆရာမစုစုပေါင်း ၄၁ ဦးတက်ရောက်ပြီး ယနေ့ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စီအယ်လ်အမ်နိုင်ငံများတွင် မူလက ဗီယက်နမ်ပါရှိ၍ CLMV နိုင်ငံများဟု ခေါ်ဆိုသော်လည်း ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများအဖြစ်မှ လွန်မြောက်လာပြီဖြစ်သဖြင့် အေဒီဘီ၏ထောက်ပံ့ပေးမှုတွင် မပါဝင်တော့ခြင်းဖြစ်ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းမှာ အေဒီဘီ၏ ပံ့ပိုးကူညီမှုအစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

ဒေသတွင်းရှိ တက္ကသိုလ်များ ပူးပေါင်းပါဝင်လာခြင်းဖြင့် Asean University Network ၏ အရည်အသွေးအာမခံမှုစနစ်များကို ပိုမိုကျယ်ပြန့်လာစေရန်ဖြစ်ကြောင်း ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံတက္ကသိုလ် ကွန်ရက်မှကျွမ်းကျင်ပညာရှင်များ၊ အေဒီဘီမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များ၏ သင်ကြားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အလုပ်ရုံဆွေးနွေးပွဲပုံစံဖြင့် သင်ကြားမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




○ *ရှေ့ဖုံးမှ*

ထွက်ခွာလာခြင်းဖြစ်သည်။

"အခုရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေကို လုံခြုံရေးပိုင်းအပြင် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာပါ၊ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ပေါ်နဲ့ သန်လျင်ဈေးထဲကို လည်မယ်၊ မနက်ဖြန်မှာတော့ ပဲခူးကိုသွားမယ်လို့ သိရပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွား အပျော်စီးသင်္ဘောကြီး MV Silver Shadow ဖြင့် ရောက်ရှိလာသည့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ မန္တလေးမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် မြန်မာ အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းမှ မလေးရှားနိုင်ငံ လန်ကဝီကျွန်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**

## နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့၌ ၀ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၌ ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့ လွိုင်လင်မြို့ နောင်ချိုမြို့နှင့် မိုးကုတ်မြို့တို့၌ ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

## ဝန်ထမ်းအိမ်ရာများနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်စစ်ဆေး

**ပြည် ဒီဇင်ဘာ ၁၃**

ပြည်မြို့၌ မြို့ပြနှင့် အိမ်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) မကြာမီ ဖွင့်လှစ်နိုင်ရေးအတွက် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၈၀ ဒသမ ၀၈ သန်းဖြင့် ရွှေဟင်္သာ အိမ်ရာစခန်းအတွင်း မင်းသွေးပိုင်ကုမ္ပဏီက တာဝန်ယူပြီး လေးခန်းတွဲ ငါးထပ်တိုက်တစ်လုံး ဆောက်လုပ်နေမှု အခြေအနေကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလင်းထွန်းက ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က အိမ်ရာနေထိုင်သူများ၏ စည်းကမ်းလိုက်နာမှုကောင်းမွန်စေရန်၊ ဌာနမှ ရေးဆွဲလျက်ရှိသည့် အိမ်ရာဖွံ့ဖြိုးရေးဥပဒေ၊ နယ်မြေဒေသဖွံ့ဖြိုးရေးဥပဒေ၊ ကွန်ဒိုဥပဒေများအား အမြဲမပြတ်လေ့လာနေကြရန်မှာကြားခဲ့ပြီး ပြည်မြို့ပေါ်ရှိ အိမ်ရာစခန်းများနှင့် လေးခန်းတွဲ ငါးထပ်တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

*❋ ကျောဖုံးမှ*

တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကာ လက်နက်နှစ်လက် ဆုံးရှုံးခဲ့ရမှုဖြစ်စဉ်နှင့် အကြမ်းဖက် စီးနင်းတိုက်ခိုက်သူတစ်ဦး အသေရမိပြီး တစ်ဦးကို အရှင်ဖမ်းဆီးရရှိခဲ့မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အခင်းဖြစ်ပွားရာနေရာများသို့ ကွင်းဆင်းကြည့်ရှုပြီး အသေးစိတ် စစ်ဆေးမေးမြန်းသည်။

**စုံစမ်းမေးမြန်း**

ထိုမှတစ်ဆင့် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ရောက်ရှိကြပြီး ကော်မရှင်အဖွဲ့ဝင်များက စစ်တွေ အကျဉ်းထောင်သို့ သွားရောက်၍ မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များဖြစ်ပွားပြီးနောက် အမှုဖွင့်အရေးယူစစ်ဆေးခံနေရသူအချို့နှင့် တွေ့ဆုံ၍ ဖြစ်ရပ်အခြေအနေမှန် ရရှိရေးနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းကြသည်။

**တာဝန်ရှိသူများအားတွေ့ဆုံ**

အလားတူ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက် ဦးဆောင်သော အဖွဲ့ဝင်များသည် စစ်တွေမြို့၌ INGO နှင့် NGO အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသအတွင်း လက်ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ပေးအပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**ကိုးတန်ကောက်စခန်း တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် ရဲတပ်သား ချစ်ကိုကိုလွင်အား လှံဖြင့်အထိုးခံရသော နံရံပေါက်အား တွေ့ရစဉ်**
ဓာတ်ပုံ-သူရဇော်(သတင်းစဉ်)



**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကိုးတန်ကောက်စခန်း တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မျက်မြင်တွေ့ရှိသူတစ်ဦးက ဖြစ်စဉ်နေရာများအား ရှင်းလင်းပြသစဉ်** ဓာတ်ပုံ-သူရဇော်(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မြန်မာ့သိုင်းသရုပ်ပြသပွဲ တက်ရောက်အားပေး ခြေတုလက်တုအလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာ့သိုင်းသရုပ်ပြသပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စုပေါင်းတန်းစီကွင်းတွင် ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးသည်။

သရုပ်ပြသပွဲတွင် သင်တန်းသား၊ သင်တန်းသူများက မြန်မာ့သိုင်းပညာကစားကွက်များအနက်မှ စုပေါင်းကစားကွက် ခြောက်မျိုး၊ တစ်ကိုယ်တော်ကစားကွက် ငါးမျိုးနှင့် အတွဲလိုက်ပြကွက်သုံးမျိုးတို့ကို သရုပ်ပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့သိုင်း သရုပ်ပြသခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ချီးမြှင့်ငွေများ ပေးအပ်၍ မြန်မာ့သိုင်းအဖွဲ့ချုပ်မှ အဆင့်အလိုက် သတ်မှတ်ထားသည့် ခါးပတ်များနှင့် လေ့ကျင့်ရာတွင် အသုံးပြုသည့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ခင်းကျင်းထားမှုကို ကြည့်ရှုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးအထူးကုဆေးရုံ၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသော ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ တစ်ဦးချင်း ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလုပ်ရုံအတွင်းရှိ ခြေတုလက်တုများကို ကြည့်ရှုစဉ်**

ထို့နောက် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် တပ်မတော် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ၌ ခြေတုလက်တု တိုင်းတာရေးဌာနတွင် တက်ရောက်ကုသလျက်ရှိသည့် ရှေ့တန်းစစ်ဆင်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဆေးရုံအတွင်းရှိ ခြေတုလက်တု အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံတပ်နယ်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် Vertical Wind Tunnel ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငါ့သရောက်မြို့နယ်၌ ပုဂံဗိုလ်ချုပ်ကြေးသွန်းရုပ်တုဖွင့်

**ငါ့သရောက် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက် မြနန္ဒာကျောက်ထီးရိုးဘုရားအနီးတွင် စိုက်ထူထားရှိသော နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် အာဇာနည်သူရဲကောင်း ပုဂံဗိုလ်ချုပ်ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ပုဂံဗိုလ်ချုပ်ကြေးသွန်းရုပ်တုအနီး ယာယီမဏ္ဍာပ်တွင် ကျင်းပရာ ပုဂံဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲအထိမ်းအမှတ် ပုဂံဗိုလ်ချုပ်၏ ဆွေမျိုးများနှင့် မတည်အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကြေးသွန်းရုပ်တုအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မျိုးချစ်သူရဲကောင်းပုဂံဗိုလ်ချုပ်အတွက် အမှတ်တရ တည်ထားကိုးကွယ်သည့် မြနန္ဒာကျောက်ထီးရိုးဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ပြီး ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အရောင်းသွက် အရသာရှိသော ဆောင်းကာလစားစရာ ခေါက်တန်ငါး

**သီပေါ ဒီဇင်ဘာ ၁၃**

ဟေမန္တ ဆောင်းကာလသို့ရောက်လျှင် နှင်းမှုန်များအောက်ဝယ် မီးလှုံလေ့ရှိပြီး မိသားစုဝိုင်းဖွဲ့ကာ ခေါပုတ်(ခေါ်) ခေါက်တန်ငါးကို မီးကင်၍သော်လည်းကောင်း၊ ဆီနှင့်ကြော်၍သော်လည်းကောင်း စားသုံးလေ့ရှိကြသည်မှာ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့ဖြစ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့က ပြုလုပ်သော ရှမ်းနှမ်းထောင်းခေါပုတ်၏ အရသာမှာ စားကောင်းလွန်းသောကြောင့် ရန်ကုန်၊ မန္တလေး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်းဒေသများပါမကျန် သီပေါမြို့ရှိ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းများကို မှာကြားပြီး စားသုံးကြသည်။ ခေါပုတ်(ခေါ်) ခေါက်တန်ငါးပြုလုပ်သော နေရာ၊ ဌာနအများအပြားရှိသော်လည်း အချို့က နှမ်းအနည်းငယ်နှင့် ရေဖြင့်ထောင်းထားသော ခေါပုတ်၊ အချို့က နှမ်းများများဖြင့်ထောင်းထားသော ခေါပုတ်ကို အများက နှစ်ခြိုက်ကြသည်။

ခေါပုတ်ဖြစ်ရန် ကောက်ညှင်းငချိပ်ပေါင်းကို ညက်နေအောင် ဆုံထဲထည့်ထောင်းရပြီး ကောက်ညှင်းညက်မှ ခေါပုတ်ထောင်းထားသည့် နှမ်းမည်းမည်းကိုဖြူးကာ ဆီအနည်းငယ်ဖျန်းပေးရသည်။ ထိုကဲ့သို့ နာရီဝက်ကြာအောင် ဆောင်ရွက်ပြီးမှသာ ခေါပုတ်(ခေါ်) ခေါက်တန်ငါးဖြစ်လာပေမည်။

ယခုနှစ်တွင် ခေါပုတ်တစ်ပိဿာ ငွေကျပ် လေးထောင်နှုန်းရှိပြီး ပိဿာချိန်များများရလိုပါက ကြိုတင်မှာကြားရကြောင်း သီပေါမြို့ဇာတ်စုရပ်မှ ရွှေသစ္စာ ခေါပုတ်လုပ်ငန်းမှ ဒေါ်နန်းနုခင်က ပြောသည်။ **စိုင်း(သီပေါ)**

**လျှပ်စစ်ဓာတ်အား သုံးလျှင်**

(၁) ဟောင်းနွမ်းနေသည့်လျှပ်စစ်ကြိုးများလဲလှယ်ပေးပါ။ (၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။ (၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။ (၄) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ် ဖုံး၊ အုပ် ငြိမ်းသတ်ပါ။ (၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။ (၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။
**မီးသတ်ဦးစီးဌာန**

# အာရှနှင့် ပစိဖိတ်ဒေသပို့ဆောင်ရေးဝန်ကြီးများညီလာခံနှင့် ပထမအကြိမ် အာဆီယံ - ရုရှားပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးပြီးစီး



**နေပြည်တော် ဒီဇင်ဘာ ၁၃**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသော အာရှနှင့် ပစိဖိတ်ဒေသ ပို့ဆောင်ရေးဝန်ကြီးများ ညီလာခံနှင့် ပထမအကြိမ် အာဆီယံ- ရုရှားပို့ဆောင်ရေးဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၈ ရက်က ကျင်းပသော အာရှနှင့် ပစိဖိတ်ဒေသ ပို့ဆောင်ရေးဝန်ကြီးများ ညီလာခံတွင် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်လျက်ရှိသည့် အာဆီယံ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်များ၊ မဟာမဲခေါင်ဒေသခွဲ ကုန်စည်နှင့် လူများ နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေး မူဘောင်သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ အခြေပြစာချုပ်ငယ်များ၊ အမျိုးသားပို့ဆောင်ရေးကွန်ရက် တည်ထောင်နိုင်ရေးအတွက် စီမံကိန်းများ ရေးဆွဲနေမှုများ၊ ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုများ၊ သီလဝါဒေသတွင် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်နေမှု၊ မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုများ လျှော့နည်းကျဆင်းရေးများအပါအဝင် ပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများကိုပြောကြားသည်။

ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ Executive Secretary, Dr. S. Akthar အား တွေ့ဆုံခဲ့ပြီး ပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ပထမအကြိမ် အာဆီယံ-ရုရှား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။

အာရှနှင့်ပစိဖိတ်ဒေသ ပို့ဆောင်ရေးဝန်ကြီးများညီလာခံ၊ ပထမအကြိမ် အာဆီယံ - ရုရှား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အဖွဲ့ဝင်နိုင်ငံ ၄၁ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ Executive Secretary ဦးဆောင်သော တာဝန်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၂၈ ခုမှ ကျွမ်းကျင်သူများ အပါအဝင် စုစုပေါင်း ၅၁၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယုတ္တိမတန်တဲ့ဟာတွေရေးထားတော့ အခွင့်ကြုံတုန်း ပွင့်ပွင့်လင်းလင်းသိအောင် ကြိုတင်ပြောထားခြင်းဖြစ်

## အမေး၊ အရေးနှင့် ဓာတ်ပုံ - တင်မောင်လွင်(မြန်မာ့အလင်း)

မောင်တော ဒီဇင်ဘာ ၁၃

**ရခိုင်ပြည်နယ် မောင်တောဒေသတွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ ခေါင်းဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာများအရောက် ဆက်လက်သွားရောက်ပြီး ရပ်မိရပ်ဖများ၊ မျက်မြင်တွေ့ရှိကြသူများနှင့် ပွင့်လင်းမြင်သာစွာ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။**

**အဆိုပါ ကော်မရှင်အဖွဲ့၏ ယနေ့စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်ပြီး ခရီးစဉ်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် ပြည်ပမီဒီယာတချို့တွင် ဖော်ပြနေသည့် သတင်းများအပေါ် တကယ့်လက်တွေ့ မြေပြင်တွင် ကြုံတွေ့ရမှုနှင့်စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းမြတ် (အငြိမ်းစား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်)၏ ပြောကြားချက်များကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။**

**ဦးထွန်းမြတ်**
**(အငြိမ်းစား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်)**
**စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်**

**မေး။ ။အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်းမှာ ကြက်ရိုးပြင်ကျေးရွာမှာရှိတဲ့ ကလေးခုနစ်ယောက်အမေအသက် ၄၀ အရွယ်ရှိသူ အမျိုးသမီးဟာ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးတယ်လို့ ပြည်ပမီဒီယာတချို့က ဖော်ပြတာကို ဒီကနေ့မနက် အင်တာနက်စာမျက်နှာမှာ တက်လာတာတွေ့ရပါတယ်။ အဲ့ဒီအမျိုးသမီးက ကလေးခုနစ်ယောက်လည်း အသတ်ခံရတယ်။ ယောကျ်ားလည်း အသတ်ခံရတယ်လို့ ပြောထားတယ်လို့ သိရပါတယ်။ အဲ့ဒီသတင်းအချက်အလက်နဲ့ပတ်သက်ပြီး ဆရာကြီးတို့ မြေပြင်မှာလက်တွေ့လေ့လာတွေ့ရှိရတာနဲ့ ဘယ်လိုကွာခြားမှုရှိတယ်ဆိုတာကို လက်လှမ်းမီသလောက်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။အဲ့ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဒီနေ့မနက် ပြည်ပသတင်းစာတွေမှာ ဖော်ပြထားတာကို အင်တာနက်သတင်းစာတွေမှာ တွေ့ရပါတယ်။ ပထမထွက်တဲ့သတင်းက ယူကေနိုင်ငံက သည်ဂါးဒီးယန်းအွန်လိုင်းစာမျက်နှာရယ်၊ နောက်တစ်ခုက ဟောင်ကောင်ကသတင်းတစ်ခုမှာ ပါလာတာကိုတွေ့ရတယ်။ သာမန်အားဖြင့်တော့ ဒါတွေက ကောလာဟလတွေ အမျိုးမျိုးထွက်တယ်ဆိုပြီးတော့ တော်တော်လေးဆိုးဆိုးရွားရွားရေးထားတာတွေ့ရတယ်။ ဒုတိယသမ္မတကြီးဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တွေအနေနဲ့ နယ်မှာဆင်းပြီး စေ့စေ့စုံစုံမလုပ်နိုင်ပေမယ့် ရောက်တုန်းတော့ ဒီကိစ္စကိုလက်လှမ်းမီသရွေ့ အဲ့ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီးလည်း ဒီနေ့ ကြက်ရိုးပြင်ရွာကို သွားရောက်ခဲ့ကြတယ်။ ပြည်ပသတင်းစာတွေရေးထားတာက ယေဘုယျအားဖြင့် သုံးမျိုးလောက်ရေးထားတယ်။ ပထမက အဲ့ဒီအမျိုးသမီးရဲ့ ကလေးငါးယောက်ဆုံးရှုံးတယ်။ သူရဲ့ခင်ပွန်းနဲ့ ကလေးတစ်ယောက် အသတ်ခံရတယ်။ သူနဲ့ကျန်တဲ့ကလေးတစ်ယောက်ကတော့ ဘင်္ဂလားဒေ့ရှ်ကို ရောက်သွားတယ်လို့ အဲ့ဒီအမျိုးသမီးပြောတာကို ရေးထားတယ်။ သူကိုယ်တိုင်လည်း မုဒိမ်းကျင့်ခံရတဲ့အကြောင်း ရေးထားတယ်။ နောက်ပြီး ကြက်ရိုးပြင်ရွာထဲမှာ အိမ်ခြေ ၇၀၀ခန့် မီးရှို့တယ်။ လူ ၁၀၀ ကျော်အသတ်ခံရတယ်။ အမျိုးသမီးတွေရောမုဒိမ်းကျင့်ခံရတယ်ဆိုပြီးတော့ ရေးထားတယ်။ အဲ့ဒီရွာကို သွားရောက်ပြီး ဒေသခံတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေလုပ်ခဲ့တော့ သာမန်အားဖြင့်ဆိုရင် သူတို့က အစိုးရနဲ့ အစိုးရအဖွဲ့တွေနဲ့ ပတ်သက်ရင် ရှောင်နေတတ်ကြတယ်လို့ သိရတယ်။

ဒီနေ့မနက်တော့ တော်တော်များများပဲ တွေ့ခဲ့ရတယ်။ ကောင်းကောင်းမွန်မွန်ပဲ စကားပြောလို့ရပါတယ်။ ပြည်ပသတင်းမီဒီယာတွေရေးတာ ယုတ္တိ ရှိ မရှိဆိုတာ သိရအောင် ဒီက ရွာသားတွေ ဘယ်လောက် အသက်ဆုံးရှုံးသလဲဆိုတာ မေးကြည့်တယ်။ ပထမတော့ ပြောမယ်မထင်ဘူး။ ဒါပေမယ့် နောက်တော့ တစ်ယောက်ချင်းမေးကြည့်တော့ ပြောတယ်။ သေသေချာချာဆိုရင် သူတို့ဆီမှာရှိတဲ့ ရွာလေးစုက လူဦးရေ ၁၀၅၀၀ လောက်ရှိပြီး အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ရွာကြီးပေါ့။ သူတို့က သေဆုံးတဲ့သူတွေရဲ့စာရင်းပေးလိုက်တယ်။ အဲ့ဒီရွာက သေဆုံးတဲ့ယောကျ်ား ၁၀ ယောက်ရဲ့အမည်၊ အသက်စာရင်းတွေ အကုန်ရခဲ့တယ်။ ကလေးသုံးယောက်၊ ပြီးတော့ အမျိုးသမီးသုံးဦးသေဆုံးတယ်ဆိုတာ သူတို့ဆီကနေ ကြားသိခဲ့တယ်။ နောက်ပြီး သူတို့ကိုဆက်မေးပါတယ်။ မီးလောင်ခံရလို့ ကလေးငါးယောက်နဲ့ မိခင်တစ်ယောက်၊ အဖေနဲ့ ကလေးငါးယောက် အသတ်ခံရတာရှိသလားလို့ မေးကြည့်တော့ မရှိဘူးပြောပါတယ်။ သတ်တာမကြားမိဘူးလို့ ပြောပါတယ်။ အဲ့လိုဆိုရင် အမေတစ်ယောက်တည်းကနေပြီးတော့ ကလေးဘယ်နှယောက်နဲ့ သေဆုံးတာကြားဖူးသလဲဆိုပြီးတော့ သူတို့က အမေတစ်ယောက်နဲ့ ကလေးနှစ်ယောက် သေဆုံးသွားတယ်လို့တော့ကြားတယ်။ ဖခင်နဲ့ သေတာတော့မကြားဘူးတဲ့။ ဒါကိုကြည့်ရင် ဒီနေ့ပြည်ပသတင်းစာတွေမှာပါတာနဲ့ မညီဘူးဖြစ်နေတယ်။ ဒါကလည်း သူတို့ဆီက ထွက်ချက်ဖြစ်ပါတယ်။

ဒီထဲမှာ ကလေးတစ်ယောက်ကတော့ ကျည်ဆန်ထိမှန်တယ်။ မသေဘူးတဲ့။ ဒီမိသားစုကလည်း မဟုတ်ဘူးတဲ့။ ဒါဆိုကျွန်တော်တို့က သတင်းထဲမှာပါတဲ့ နော်အေးရှား (Noor Ayesha) ဆိုတဲ့ အမျိုးသမီးနဲ့ သူ့ကလေးရဲ့ဓာတ်ပုံကို ပြကြည့်တယ်။ အဲ့ဒီအမျိုးသမီးနဲ့ ကလေးရဲ့ပုံကို ဒီရွာထဲမှာဘယ်သူမှမမြင်ဖူးဘူး။ မသိကြဘူးလို့ ပြောတယ်။ လူဦးရေ ၁၀၀၀၀ ဝန်းကျင်ပဲရှိတော့ သိပ်မှ မများတာ၊ သိကြမှာပဲလို့ဆိုပြီး ဆက်မေးကြည့်တယ်။ လူကြီးတွေကိုချည်းမမေးဘဲ ကလေးတွေကိုမေးကြည့်တော့ ကလေးတွေကလည်း မမြင်ဖူးဘူးလို့ ပြောတယ်။ သူတို့ပြောနေတုန်းနောက်က အသက် ၂၀ လောက်ရှိတဲ့ ကောင်လေးတစ်ယောက်က သူတို့ဘာသာစကားနဲ့ ကလေးတွေကို မြင်ဖူးတယ်လို့ ပြောလိုက်ဆိုပြီး ပြောတာကို အဲ့ဒီဘာသာစကားနားလည်တဲ့ ဆရာဝန်တစ်ယောက်က ပြန်ပြောပြတယ်။



စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ကြက်ရိုးပြင်ရွာရှိ ပြည်သူများအား တွေ့ဆုံစဉ်

**မေး။ ။ဆရာ့အနေနဲ့ လူမှုကွန်ရက်နဲ့ ပြည်ပသတင်းမီဒီယာတွေက ရေးသားထားတဲ့ အခုလိုသတင်းမျိုးကို အားလုံးသိအောင် ဘယ်လိုတုံ့ပြန်ချင်ပါလဲ။**

ဖြေ။ ။ဆိုလိုတာကတော့ ပြည်ပသတင်းစာတွေမှာ ရေးတဲ့ လူ ၁၀၀ ကျော်သေတယ်ဆိုတာတွေ၊ နောက်ပြီး အိမ်ခြေ ၇၀၀ ကျော်ကို ဖျက်ဆီးခံရတယ်ဆိုတာတွေ၊ အမျိုးသမီး ၅၀ ကျော်ကို မုဒိမ်းကျင့်တယ်ဆိုတာတွေက သူတို့ကိုယ်၌က သိသလား၊ မြင်သလားဆိုတော့ ဘယ်သူမှလည်း မသိဘူး။ ကြားတယ်ပဲ။ ဘယ်သူလဲဆိုတော့လည်း မသိကြဘူး။ သာမန်အားဖြင့် ကျွန်တော်တို့ ကော်မရှင်က ဒီကိစ္စတွေကို ဒီလောက် အသေးစိတ်ပြောဖို့စိတ်မကူးပါဘူး။ ဒါပေမယ့် အခုဖြစ်နေတာက တော်တော်လေး ဆိုးဆိုးရွားရွားရေးထားတယ်။ ကြည့်ရတာကလည်း ယုတ္တိမတန်တဲ့ဟာတွေ ရေးထားတော့ မဟုတ်တမ်းတရား ရေးထားတော့ တိုင်းပြည်ပေါ်မှာ နစ်နာစရာတွေ ဖြစ်မှာစိုးရိမ်လို့ စုံစုံစိစိစုံစမ်းမှု၊ စစ်ဆေးမှုမပြီးသေးပေမယ့် ဒီကနေ့ အခွင့်ကြုံတုန်း ပွင့်ပွင့်လင်းလင်း သိအောင်လို့ဆိုတာရယ်၊ အထူးသဖြင့် ပြည်ပသတင်းမီဒီယာတွေကလည်း ကြားတဲ့အတိုင်း အဖျက်သဘောနဲ့သတင်းဆိုးတွေက တော်တော်လေးများနေတာကြောင့်ရယ်ဆိုပြီး အားလုံးသိအောင် အခုကြိုတင်ပြောထားရခြင်းဖြစ်ပါတယ်။



ဦးထွန်းမြတ်
(အငြိမ်းစား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်)

# အများပိုင်ကုမ္ပဏီများနှင့် မြန်မာပြည်

**မောင်ငှိုကာ**

**အများပိုင်ကုမ္ပဏီများ၏ယနေ့အခြေအနေ**

အများနှင့်သက်ဆိုင်သော တစ်နည်းအားဖြင့် အများပိုင်ကုမ္ပဏီတွေဖွဲ့စည်းတည်ထောင်မှုကို ၂၀၁၂ ခုနှစ်မှာလိုအပ်တဲ့အရည်အချင်း သတ်မှတ်ချက်တွေပြဋ္ဌာန်းပြီး ခွင့်ပြုခဲ့ပါတယ်။ ဒီလိုခွင့်ပြုပေးခဲ့တဲ့အတွက် ၂၀၁၂ ခုနှစ်မတိုင်ခင်က အများပိုင်ကုမ္ပဏီ ၂၁ ခုသာရှိခဲ့ရာမှ ယနေ့အချိန်မှာ အများပိုင်ကုမ္ပဏီစုစုပေါင်း ၂၆၃ ခု အထိ မြန်ဆန်စွာ အရေအတွက်တွေ တိုးတက်လာခဲ့ပါတယ်။ ဒီလိုတိုးတက်မှုဟာ ကောင်းသလိုလို ထင်ရပေမယ့် အများပြည်သူအတွက် အန္တရာယ်ရှိလာနိုင်တာကိုလည်း တွေ့နေရပါတယ်။

**အယူအဆအလွဲများ**

မကြာခင်ရက်ပိုင်းက ပြည်တွင်းသတင်းမီဒီယာအများအပြားမှာ စီးပွားရေးလုပ်ငန်းတချို့အများပိုင်ကုမ္ပဏီတွေထူထောင်စေပြီးမှ ဆောင်ရွက်သွားမယ်ဆိုတဲ့သတင်း၊ အစိုးရတင်ဒါအချို့ခေါ်ယူရာမှာ အများပိုင်ကုမ္ပဏီဖြစ်ရမယ်ဆိုတဲ့ကန့်သတ်ချက်၊ အချို့ကိစ္စရပ်တွေမှာ အများပိုင်ကုမ္ပဏီတွေကိုဦးစားပေးသွားမယ်ဆိုတဲ့လိုလားချက် စတာတွေဟာ စီးပွားရေးလုပ်ငန်းတွေကို ကုမ္ပဏီတစ်ခု၊ တစ်စုံတစ်ဦးကလက်ဝါးကြီးအုပ်တာမျိုးခွင့်မပြုဘဲ ပြည်သူလူထုအားလုံး မျှတစွာအကျိုးခံစားခွင့် ရရှိစေနိုင်မယ်လို့ သီအိုရီအရကြည့်ရင် မှန်သယောင်ယောင်ရှိပါတယ်။ ဒါပေမယ့် လက်တွေ့မှာ လွဲမှားတဲ့ အယူအဆလည်းဖြစ်ပါတယ်။

**အများပိုင်ဆိုတာဘာလဲ**

၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ(အများပိုင်ကုမ္ပဏီ)နဲ့ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတို့ဟာ အခွင့်အလမ်းကွာခြားခြင်းမရှိဘဲ အားလုံးအတူတူပဲဖြစ်ပါတယ်။ အဓိကကွဲပြားချက်တွေကတော့ အောက်ပါအတိုင်းပဲဖြစ်ပါတယ်-

**(၁)အနည်းဆုံးရှယ်ယာဝင်အရေအတွက်**

အများနှင့် မသက်ဆိုင်တဲ့ကုမ္ပဏီမှာ အနည်းဆုံးရှယ်ယာဝင်အရေအတွက် နှစ်ဦးလိုအပ်ပြီး အများပိုင်ကုမ္ပဏီမှာတော့ ရှယ်ယာဝင်ခုနစ်ဦး အနည်းဆုံးရှိရမှာဖြစ်ပါတယ်။

**(၂)အများဆုံးရှယ်ယာဝင်အရေအတွက်**

အများနှင့် မသက်ဆိုင်တဲ့ကုမ္ပဏီမှာ အများဆုံးရှယ်ယာဝင်အရေအတွက် ၅၀ အထိသာခွင့်ပြုပေမယ့် အများပိုင်ကုမ္ပဏီမှာတော့ ရှယ်ယာဝင်အရေအတွက် ကန့်သတ်ချက်မရှိပါ။

**(၃)ဒါရိုက်တာဦးရေ**

အများနှင့်မသက်ဆိုင်တဲ့ကုမ္ပဏီမှာ ဒါရိုက်တာဦးရေနှစ်ဦး အနည်းဆုံးလိုအပ်ပြီး အများပိုင်ကုမ္ပဏီမှာတော့ ဒါရိုက်တာသုံးဦး အနည်းဆုံးရှိရမှာဖြစ်ပါတယ်။

**(၄)အစုရှယ်ယာများလွှဲပြောင်းခွင့်**

အများနှင့်မသက်ဆိုင်တဲ့ကုမ္ပဏီတစ်ခုရဲ့ အစုရှယ်ယာတွေကို လွတ်လပ်စွာလွှဲပြောင်းခွင့်မပြုပေမယ့် အများပိုင်ကုမ္ပဏီတွေရဲ့ရှယ်ယာလွှဲပြောင်းခွင့်မှာတော့ ကန့်သတ်ချက်မထားရှိပါ။

**(၅)အလားအလာညွှန်းတမ်း (Prospectus) ထုတ်ပြန်ခြင်း**

အများနှင့်မသက်ဆိုင်သော ကုမ္ပဏီရဲ့ရှယ်ယာတွေကို အများပြည်သူကို ထုတ်ဝေရောင်းချခွင့်မပြုတဲ့အပြင် အလားအလာညွှန်းတမ်းကိုလည်း ထုတ်ပြန်ခွင့်မပြုပါ။ ဒါပေမယ့် အများပိုင်ကုမ္ပဏီကတော့ အများပြည်သူကို ရှယ်ယာထုတ်ဝေရောင်းချခွင့်နဲ့ အလားအလာညွှန်းတမ်း ထုတ်ပြန်ခွင့်ရှိပါတယ်။

**(၆) စီးပွားရေးလုပ်ငန်းစတင်ခြင်း**

အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုအနေနဲ့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးတာနဲ့ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့်ရှိပေမယ့် အများပိုင်ကုမ္ပဏီတစ်ခုကတော့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနဲ့အညီ စီးပွားရေးလုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်ရရှိပြီးမှသာ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရှိပါ တယ်။

**(၇) ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေး (Statutory Meeting) ကျင်းပခြင်း**

အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုအနေနဲ့ ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေးခေါ်ယူရန်မလိုအပ်ပေမယ့် အများပိုင်ကုမ္ပဏီတစ်ခုကတော့ ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေးခေါ်ယူဖို့နဲ့ အစည်းအဝေးမှတ်တမ်းကို ကုမ္ပဏီမှတ်ပုံတင်အရာရှိထံ ပုံမှန်ပေးပို့ဖို့ လိုအပ်ပါတယ်။

အများပိုင်ကုမ္ပဏီရဲ့အားသာချက်ကတော့ အစုရှယ်ယာဝင်ဦးရေ ကန့်သတ်ချက်မရှိတဲ့အတွက် ကုမ္ပဏီအနေနဲ့ မိမိရဲ့ စီးပွားရေးလုပ်ငန်း ချဲ့ထွင်ဖို့အတွက် အရင်းအနှီးစုဆောင်းချဲ့ထွင်ခြင်းကို အကန့်အသတ်မရှိ ဆောင်ရွက်ခွင့်ရှိတာပါပဲ။ ဒါပေမယ့် အများပိုင်ကုမ္ပဏီတစ်ခုရဲ့ စီးပွားရေးလုပ်ငန်းတွေ ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ခဲ့ရင် ရှယ်ယာထည့်ဝင်ထားတဲ့ အများပြည်သူ ထိခိုက်နစ်နာမှုရှိမှာ ဖြစ်ပါတယ်။

**ထိန်းကျောင်းမှုများ**

ဒါကြောင့် အများပိုင်ကုမ္ပဏီတွေကို စည်းမျဉ်းစည်းကမ်းတင်းကျပ်စွာ ထိန်းကျောင်းလေ့ရှိပြီး အဆိုပါကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ ငွေရေးကြေးရေးအခြေအနေနဲ့ အခြားကိစ္စအဝဝကို ရှယ်ယာဝင်အားလုံးအပါအဝင် အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာပေးရပါတယ်။ နိုင်ငံအများစုမှာ အများပိုင်ကုမ္ပဏီတွေ ရှယ်ယာထုတ်ဝေရောင်းချခြင်းကို စတော့အိတ်ချိန်းတွေမှာ စာရင်းဝင်ဖြစ်ပြီးမှ ရောင်းချခွင့်ပြုလေ့ရှိပြီး ဒီလိုရောင်းချနိုင်ဖို့အတွက် IPO (Initial Public Offering) ဆိုတဲ့ လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ရပါတယ်။ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာဖို့အတွက် အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ်ကနေစတင်ရပြီး အဆိုပါကုမ္ပဏီဟာ ဝင်ငွေရလမ်းကောင်းမွန်မှုနှင့် အကျိုးအမြတ်ရရှိမှုတို့ကို ပြသနိုင်ရန်လိုအပ်ပါတယ်။ ဒါကြောင့် အများပိုင်အဖြစ်ပြောင်းလဲဆောင်ရွက်တဲ့ကုမ္ပဏီတွေဟာ ကောင်းစွာထူထောင်လည်ပတ် အကျိုးအမြတ်ရရှိနေပြီး ယှဉ်ပြိုင်နိုင်စွမ်းကောင်းတဲ့ကုမ္ပဏီတွေ ဖြစ်ကြပါတယ်။ ပြန်လည်သုံးသပ်ကြည့်ရင် **အများပိုင်ကုမ္ပဏီအဖြစ် တိုက်ရိုက်ထူထောင်လေ့မရှိကြဘဲ စီးပွားရေးအရ အကျိုးအမြတ်အားကောင်းပြီး လုပ်ငန်းချဲ့ထွင်နိုင်မယ့် အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီများကသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲထူထောင်လေ့ရှိကြပါတယ်။**

အမေရိကန်နိုင်ငံမှာ ကျင့်သုံးဆောင်ရွက်မှုကို ဥပမာအနေနဲ့တင်ပြရရင် အများနှင့်မသက်ဆိုင်တဲ့ကုမ္ပဏီတစ်ခုဟာ တစ်နှစ်ဝင်ငွေ အနည်းဆုံးဒေါ်လာသန်း ၁၀၀ ရှိပြီး ခြောက်လဆက်တိုက် အမြတ်အစွန်းပေါ်ပေါက်မှသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါတယ်။ ယေဘုယျအားဖြင့် နိုင်ငံအများစုမှာ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာဖို့အတွက် အောက်ဖော်ပြပါ စံနှုန်းသတ်မှတ်ချက်တွေကိုလည်း သတ်မှတ်လေ့ရှိကြပါတယ်-

(၁) အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်း မှတ်တမ်းအခိုင်အမာရှိခြင်း။
(၂) ဝင်ငွေတိုးတက်ကောင်းမွန်ကြောင်း သက်သေပြနိုင်ခြင်း။
(၃) အနာဂတ်တိုးတက်မှုအတွက် အလားအလာကောင်းရှိကြောင်း ပြသနိုင်ခြင်း။
(၄) စဉ်ဆက်မပြတ်ဈေးကွက်ဝင်ရောက်နိုင်ခြင်း။
(၅) ကုမ္ပဏီရဲ့စီမံအုပ်ချုပ်မှုနှင့် စာရင်းအင်းထိန်းသိမ်းဆောင်ရွက်မှု ကောင်းမွန်ခြင်း။
(၆) အရည်အသွေးမြင့်မားတဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ရှိခြင်းတို့ ဖြစ်ပါတယ်။

ကုမ္ပဏီတိုင်းဟာ အထက်ကအခြေအနေခြောက်ရပ်နဲ့ ပြည့်စုံဖို့ခဲယဉ်းတဲ့အတွက် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာဖို့လည်း မလွယ်ကူလှပါဘူး။ တစ်ဖက်ကပြန်ကြည့်ရင် ကမ္ဘာပေါ်တွင် အောင်မြင်နေတဲ့ ကုမ္ပဏီကြီးအများစုဟာ အများနဲ့မသက်ဆိုင်တဲ့ ကုမ္ပဏီတွေဖြစ်တယ်ဆိုတာလည်း တွေ့ရပါတယ်။ ဒါကြောင့် အများနှင့်မသက်ဆိုင်တဲ့ကုမ္ပဏီတစ်ခုဟာ ကုမ္ပဏီကြီးတစ်ခုဖြစ်ဖို့ အလားအလာမရှိဘူးဆိုတဲ့ အယူအဆဟာလည်း မှန်ကန်မှုမရှိပါဘူး။ ဥပမာအားဖြင့် DELL ကုမ္ပဏီဟာ အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ တစ်နှစ်တာရောင်းရငွေ အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံရှိခဲ့ပါတယ်။ မုန့်မျိုးစုံနဲ့ တိရစ္ဆာန်အစားအစာတွေ၊ စားသောက်ကုန်တွေရောင်းချတဲ့ Mars ကုမ္ပဏီဟာလည်း အများနှင့်မသက်ဆိုင်တဲ့ကုမ္ပဏီဖြစ်ပြီး ၂၀၁၅ ခုနှစ် တစ်နှစ်တာရောင်းရငွေ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရှိခဲ့ပါတယ်။

**အများပိုင်ကုမ္ပဏီတစ်ခုရဲ့အားနည်းချက်များ**

အများပိုင်ကုမ္ပဏီတွေမှာ အကဲမသာတဲ့အချက်တွေရှိတဲ့အနက် ပထမဆုံးအားနည်းချက်ကတော့ အကယ်၍များ အခြားရှယ်ယာပိုင်ရှင်တွေက ကုမ္ပဏီရဲ့ရှယ်ယာအများစုကို ပိုင်ဆိုင်သွားတဲ့အခါ ဒါရိုက်တာအဖွဲ့ကို ရွေးချယ်နိုင်ခွင့်ပိုမိုရရှိသွားတဲ့အတွက် မူရင်းပိုင်ရှင်တွေဟာ ကုမ္ပဏီအပေါ်မှာ ထိန်းချုပ်နိုင်ခွင့် ဆုံးရှုံးသွားတာပါပဲ။ ဒီအခြေအနေက ကုမ္ပဏီရှယ်ယာပိုင်ရှင်များအကြားမှာ အငြင်းပွားမှုကိုပေါ်ပေါက်စေလေ့ရှိပါတယ်။ နောက်တစ်ချက်ကတော့ အများပိုင်ကုမ္ပဏီဟာ သူ့ရဲ့ရှယ်ယာရှင်တွေကို လုပ်ငန်းရဲ့အကျိုးအမြတ်နဲ့ အခြေအနေအရပ်ရပ်ကို မပျက်မကွက်အသိပေးဖို့၊ နှစ်စဉ်နှစ်ပတ်လည် ရှင်းတမ်းအသေးစိတ်ထုတ်ပြန်ပြီး အများပြည်သူကို ချပြဖို့လိုအပ်တာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာမှာ ပြောင်းလွယ်ပြင်လွယ်ရှိမှု ဆုံးရှုံးသွားတာပါ။ ရင်းနှီးမြှုပ်နှံသူတွေဟာ ကုမ္ပဏီရဲ့ အကျိုးအမြတ်ရရှိမှုကို တစိုက်မတ်မတ်စောင့်ကြည့်နေလေ့ရှိတဲ့အတွက် ဒါရိုက်တာအဖွဲ့နဲ့ စီမံအုပ်ချုပ်သူတွေအပေါ် ဖိအားဖြစ်စေပြီး ၎င်းတို့အနေနဲ့ ရေတိုအကျိုးအမြတ်ရရှိရေးကို ပိုမိုအာရုံစူးစိုက်နေရတဲ့အတွက် ရေရှည်မှသာအကျိုးအမြတ်ရရှိမယ့်လုပ်ငန်းတွေကို လက်လွှတ်ဆုံးရှုံးရလေ့ရှိတာပါပဲ။

**ဘယ်လိုလုပ်သင့်သလဲ**

ဒါကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ပတ်သက်ပြီး ဘာမှအခြေမတည်ရသေးခင်မှာ အများပိုင်ကုမ္ပဏီအဖြစ် မထူထောင်ကြဖို့ပါပဲ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုဟာ အစုရှယ်ယာရှင် ၅၀ အထိပါဝင်ခွင့်ရှိတဲ့အတွက် စတင်ထူထောင်မယ့် လုပ်ငန်းသစ်တစ်ခုအတွက် လုံလောက်တဲ့ရှယ်ယာရှင်များနဲ့ ဖွဲ့စည်းနိုင်ပါတယ်။ ဒီလိုဖွဲ့စည်းထားတဲ့ကုမ္ပဏီတွေနဲ့ စီးပွားရေးလုပ်ငန်း အခြေတည်မိပြီး အကျိုးအမြတ်ပိုမိုရရှိဖို့ လုပ်ငန်းချဲ့ထွင်နိုင်ရန်လိုအပ်လာတဲ့အခါမှသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းသင့်မပြောင်းသင့် စဉ်းစားဆုံးဖြတ်ပြီး ဆောင်ရွက်သင့်ပါတယ်။ စီးပွားရေးလုပ်ငန်းသစ်တစ်ခုကို အများပိုင်ကုမ္ပဏီထူထောင်ပြီး စတင်ဆောင်ရွက်ခြင်းဟာ အန္တရာယ်ကြီးမားပြီး အကျိုးအမြတ်ရနိုင်ခြေ နည်းပါးပါတယ်။

**မြန်မာအများပိုင်ကုမ္ပဏီများ**

မြန်မာပြည်မှာ ထူထောင်ထားတဲ့ အများပိုင်ကုမ္ပဏီအများစုဟာ တိုက်ရိုက်အများပိုင်ထူထောင်ထားတဲ့ ကုမ္ပဏီတွေဖြစ်ပြီး အဆိုပါကုမ္ပဏီတွေဟာ စီးပွားရေးနဲ့ပတ်သက်တဲ့ ဝင်ငွေအကျိုးအမြတ် သမိုင်းကြောင်း၊ ဈေးကွက်ဝေစုရရှိမှု၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အလားအလာ ဘာမျှခိုင်ခိုင်မာမာမရှိသေးဘဲ ထူထောင်ထားကြတာကို တွေ့ရပါတယ်။ ဒီကုမ္ပဏီတွေမှာ စွမ်းဆောင်ချက်ကိုလည်း ရေရေရာရာမပြနိုင်ကြသေးတဲ့အတွက် ဒီလိုအများပိုင်ကုမ္ပဏီတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြတဲ့ အများပြည်သူအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ရတာနဲ့မတူဘဲ ထီထိုးရသလို ဖြစ်နေပါတယ်။ အများပြည်သူအနေနဲ့ အဆိုပါကုမ္ပဏီတွေရဲ့ ဈေးကွက်တန်ဖိုး၊ ရှယ်ယာတန်ဖိုးကို တိတိကျကျမသိရဘဲ ဝင်ရောက်ရင်းနှီးမြှုပ်နှံနေရတာ အန္တရာယ်များလှပါတယ်။ မြန်မာနိုင်ငံလို စီးပွားရေးအသွင်ကူးပြောင်းဆဲနိုင်ငံတစ်ခုအနေနဲ့ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းထူထောင်မှုအပေါ်မှာ အစိုးရပိုင်းကရော၊ အများပြည်သူကပါ အယူအဆအလွဲတွေ မပေါ်ပေါက်မိဖို့အရေးကြီးလှပါတယ်။ ။

**အများပိုင်ကုမ္ပဏီတွေမှာ အကဲမသာတဲ့အချက်တွေရှိတဲ့အနက် ပထမဆုံး အားနည်းချက်ကတော့ အကယ်၍များ အခြားရှယ်ယာပိုင်ရှင်တွေက ကုမ္ပဏီရဲ့ ရှယ်ယာအများစုကိုပိုင်ဆိုင်သွားတဲ့အခါ ဒါရိုက်တာအဖွဲ့ကို ရွေးချယ်နိုင်ခွင့် ပိုမိုရရှိသွားတဲ့အတွက် မူရင်းပိုင်ရှင်တွေဟာ ကုမ္ပဏီ အပေါ်မှာ ထိန်းချုပ်နိုင်ခွင့် ဆုံးရှုံးသွားတာပါပဲ**

# ဂျပန်နိုင်ငံ၌ခေတ်စားနေသော ချိုးရုပ်ပလွေဖြင့်ဖျော်ဖြေ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း (SEDA) နှင့် ဂျပန်နိုင်ငံမှ မစ္စတာအဲနာမီတာရော့ ဦးဆောင်သောရိုးရာယဉ်ကျေးမှုအဖွဲ့တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ-ဂျပန် ယဉ်ကျေးမှုဖလှယ်မှု အစီအစဉ်တစ်ရပ်ကို ဒီဇင်ဘာ ၁၂ ရက် က ရန်ကုန်မြို့ဗိုလ်တထောင် အထက(၆)ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်တထောင် အထက(၆)မှ ကျောင်းသားလေးများက မြန်မာ့ရိုးရာဆိုင်းဝိုင်းဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ခဲ့ပြီး ဂျပန်နိုင်ငံမှ မစ္စတာအဲနာမီတာရော့ ဦးဆောင်သော ဂျပန်ရိုးရာယဉ်ကျေးမှုအဖွဲ့က ချိုးရုပ်ပလွေများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြောင်း၊ ယင်း ဂျပန်ရိုးရာယဉ်ကျေးမှုအဖွဲ့က ကျောင်းသားလေးများအား ချိုးရုပ်ပလွေများ လှူဒါန်းပေးအပ်ခဲ့ပြီး ချိုးရုပ်ပလွေမှုတ်ပုံများကိုလည်း သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းအနေနဲ့ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာမှာ ဒီကနေ့မှာတော့ ဂျပန်နိုင်ငံမှာ ရေပန်းစားနေတဲ့ချိုးရုပ်ပုလွေနဲ့ဂီတဖျော်ဖြေမှုတွေကို ရန်ကုန်မြို့မှာရှိတဲ့ အခြေခံပညာ ကျောင်းနှစ်ကျောင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြန်မာ-ဂျပန် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းမှ ဦးဌေးအောင်မိုးက ပြောသည်။

"ကျွန်တော်တို့ ဒီချိုးရုပ်ပလွေတူရိယာပစ္စည်းလေးရဲ့ မူလဇာစ်မြစ်ကတော့ အီတလီနိုင်ငံမှဖြစ်ပါတယ်။ ဂျပန်နိုင်ငံသို့ လွန်ခဲ့တဲ့အနှစ် ၅၀ လောက်က စတင်ရောက်ရှိလာပြီး လွန်ခဲ့တဲ့အနှစ် ၂၀ အတွင်းမှာတော့ လူကြိုက်များတဲ့ တူရိယာတစ်မျိုးဖြစ်လာခဲ့ပါတယ်။ အခုအခါ မှာတော့ အသက်အရွယ်ကြီးရင့်တဲ့သူတွေက ဒီတူရိယာကိုအသုံးပြုပြီး သာယာနာပျော်ဖွယ်တီးမှုတ်အသုံးပြုကြလေ့ရှိပါတယ်" ဟု မစ္စတာ အဲနာမီတာရော့က




ပြောသည်။

အဆိုပါ ဂျပန်ယဉ်ကျေးမှုအဖွဲ့သည်မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဗိုလ်တထောင် အထက(၆)အပြင် ယင်းနေ့နံနက်ပိုင်းက တီတီစီကျောင်း၌လည်း မြန်မာ-ဂျပန်ယဉ်ကျေးမှုဖလှယ်ရေး ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့ကာချိုးရုပ်ပလွေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ မီးရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်ကောင်းမွန်စေရေး လုပ်ငန်းများအတွက် ဂျပန်ယန်း သန်း ၉၃၉၇၀ သုံးစွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့တွင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အတည်ပြုရာတွင် လွှတ်တော်က ဝန်ကြီးဌာနများ၏ အသုံးစရိတ်များကို လျှော့ချအတည်ပြုခဲ့သည်။

ယင်းသို့အတည်ပြုရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေကျပ် ၂၀၂၀ ဒသမ ၄၈၅ သန်းမှ ငွေကျပ်သန်း ၁၀၀၀ လျှော့ချရန်၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ငွေကျပ် ၃၆၉၂၈ ဒသမ ၅၇၉ သန်းမှ ငွေကျပ် ၉၀၇၈ ဒသမ ၁၈၄ သန်း လျှော့ချရန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ငွေကျပ် ၃၅၅၅ သန်းမှ ငွေကျပ် ၅၉၂ ဒသမ ၅၀၀ သန်း လျှော့ချရန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ငွေကျပ် ၉၉ ဒသမ ၂၁၅ သန်းမှ ငွေကျပ် ၂၁ ဒသမ ၀၈၄ သန်း လျှော့ချရန်၊ စက်မှုဝန်ကြီးဌာန၏ ငွေကျပ် ၁၃၂ ဒသမ ၁၆၅ သန်းမှ ငွေကျပ် ၂၄ ဒသမ ၉၇၅ သန်း လျှော့ချရန်၊ ပညာရေးဝန်ကြီးဌာန၏ ငွေကျပ် ၅၀၉၄၆ ဒသမ ၁၄၄ သန်းမှ ငွေကျပ် ၂၄၆ ဒသမ ၉၅၄ သန်း လျှော့ချရန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သာမန်သုံးငွေ ငွေကျပ် ၂၂၈၄၃၆ ဒသမ ၆၉၁ သန်းမှ ငွေကျပ်သန်း ၄၀ လျှော့ချရန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းသုံးငွေ ငွေကျပ်၁၂၃၈ ဒသမ ၇၂၃ သန်းမှ ငွေကျပ် ၃၅ သန်းလျှော့ချရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏သာမန်သုံးငွေ ငွေကျပ် ၁၃၄၆ ဒသမ ၃၂၃ သန်းမှ ငွေကျပ် ၂၆၁ ဒသမ ၀၃၃ သန်း လျှော့ချရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းသုံးငွေ ငွေကျပ် ၅၀၂၅၇ ဒသမ ၈၀၈ သန်းမှ ငွေကျပ်သန်း ၂၃၀၀ လျှော့ချရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ငွေကျပ် ၅၂၀ ဒသမ ၇၆၀ သန်းမှ ငွေကျပ် ၁၉ ဒသမ ၉၂၉ သန်း လျှော့ချရန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေကျပ် ၂၀၂၈၉ ဒသမ ၇၆၁ သန်းမှ ငွေကျပ် ၅၆၁ ဒသမ ၉၈၂ သန်း လျှော့ချရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ငွေကျပ် ၄၆၉၀ ဒသမ ၃၈၆ သန်းမှ ငွေကျပ် ၁၅၉၄ ဒသမ ၈၄၈ သန်း လျှော့ချရန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကျပ် ၁၃၀၂၅၄ ဒသမ ၆၄၈ သန်းမှ ငွေကျပ် ၅၄၆၆၈ ဒသမ ၉၁၀ သန်း လျှော့ချရန် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် လွှတ်တော်က **အမျိုးသားရေဥပဒေပြဋ္ဌာန်းရေးအတွက် မြန်မာနိုင်ငံတော် အမျိုးသားအဆင့်ရေမူဝါဒ (Myanmar National Water Policy)**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တင်သွင်းသည့် လေ့လာတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက် အစီရင်ခံစာကို မှတ်တမ်းတင်သည်။

ထို့နောက် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီများ၏ အစီရင်ခံစာပါမှုနှင့် အခြေခံသဘောအကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘော ဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြသည်။

ထိုသို့ ရှင်းလင်းရာတွင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ပြည်သူ့ငွေစာရင်း



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ ပထမခြောက်လ ဆောင်ရွက်နိုင်မှုအခြေအနေအပေါ် သုံးသပ်တင်ပြချက်နှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ရည်မှန်းချက်ပြည့်မီနိုင်ရေး ဒုတိယခြောက်လကာလအတွင်း ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုထားသည့် လုပ်ငန်းများ အချိန်မီတင်ဒါခေါ်ယူဆောင်ရွက်ရန် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများသို့ ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အကျိုးရှိရှိသုံးစွဲကြရန်၊ သုံးစွဲမှုများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုကိုမြှင့်တင်ပြီး စောင့်ကြည့်မှုခံယူနိုင်ရန်၊ နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်း၊ ဘတ်ဂျက်များဖြစ်ရန်၊ အစိုးရဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်သိမှုအပြည့်အဝရှိရန်၊ ပြည်သူ့ဘဏ္ဍာငွေများကို ကိုင်တွယ်သုံးစွဲကြရာတွင် ပြည်သူ့အကျိုးအတွက် စနစ်တကျရှိရန်၊ ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲကြရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာသုံးစွဲကြရန် ညွှန်ကြားချက်ထုတ်ပြန်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် သုံးစွဲနိုင်ခြင်းမရှိသည့် အသုံးစရိတ်များကို အချိန်မီပြန်လည်အပ်နှံရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်းသန်း ၉၃၉၇၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါ ချေးငွေဂျပန်ယန်း သန်း ၉၃၉၇၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီး၌ အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ပြုပြင်ရေးစီမံကိန်းများအတွက် ဂျပန် ယန်း ၂၃၉၇၉ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရန်ကုန်-မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ရန် ဂျပန်ယန်း သန်း ၂၅၀၀၀၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်ယန်း ၁၅၁၃၅ သန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်ယန်း ၄၈၅၆ သန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တော်ရေပေးဝေရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်ယန်း သန်း ၂၅၀၀၀ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး အဆိုပါအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ (၆/၂၀၁၆)ကို ကော်မတီဝင် ဒေါက်တာ စိန်ရွှေရွှေလတ်က ဖတ်ကြားတင်ပြသည်။

ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာ**ကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး အဆိုပါအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ(၇/၂၀၁၆)ကို ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးခင်မောင်သန်းက ဖတ်ကြားတင်ပြခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ပြည်ထဲရေးဝန်ကြီးဌာနရှိ မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းတင်ပြသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်း ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဆိုပါချေးငွေ ချေးယူခွင့်ရရှိပါက လုပ်ကွက်ငယ်တောင်သူများ၏ လယ်ယာစိုက်ပျိုးလုပ်ကိုင်ခြင်းကို စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်၍ စီးပွားဖြစ်လယ်ယာလုပ်ငန်းအဖြစ် မြှင့်တင်ပေးနိုင်ခြင်း၊ လယ်ယာ-သစ်တော ရောနှောစိုက်ပျိုးလုပ်ကိုင်သူမိသားစုများ၏ လူနေမှုအဆင့်အတန်း တိုးတက်စေနိုင်ခြင်း၊ ကုန်းမြင့်တောင်စောင်းဧရိယာများရှိ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးနေမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ခြင်း အကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး လာရောက်တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်သည် ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးအတွက် မူဝါဒ ၆ ရပ် ချမှတ်ဆောင်ရွက်နေမှု ၊ NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် လက်ကမ်းကြိုဆိုထားရှိမှု၊ အရှေ့မြောက်ဒေသတိုက်ပွဲဖြစ်စဉ်များ၌ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမှု၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဒုတိယသမ္မတ (၁) ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် သွားရောက်စုံစမ်းစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များအပြင် ပဋိပက္ခများ ဖြေရှင်းဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## CDNH အဖွဲ့က ရမ်းဗြဲမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကျောက်ဖြူ ဒီဇင်ဘာ ၁၃**

ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH)သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ခွင့်ပြုချက် ဖြင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ဒီဇင်ဘာ ၁၃ ရက်က ရမ်းဗြဲမြို့ မြို့မဓမ္မာရုံရှေ့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ယင်းဟောပြောပွဲကို ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လူမှုအဖွဲ့အစည်းများရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိစေရန် ရည်ရွယ်ချက်ဖြင့် လူထုအသိပညာပေးလှုပ်ရှားမှုတစ်ရပ်ကို ပြုလုပ်ပေးခြင်းဖြစ်သည်။ ၎င်း CDNH အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းမှ မြို့နယ်များသို့လည်း သွားရောက်ဟောပြောအသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေး



**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် NV Card ထုတ်ပေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းများအောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ WFP အစီအစဉ်ဖြင့် စားနပ်ရိက္ခာများထောက်ပံ့

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ WFP အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိဒေသများသို့ ဒီဇင်ဘာလအတွင်း သယ်ယူပို့ဆောင်မည့် စားနပ်ရိက္ခာများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ WEP အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိဒေသများသို့ သယ်ယူပို့ဆောင်မည့် စားနပ်ရိက္ခာများ**

| ရက်စွဲ | | ကျေးရွာ | ဆန် | ပဲ | ဆီ | ဆား | WSB+ | WSB++ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁၇-၁၂-၂၀၁၆ | | သဲချောင်း | ၁၇.၉၆၈ | ၂.၃၉၆ | ၁.၁၉၈ | ၀.၂၀၀ | ၀.၁၀၂ | ၀.၇၆၂ | ၂၂.၆၂၆ |
| ၁၇-၁၂-၂၀၁၆ | | ဒါဘိုင်း | ၁၃.၀၂၇ | ၁.၇၃၇ | ၀.၈၆၉ | ၀.၁၄၅ | ၀.၀၇၈ | ၀.၃၃၀ | ၁၆.၁၈၆ |
| ၁၇-၁၂-၂၀၁၆ | | ဘော်ဒူဖား | ၁၃.၄၀၆ | ၁.၇၈၇ | ၀.၈၉၄ | ၀.၁၄၉ | ၀.၀၃၃ | ၀.၁၃၂ | ၁၆.၄၀၁ |
| ၁၇-၁၂-၂၀၁၆ | | ပေါက်တော | ၁၉.၂၆၅ | ၂.၅၆၉ | ၁.၂၈၄ | ၀.၂၁၄ | ၀.၁၂၆ | ၀.၃၄၅ | ၂၃.၈၀၃ |
| ၁၇-၁၂-၂၀၁၆ | | အုန်းတောကြီး (၅) | ၁၇.၅၅၀ | ၂.၃၄၀ | ၁.၁၇၀ | ၀.၁၉၅ | ၀.၂၇၀ | ၀.၇၈၉ | ၂၂.၃၁၄ |
| ၁၇-၁၂-၂၀၁၆ | | အုန်းတောကြီး (၄) | ၁၁.၉၂၁ | ၁.၅၈၉ | ၀.၇၉၅ | ၀.၁၃၂ | ၀.၂၉၇ | ၀.၈၀၄ | ၁၅.၅၃၈ |
| ၆ ရက်မြောက်နေ့ စုစုပေါင်း | | | ၉၃.၁၃၇ | ၁၂.၄၁၈ | ၆.၂၁၀ | ၁.၀၃၅ | ၀.၉၀၆ | ၃.၁၆၂ | ၁၁၆.၈၆၈ |
| ၁၉-၁၂-၂၀၁၆ | | သဲချောင်း | ၃၁.၃၂၀ | ၄.၁၇၆ | ၂.၀၈၈ | ၀.၃၄၈ | ၀.၁၈၆ | ၀.၈၁၉ | ၃၈.၉၃၇ |
| ၁၉-၁၂-၂၀၁၆ | | ဒါဘိုင်း | ၁၁.၃၈၁ | ၁.၅၁၇ | ၀.၇၅၉ | ၀.၁၂၆ | ၀.၀၇၅ | ၀.၃၆၆ | ၁၄.၂၂၄ |
| ၁၉-၁၂-၂၀၁၆ | | ဘော်ဒူဖား | ၁၄.၇၅၆ | ၁.၉၆၇ | ၀.၉၈၄ | ၀.၁၆၄ | ၀.၀၉၃ | ၀.၀၀၀ | ၁၇.၉၆၄ |
| ၁၉-၁၂-၂၀၁၆ | | ပေါက်တော | ၇.၃၉၈ | ၀.၉၈၆ | ၀.၄၉၃ | ၀.၀၈၂ | ၀.၂၂၂ | ၀.၁၅၉ | ၉.၃၄၀ |
| ၁၉-၁၂-၂၀၁၆ | | ဆေးသမကြီး | ၈.၇၈၉ | ၁.၁၇၂ | ၀.၅၈၆ | ၀.၀၉၈ | ၀.၀၉၉ | ၀.၀၉၀ | ၁၀.၈၃၄ |
| ၁၉-၁၂-၂၀၁၆ | | အုန်းတောကြီး (၄) | ၉.၂၇၅ | ၁.၂၃၇ | ၀.၆၁၈ | ၀.၁၀၃ | ၀.၁၆၈ | ၀.၅၁၀ | ၁၁.၉၁၁ |
| ၁၉-၁၂-၂၀၁၆ | | သက်ကယ်ပြင် | ၃၁.၃၂၀ | ၄.၁၇၆ | ၂.၀၈၈ | ၀.၃၄၉ | ၀.၃၂၁ | ၀.၉၃၃ | ၃၉.၁၈၇ |
| ၇ ရက်မြောက်နေ့ စုစုပေါင်း | | | ၁၁၄.၂၃၉ | ၁၅.၂၃၁ | ၇.၆၁၆ | ၁.၂၇၀ | ၁.၁၆၄ | ၂.၈၇၇ | ၁၄၂.၃၉၇ |
| ၂၀-၁၂-၂၀၁၆ | | သက်ကယ်ပြင် | ၃၃.၀၆၂ | ၄.၄၀၈ | ၂.၂၀၄ | ၀.၃၆၇ | ၀.၃၅၇ | ၀.၈၁၆ | ၄၁.၂၁၄ |
| ၂၀-၁၂-၂၀၁၆ | | သိန်းဘုန်းတန် | ၀.၃၆၅ | ၀.၀၄၉ | ၀.၀၂၄ | ၀.၀၀၄ | ၀.၀၀၃ | ၀.၀၀၃ | ၀.၄၄၈ |
| ၈ ရက်မြောက်နေ့ စုစုပေါင်း | | | ၃၃.၄၂၇ | ၄.၄၅၇ | ၂.၂၂၈ | ၀.၃၇၁ | ၀.၃၆၀ | ၀.၈၁၉ | ၄၁.၆၆၂ |
| ၂၁-၁၂-၂၀၁၆ | | သဲချောင်း | ၁၈.၂၃၉ | ၂.၄၃၂ | ၁.၂၁၆ | ၀.၂၀၃ | ၀.၉၀၆ | ၀.၂၉၁ | ၂၂.၄၇၇ |
| ၂၁-၁၂-၂၀၁၆ | | ဒါဘိုင်း | ၁၁.၄၂၁ | ၁.၅၂၃ | ၀.၇၆၁ | ၀.၁၂၇ | ၀.၀၇၅ | ၀.၃၀၃ | ၁၄.၂၁၀ |
| ၂၁-၁၂-၂၀၁၆ | | ဘော်ဒူဖား | ၁၅.၀၁၂ | ၂.၀၀၂ | ၁.၀၀၀ | ၀.၁၆၇ | ၀.၉၂၁ | ၀.၀၀၀ | ၁၉.၁၀၂ |
| ၂၁-၁၂-၂၀၁၆ | | ဆေးသမကြီး | ၁၃.၈၃၈ | ၁.၈၄၅ | ၀.၉၂၃ | ၀.၁၅၄ | ၀.၀၉၀ | ၀.၄၂၆ | ၁၇.၂၇၆ |
| ၉ ရက်မြောက်နေ့ စုစုပေါင်း | | | ၅၈.၅၁၀ | ၇.၈၀၂ | ၃.၉၀၀ | ၀.၆၅၁ | ၁.၁၈၂ | ၁.၀၂၀ | ၇၃.၀၆၅ |
| ၂၂-၁၂-၂၀၁၆ | | သဲချောင်း | ၁၆.၇၁၃ | ၂.၂၂၈ | ၁.၁၁၄ | ၀.၁၈၆ | ၀.၁၀၅ | ၀.၅၁၆ | ၂၀.၈၆၂ |
| ၂၂-၁၂-၂၀၁၆ | | ဒါဘိုင်း | ၁၁.၆၁၀ | ၁.၅၄၈ | ၀.၇၇၄ | ၀.၁၂၉ | ၀.၀၈၄ | ၀.၃၃၀ | ၁၄.၄၇၅ |
| ၂၂-၁၂-၂၀၁၆ | | ဘော်ဒူဖား | ၁၆.၁၇၃ | ၂.၁၅၆ | ၁.၀၇၈ | ၀.၁၈၀ | ၀.၀၆၀ | ၀.၅၀၄ | ၂၀.၁၅၁ |
| ၂၂-၁၂-၂၀၁၆ | | ဆေးသမကြီး | ၁၂.၉၁၉ | ၁.၇၂၃ | ၀.၈၆၁ | ၀.၁၄၄ | ၀.၁၈၀ | ၀.၃၀၉ | ၁၆.၁၃၆ |
| ၂၂-၁၂-၂၀၁၆ | | စက်ရုံရှု(၁) | ၄.၉၉၅ | ၀.၆၆၆ | ၀.၃၃၃ | ၀.၀၅၆ | ၀.၀၃၀ | ၀.၁၂၀ | ၆.၂၀၀ |
| ၁၀ ရက်မြောက်နေ့ စုစုပေါင်း | | | ၆၂.၄၁၀ | ၈.၃၂၁ | ၄.၁၆၀ | ၀.၆၉၅ | ၀.၄၅၉ | ၁.၇၇၉ | ၇၇.၈၂၄ |
| ၂၃-၁၂-၂၀၁၆ | | သဲချောင်း | ၂၉.၁၃၃ | ၃.၈၈၄ | ၁.၉၄၁ | ၀.၃၂၄ | ၀.၀၆၃ | ၀.၇၃၈ | ၃၆.၀၈၃ |
| ၂၃-၁၂-၂၀၁၆ | | ဒါဘိုင်း | ၁၂.၀၄၂ | ၁.၆၀၅ | ၀.၈၀၃ | ၀.၁၃၄ | ၀.၀၈၁ | ၀.၂၂၅ | ၁၄.၈၉၀ |
| ၂၃-၁၂-၂၀၁၆ | | ဘော်ဒူဖား | ၁၂.၃၃၉ | ၁.၆၅၅ | ၀.၈၂၃ | ၀.၁၃၇ | ၀.၀၅၇ | ၀.၃၇၂ | ၁၅.၃၈၃ |
| ၂၃-၁၂-၂၀၁၆ | | ဆေးသမကြီး | ၁၆.၀၅၁ | ၂.၁၄၀ | ၁.၀၇၀ | ၀.၁၇၈ | ၀.၁၂၉ | ၀.၆၂၄ | ၂၀.၁၉၂ |
| ၁၁ ရက်မြောက်နေ့ စုစုပေါင်း | | | ၆၉.၅၆၅ | ၉.၂၈၄ | ၄.၆၃၇ | ၀.၇၇၃ | ၀.၃၃၀ | ၁.၉၅၉ | ၈၆.၅၄၈ |
| ၂၄-၁၂-၂၀၁၆ | | သဲချောင်း | ၁၉.၁၉၇ | ၂.၅၆၀ | ၁.၂၈၀ | ၀.၂၁၃ | ၀.၀၀၀ | ၀.၄၁၄ | ၂၃.၆၆၄ |
| ၂၄-၁၂-၂၀၁၆ | | ဒါဘိုင်း | ၁၈.၃၆၀ | ၂.၄၄၈ | ၁.၂၂၄ | ၀.၂၀၄ | ၀.၂၄၃ | ၀.၄၂၆ | ၂၂.၉၀၅ |
| ၂၄-၁၂-၂၀၁၆ | | ဘော်ဒူဖား | ၁၉.၁၄၁ | ၂.၅၄၄ | ၁.၂၇၆ | ၀.၂၁၂ | ၀.၁၈၀ | ၀.၄၈၃ | ၂၃.၈၃၆ |
| ၂၄-၁၂-၂၀၁၆ | | ဆေးသမကြီး | ၁၂.၆၇၇ | ၁.၆၉၀ | ၀.၈၄၅ | ၀.၁၄၁ | ၀.၃၀၀ | ၀.၂၇၀ | ၁၅.၉၂၃ |
| ၁၂ ရက်မြောက်နေ့ စုစုပေါင်း | | | ၆၉.၃၇၅ | ၉.၂၄၂ | ၄.၆၂၅ | ၀.၇၇၀ | ၀.၇၂၃ | ၁.၅၉၃ | ၈၆.၃၂၈ |
| စုစုပေါင်း | | | ၁၀၅၉.၈၉၁ | ၁၄၁.၃၂၀ | ၇၀.၇၄၇ | ၁၁.၇၇၈ | ၁၁.၂၂၆ | ၃၃.၆၄၅ | ၁၃၂၈.၆၀၇ |

**မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ**

## မောင်တောခရိုင် ရသေ့တောင်မြို့နယ်အတွင်း မသင်္ကာသူခြောက်ဦး ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၀ ရက် ညပိုင်းက နတ်မြစ်အတွင်း ကင်းလှည့်စဉ် မသင်္ကာသူခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နတ်မြစ်အတွင်း ကင်းလှည့်စဉ် ဒီဇင်ဘာ ၁၀ရက် ည ၁၁ နာရီခန့်က ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နှင့် ချိန်ခါလီကျေးရွာအကြား ပင်လယ်ပြင်တွင် စက်လှေတစ်စင်းတွေ့ရှိသဖြင့် စစ်ဆေးရာ စစ်တွေမြို့နယ် သဲချောင်းကျေးရွာနေ ဆော်လိမ်(ခ)နိုရာ မက်ပါခြောက်ဦးအား ခရီးသွားလာခွင့်အထောက်အထားမပါရှိဘဲ နယ်မြေကျော်ခရီးသွားလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား လဝက အက် ပုဒ်မ ၆ (၂)/ ၆(၃) အရ မောင်တောမြို့နယ်တရားရုံးသို့တရားစွဲဆိုတင်ပို့ခဲ့ရာ ထောင်ဒဏ်နှစ်နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်အတွင်း မိုင်းနှင့်ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မယင်းတောင်နှင့် မျောတောင်အကြားတွင် နယ်မြေရှင်းလင်းစဉ် မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် မယင်းတောင်နှင့် မျောတောင်အကြား ယနေ့နံနက် ၉ နာရီတွင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မယင်းတောင်၏ အရှေ့ဘက်မီတာ ၅၀၀ ခန့်အကွာ၌ မြေကြီးအတွင်းမြှုပ်ထားသည့် အသက်သွင်းပြီး ကား Piston ဖြင့် ပြုလုပ်ထားသော မိုင်းလေးလုံး၊ 3K 70AHC ဘက်ထရီတစ်လုံးနှင့် ဆေးမျိုးစုံ ဆာလာအိတ်တစ်ထုပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွား



**နေပြည်တော်  ဒီဇင်ဘာ  ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စံပယ်ကုန်းကျေးရွာတွင် ယမန်နေ့ညက နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မောင်တောမြို့နယ် နယ်မြေ ၅ စံပယ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၁၂ ရက် ည ၁၂ နာရီခွဲခန့်က ဖွေရာဇူလ်၏ နေအိမ်မီးဖိုချောင်ရှိ မီးကွင်းမီးကျန်မှစတင်၍ မီးလောင်ရာအနီးရှိ နူရ်ဟူဆောင်း၏နေအိမ်ကို မီးကူးစက်လောင်ခဲ့သဖြင့် ရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ယနေ့ နံနက် ၁ နာရီခွဲခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အလျား ၂၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့်ရှစ်ပေခန့်ရှိ သက်ငယ်မိုး၊ ထရံကာမြေစိုက်နေအိမ်နှစ်လုံး ဆုံးရှုံးခဲ့သဖြင့် ဖွေရာဇူလ်အား မီးပေါ့ဆမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တယ်လာဆန်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဒေါ်နယ်ထရန့်ရွေးချယ်



**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန်၏ သမ္မတအဖြစ်ရွေးချယ်ခံထားရသူ ဒေါ်နယ်ထရန့်သည် Exxon-Mobil အထူးတပ်ဖွဲ့မှ ရက်စ်တယ်လာဆန်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အင်္ဂါနေ့တွင် ကြေညာခဲ့သည်။ ၎င်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ဆက်ဆံရေးကိစ္စရပ်များတွင်လည်း အောင်မြင်သော လုပ်ငန်းခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ထရန့်က အမွှမ်းတင်ခဲ့သည်။

တယ်လာဆန်သည် အမေရိက၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် အမျိုးသားရေးကိစ္စရပ်များတွင် အင်ပြည့်အားပြည့် ကူညီထောက်ပံ့ပေးနိုင်မည့်သူဖြစ်ပြီး အမေရိကန်၏ လုံခြုံရေးနှင့် နိုင်ငံ၏ရပ်တည်မှုအနေအထားကို ချည့်နဲ့စေခဲ့သည့် နိုင်ငံခြားရေးမူဝါဒများကို ပြန်လည်တည့်မတ်လာစေရန် အကူအညီပေးမည့်သူဖြစ်ကြောင်း ထရန့်ကဖော်ပြခဲ့သည်။

တယ်လာဆန်က ၎င်းသည် အမေရိကန်၏ နိုင်ငံခြားဆက်ဆံမှုဂုဏ်အင်္ဂါကိုပြန်လည်တည်ဆောက်နိုင်ရေးနှင့် နိုင်ငံ၏အမျိုးသားလုံခြုံရေးကို မြှင့်တင်ရာတွင် ဒေါ်နယ်ထရန့်၏ သဘောထားအမြင်များကို မျှဝေခဲ့သည်ဟု ပြောကြားခဲ့သည်။ (ရိုက်တာ)

## တောင်ကိုရီးယားရှိ အရေးပေါ်အရန်အင်အားစုများ၏ လေ့ကျင့်ရေးစခန်းတွင် ပေါက်ကွဲမှုဖြစ်ပွား

**ဆိုးလ် ဒီဇင်ဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ အရေးပေါ်ကာကွယ်ရေးအင်အားစုများ၏ လေ့ကျင့်ရေးစခန်းတွင် မတော်တဆပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက အင်္ဂါနေ့တွင် သတင်းဖော်ပြခဲ့သည်။

ပေါက်ကွဲမှုသည် နိုင်ငံမြောက်ပိုင်း ဂျယ်အွန်ဆန်ပြည်နယ် အာလ်ဆန်မြို့ရှိ လေ့ကျင့်ရေးစခန်းတွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၇ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး တပ်ဖွဲ့ဝင် ၂၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်သည် စစ်ရေးလေ့ကျင့်နေချိန်မဟုတ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များအားလုံးသည် တာဝန်ထမ်းဆောင်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ပြင်သစ်နိုင်ငံ၌ ရွှေ ၇၀ ဂရမ်လုယက်မှုဖြစ်ပွား

**ပါရီ ဒီဇင်ဘာ ၁၃**

လက်နက်ကိုင်ဆောင်ထားသည့် အမျိုးသားလေးဦးသည် ပြင်သစ်နိုင်ငံ အရှေ့ပိုင်း ဒါဒီလီဒေသ၌ ရွှေသယ်ယူပို့ဆောင်ရေးသံချပ်ကာဗင်ကားတစ်စီးကို တိုက်ခိုက်ကာ အလေးချိန် ၇၀ ဂရမ်ရှိ ရွှေများကိုလုယူသွားခဲ့ကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုက ယမန်နေ့က ဖော်ပြခဲ့သည်။

လုယူသွားသောရွှေများ၏တန်ဖိုးမှာ ယူရို ၂ ဒသမ ၅ သန်းနှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅သန်းခန့်ရှိကြောင်းသိရသည်။

ဓားပြများသည် ရွှေများကိုလုယူပြီးနောက် လုံခြုံရေးအစောင့်နှစ်ဦးကို ဗင်ကားအတွင်း သော့ခတ်၍ပိတ်ထားခဲ့ကာ မီးရှို့ခဲ့ကြောင်းသတင်းများတွင် ဖော်ပြသည်။

သို့သော်လည်း ယင်းတိုက်ခိုက်မှုတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း၊ လုယက်တိုက်ခိုက်သူများကို ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## အင်္ဂလန်၌ အကြမ်းဖက်ပြစ်မှုဖြင့် သံသယရှိသူခြောက်ဦးကိုဖမ်းဆီး

**လန်ဒန် ဒီဇင်ဘာ ၁၃**

ဗြိတိသျှရဲများက နိုင်ငံ၏အကြမ်းဖက်ဥပဒေပြစ်မှုဖြင့် သံသယရှိသူခြောက်ဦးကို လန်ဒန်နှင့် အင်္ဂလန်အလယ်ပိုင်းတို့တွင် ယမန်နေ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးရမိသူများမှာ အသက် ၂၂၊ ၂၇၊ ၃၅ နှင့် ၃၆ နှစ်ရှိ အမျိုးသားလေးဦးဖြစ်ကာ ၎င်းတို့ကို ဒါဘီ၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဘာတန်မှ အသက် ၂၇နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် လန်ဒန်မှ အသက် ၃၂နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ကိုလည်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအားလုံးမှာ အကြမ်းဖက်ပြစ်မှုကျူးလွန်ရန် ကြိုတင်ကြံစည်မှုဖြင့် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

## ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် အီရတ်အရေးပေါ်တပ်သားများက အလက်ပိုအရှေ့ပိုင်းရှိ တပ်ဖွဲ့ဝင်များကို သတ်ဖြတ်နေကြောင်းသတင်းထွက်ပေါ်



**ဂျီနီဗာ ဒီဇင်ဘာ ၁၃**

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အိမ်နီးချင်းဒေသလေးခုတို့မှ အရပ်သားများအပါအဝင် အလက်ပိုအရှေ့ပိုင်းရှိ အရပ်သားများကို ဆီးရီးယားအစိုးရ တပ်ဖွဲ့ဝင်များနှင့် ၎င်း၏မဟာမိတ်ဖြစ်သည့် အရေးပေါ်ချောဆွဲထားသော အီရတ်တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု သတင်းရရှိထားကြောင်း ကုလသမဂ္ဂအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ဆီးရီးယားတပ်မတော်နှင့် ၎င်း၏ မဟာမိတ်အဖွဲ့များသည် အလက်ပိုရှိ သူပုန်များ ဆုတ်ခွာထွက်ပြေးသွားရာ ဒေသအားလုံးကို အပြည့်အဝပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယား တပ်ဖွဲ့မှ သတင်းရင်းမြစ်များက အင်္ဂါနေ့တွင် ဖော်ပြခဲ့သည်။

အစိုးရ ထောက်ခံအင်အားစုများသည် အလက်ပိုအရှေ့ပိုင်း အိမ်နီးချင်းဒေသလေးခုဖြစ်သည့် ဘူစတန်အယ်လ်ကွာဇာ၊ အယ်လ်ဖာဒတ်စ်၊ အယ်လ်ကလာဆာနှင့် အယ်လ်ဆာလီဟင်တို့မှ အမျိုးသမီး ၁၁ ဦးနှင့် ကလေးငယ် ၁၃ ဦးပါဝင်သည့် အရပ်သား ၈၂ ဦးကို သတ်ဖြတ်နေကြောင်း အစီရင်ခံစာတစ်စောင်ကို လက်ခံရရှိခဲ့သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ရူကတ်ကော်ဗီလီက ပြောကြားခဲ့သည်။ အီရတ်လက်နက်ကိုင်အုပ်စုဖြစ်သည့် ဟာရာကတ် အယ်လ်နူဂျာဘာမှာလည်း အဆိုပါသတ်ဖြတ်မှုတွင် ပါဝင်ခဲ့ကြောင်း သိရသည်။ နေအိမ်များကို ပစ်ခတ်ခံရပြီး ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းခဲ့ကြသည့် အရပ်သားများထံမှ အဆိုပါအစီရင်ခံစာများကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ကော်ဗီလီကပြောကြားခဲ့သည်။

အလက်ပို၌ လူသားချင်းစာနာထောက်ထားမှုများ လုံးဝပျက်သုဉ်းခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျင်းစ်လာကီက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## တရုတ်၊ ဂျပန်၊ ကိုရီးယား သုံးနိုင်ငံဆွေးနွေးပွဲရွှေ့ဆိုင်း

**တိုကျို ဒီဇင်ဘာ ၁၃**

ဂျပန်နိုင်ငံတိုကျိုမြို့၌ ယခုနှစ်ဒီဇင်ဘာ နှောင်းပိုင်းတွင် ကျင်းပရန် လျာထားသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယား သုံးနိုင်ငံဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှီဒါက ဒီဇင်ဘာ ၁၃ ရက်က ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးကို အခြေအနေအမျိုးမျိုးကြောင့် လာမည့် ၂၀၁၇ ခုနှစ်တွင် အစားထိုးကျင်းပသွားမည်ဖြစ်ကြောင်း ကီရှီဒါက ပြောခဲ့သည်။

သုံးနိုင်ငံအစည်းအဝေးကို ဒီဇင်ဘာ နှောင်းပိုင်းတွင် ကျင်းပရန် လျာထားသော်လည်း တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးအနေဖြင့် အဂတိလိုက်စားမှုစွဲချက်များဖြင့် ရင်ဆိုင်နေရသဖြင့် အစည်းအဝေးတက်ရောက်ရန် မသေချာမရေရာဖြစ်နေသောကြောင့် ထိုသို့ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအစည်းအဝေးသည် အလွန်အရေးပါသော အစည်းအဝေးဖြစ်သည့်အတွက် ဖြစ်နိုင်သမျှဆောလျင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သုံးနိုင်ငံဆွေးနွေးပွဲကို ၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်များတွင် ဒေသတွင်းတင်းမာမှုများကြောင့် အစည်း အဝေးမကျင်းပနိုင်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်မှစကာ နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## ချန်နိုင်းသို့ထွက်ခွာမည့် သီရိလင်္ကာလေယာဉ်ခရီးစဉ်များ ဖျက်သိမ်း



**ကိုလံဘို ဒီဇင်ဘာ ၁၃**

တမီနာဒူကမ်းခြေဒေသသို့ ဆိုင်ကလုန်း ဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် ချန်နိုင်းသို့ထွက်ခွာမည့် လေယာဉ်ခရီးစဉ်အားလုံးကို ဖျက်သိမ်းလိုက်ကြောင်း သီရိလင်္ကာနိုင်ငံပိုင်လေကြောင်းလိုင်းက ယမန်နေ့က ကြေညာခဲ့သည်။

ချန်နိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ရာသီဥတုဆိုးရွားမှုကြောင့် ပိတ်ထားခဲ့ကြောင်းနှင့် ယင်းဒေသသို့ ပျံသန်းထွက်ခွာမည့် သီရိလင်္ကာလေယာဉ်ခရီးစဉ် အားလုံးကိုလည်း ဒီဇင်ဘာ ၁၃ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သီရိလင်္ကာလေကြောင်းလိုင်း ပြောရေးဆိုခွင့်ရှိသူ ဒီပယ်ပီရိရာက ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။

ရာသီဥတုဆိုးရွားမှုကြောင့် အနီရောင်သတိပေးမှု ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ချန်နိုင်းသို့သွားမည့် လေကြောင်း ခရီးစဉ်များအားလုံးကို ဒီဇင်ဘာ ၁၃ ရက်အထိ ဖျက်သိမ်းလိုက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မုန်တိုင်းစောင့်ကြည့်အဖွဲ့များက မုန်တိုင်းအခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း အရေးပေါ် သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့များကလည်း အသင့်အနေအထားရှိကြောင်း သီရိလင်္ကာ မိုးဇလဌာနက ပြောခဲ့သည်။ **(ဆင်ဟွာ)**

# အလိုတော်ပြည့်စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသားအစစ်ငါးပိဿာရှိ ရတနာရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၁၃**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့် စေတီတော်မြတ်ကြီး အဓိဋ္ဌာန်ဆုတောင်းပွဲ ဗုဒ္ဓပူဇနိယပွဲတော် (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ရွှေစင်ရွှေသားအစစ်ငါးပိဿာရှိ ရတနာရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် နံနက် ၈ နာရီ ၁၈ မိနစ်က အဆိုပါစေတီတော်မြတ်ကြီး၏ ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို သံဃာတော်အရှင်သူမြတ်များနှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ညောင်ဦးမြို့ ရွှေမင်းဝန် အဂ္ဂါထောင့်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူခဲ့သည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းဘိုရှိန်နှင့် အလှူရှင်များက ရတနာရွှေထီးတော် ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ ပရိယတ္တိသာသနဟိတဓရ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည် ဆုတံဆိပ်ရ အလိုတော်ပြည့်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာရေစက်ချတရားကို နာယူခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အလှူရှင်များက ရတနာရွှေထီးတော် ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဒေဝါဝင်းရာဇာဝင်းများ ခြံရံပင့်ဆောင်၍ စေတီတော်ကြီးကို လက်ယာရစ် သုံးပတ်ပတ်၍ ပူဇော်ခဲ့ကြသည်။

ထို့နောက် ရတနာရွှေထီးတော် ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် အလှူရှင်များက ရွှေစင်ရွှေသားအစစ်ငါးပိဿာရှိ ရတနာရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ရွှေမိုး၊ ငွေမိုး ရွာသွန်းခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ရွှေစင်ရွှေသား အစစ်ငါးပိဿာရှိ ရတနာရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲအခမ်းအနားသို့ ညောင်ဦး (ပုဂံ) မြို့ပေါ်ရှိ ဒေသခံပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများ အများအပြား လာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မြေပြင်ခရီးစဉ်တွင် ရရှိခဲ့သည့်အချက်အလက်များအားလုံးကို ကော်မရှင်အဖွဲ့မှ သုံးသပ်ဆွေးနွေးပြီး အကောင်းဆုံးအစီရင်ခံစာတစ်ခုဖြစ်ရန် လုပ်ဆောင်သွားမည်ဟုဆို

**သတင်း-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး**

**မောင်တော ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ်မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း ဒေသခံပြည်သူတချို့မှာ စိုးရိမ်ပူပန်မှုများရှိနေသေးသော်လည်း တည်ငြိမ်အေးချမ်းမှုဘက်သို့ ဦးတည်နေသည့်အနေအထားကို လေ့လာတွေ့ရှိရကြောင်း မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ မြေပြင်လေ့လာစုံစမ်းစစ်ဆေးရေး သုံးရက်တာခရီးစဉ်အပြီး နောက်ဆုံးနေ့ဖြစ်သော ဒီဇင်ဘာ ၁၃ ရက်တွင် အဆိုပါကော်မရှင်အဖွဲ့၏ အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ပြောသည်။

"ကျွန်တော်တို့ကော်မရှင်အဖွဲ့အနေနဲ့ ဒီမောင်တောဒေသကို သုံးရက်တာလာရောက်တဲ့အချိန်အတွင်းမှာ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်တဲ့နေရာတွေ၊ တိုက်ခိုက်ခံရတဲ့နေရာတွေ အကုန်သွားကြည့်ခဲ့တယ်။ သွားကြည့်တဲ့အခါမှာ ပြည်သူလူထုအနေနဲ့ကတော့ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေ ရှိနေကြတာတွေ့ရတယ်။ ရခိုင်တိုင်းရင်းသားတွေအသိုင်းအဝိုင်းဘက်မှာလည်း ရှိနေသလို အစ္စလာမ်ဘာသာအသိုင်းအဝိုင်းဘက်မှာလည်း ရှိနေတယ်။ ဒါပေမယ့် သူတို့က စားဝတ်နေရေးအတွက် အလုပ်လုပ်ချင်နေပြီ။ တစ်ယောက်နဲ့ တစ်ယောက်လည်း ပြတ်ပြတ်သားသားနေလို့လည်းမရဘူးဆိုတာကို တစ်ဖက်က သဘောပေါက်နေတဲ့အနေအထားတွေလည်း တွေ့ရတယ်။ နောက်ထပ် ဖြစ်စဉ်တွေကိုလည်း ထပ်မတွေ့ရတော့ဘူး။ တိုက်ခိုက်မှုဖြစ်တာတွေ ဘာမှမတွေ့ရတော့ဘူး။ လူတွေရဲ့ စိတ်ထားနဲ့ ဖြစ်နေတဲ့အခြေအနေနဲ့ တစ်ဖက်ဖက်က လုံခြုံရေးအရ အင်အားချထားတဲ့ အနေအထားကိုကြည့်ရင် တည်ငြိမ်မှုဘက်ကိုဦးတည်နေပြီဆိုတဲ့ သဘောထားလေးတော့ တွေ့ရတယ်။ အဲ့ဒါလေးတော့ နှစ်ဖက်အသိုင်းအဝိုင်းတွေ ဖြစ်တဲ့ ဒေသခံတွေဖြစ်တဲ့ နှစ်ဖက်အသိုင်းအဝိုင်းက ဝိုင်းထိန်းမယ်ဆိုရင် မြန်မြန်ဆန်ဆန် တည်တည်ငြိမ်ငြိမ် ဖြစ်လာမယ်" ဟု ၎င်းက ပြောသည်။



ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်

ဒေသခံပြည်သူများအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးအဆင်ပြေမှုကို အားလုံးက လိုလားလျက်ရှိကြောင်း၊ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး မယုံကြည်မှုများနှင့် သံသယများရှိနေပြီး အမုန်းပွားနေမည်ဆိုလျှင် ရပ်ရွာတည်ငြိမ်အေးချမ်းမှုအတွက် အခက်အခဲရှိနိုင်ပြီး ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပါ ပိုပြီး အလှမ်းဝေးသွားနိုင်ကြောင်း ဦးဇော်မြင့်ဖေက ဆက်လက်ပြောသည်။

မောင်တောဒေသရှိ ဈေးတချို့မှာ ပိတ်ထားဆဲဖြစ်သော်လည်း နဂိုအတိုင်းပြန်လည်ဖွင့်လှစ်ရောင်းချရန် မည်သည့်အဖွဲ့အစည်းကမျှ ပိတ်ထားခြင်းမရှိသလို ထိုသို့ဖြစ်ရန် ဒေသဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများကလည်း လိုအပ်ချက်များ ကူညီပေးရန်အသင့်ရှိကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဦးဇော်မြင့်ဖေက "ဒေသခံတွေကိုကြည့်ရတဲ့ပုံက တစ်ဖက်က စိုးရိမ်ပူပန်မှုတွေရှိနေသလို တစ်ဖက်က စားဖို့သောက်ဖို့အတွက် အလုပ်လုပ်ရမယ်ဆိုတာကိုလည်း သူတို့စိတ်တွေ ဝင်လာတယ်။ ငါးခူရလို့ရွာမျိုးမှာဆို ဗုဒ္ဓဘာသာဝင်တွေရော၊ အစ္စလာမ်ဘာသာဝင်တွေရော၊ ဟိန္ဒူဘာသာဝင်တွေရော ပူးပေါင်းနေထိုင်ကြတာဖြစ်တယ်။ အဲ့လိုနေရာမျိုးမှာ ဈေးမဖွင့်ရတော့ သူတို့က ဈေးဖွင့်ချင်ကြတယ် ပြောတယ်။ အဲ့ဒီဈေးကလည်း ဘယ်သူပိတ်တာလဲဆိုတော့ ဘယ်သူမှလည်း ပိတ်တာမဟုတ်ဘူး။ ဘယ်သူမှ မပိတ်တဲ့ဈေးကို ပြန်လည်ဖွင့်လာအောင်၊ သူတို့အတွက် သွားရေးလာရေးလည်း ခက်နေတယ်လို့ဆိုလာတဲ့အတွက် အဆင်ပြေအောင် ဒေသတာဝန်ရှိသူတွေက လိုအပ်တာတွေ ကူညီပေးဖို့ကိုလည်း ကျွန်တော်တို့ကော်မရှင်က ညှိနှိုင်းခဲ့တဲ့အနေအထားလေးတွေလည်း ရှိတယ်။ သို့သော်လည်း ရှေ့ဆက်ကျော်လွှားစရာတွေ လုပ်စရာတွေကတော့ အများကြီးပဲရှိနေပါသေးတယ်" ဟု ပြောသည်။

မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် မြေပြင်ခရီးစဉ်တွင် ဖြစ်စဉ်ဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်ပြီး ရရှိခဲ့သည့် အချက်အလက်များအားလုံးကို ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံး သုံးသပ်ဆွေးနွေးပြီး အကောင်းဆုံးအစီရင်ခံစာတစ်ခုဖြစ်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်ပြီး ကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာဒေါ်သက်သက်ဇင်က "အဖြစ်အပျက်တွေကို သေချာလိုက်ပြီး စုံစမ်းစစ်ဆေးလေ့လာတယ်။ ကျွန်မတို့ အခုရခဲ့တဲ့ အချက်အလက်တွေ အားလုံးစုပေါင်းပြီးတော့မှ ဒါကို သုံးသပ်ဆွေးနွေးဖို့ရှိပါတယ်။ အခုလောလောဆယ်မှာ ဒေသခံတွေက ကြောက်တယ်လို့ပြောပြီး သိပ်မထွက်ကြတာကို တွေ့ရတယ်။ ဒါပေမယ့် ကျွန်မတို့သွားတဲ့အခါ သူတို့ကိုမေးမြန်းဖို့ ခေါ်တွေ့တော့ သူတို့ကလာတွေ့ပြီး ဖြစ်စဉ်အဖြစ်အပျက်လေးတွေနဲ့ ပတ်သက်လို့ အားလုံးကဖြေကြပါတယ်။ ကျွန်မတို့ကော်မရှင်အနေနဲ့ တတ်နိုင်သလောက် ဒီလိုကိစ္စမျိုးတွေ ပြန်မဖြစ်နိုင်အောင် ဖြစ်သွားတဲ့အကြောင်းအရင်းလေးတွေကို သေချာဖော်ထုတ်ပြီးတော့ ကျွန်မတို့အဖွဲ့ခေါင်းဆောင်ဥက္ကဋ္ဌနဲ့ တိုင်ပင်ဆွေးနွေးပြီး အစီရင်ခံစာတစ်ခုကို အကောင်းဆုံးလုပ်ဖို့ အစီအစဉ်ရှိပါတယ်" ဟု ပြောသည်။



ကော်မရှင်အဖွဲ့၏ အတွင်းရေးမှူး ဦးဇော်မြင့်ဖေ

ခရီးစဉ်တစ်ခုလုံး ခြုံငုံကြည့်လျှင် မောင်တောဒေသည် တည်ငြိမ်အေးချမ်းရေးအတွက် အလားအလာကောင်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်ရမှာဖြစ်သော်လည်း ယင်းကိစ္စကို တစ်ဆင့်ပြီးတစ်ဆင့် ဦးစားပေးအစီအစဉ်အနေဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကော်မရှင်က ဖြစ်ရပ်မှန်ကို မေးမြန်းစုံစမ်းဆဲအဆင့်တွင်ရှိသေးသည့်အတွက် ကော်မရှင်အဖွဲ့၏ သုံးသပ်ချက်ထွက်ပေါ်ရန်မှာလည်း အချိန်စောနေသေးကြောင်း ဦးဇော်မြင့်ဖေက ပြောသည်။

# ရွှေတိဂုံစေတီတော်၌ စုပေါင်းသွေးလှူကြမည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၃**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၈)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူရှင်များ ယင်းနေ့တွင် ကြိုတင်ရောက်ရှိသတင်းပို့ကြရန်လိုကြောင်း အသိပေးနှိုးဆော်ထားသည်။ **ကိုချစ်**

# နိုင်ငံသားကတ်ပြားများကို Smart Card ပြောင်းရန် စမ်းသပ်ဆောင်ရွက်

**မန္တလေး  ဒီဇင်ဘာ  ၁၃**

နိုင်ငံတော်အစိုးရရဲ့ e-Government Master Plan မှာ လက်ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို Smart Card အမျိုးသားအီလက်ထရွန်နစ် မှတ်ပုံတင်လုပ်ငန်းနဲ့ National Electronic ID (NeID) လုပ်ငန်းစဉ်အတွက် လိုအပ်တဲ့ အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်းရှေ့ပြေး စမ်းသပ်ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၃ ရက် နေ့လယ်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းဝန်းကျင်ရပ်ကွက်ရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ချမ်းအေးသာစံမြို့နယ်မှူးတို့က ရှင်းလင်းတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးက ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အဆိုပါလုပ်ငန်းစဉ်ကို ချမ်းအေးသာစံမြို့နယ်ရှိ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်နေ အသက် ၁၈ နှစ်အထက် ပြည်သူအားလုံးကို စမ်းသပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

NeID အထောက်အကူပြု စာရင်းကောက်ယူရာတွင် အိမ်ထောင်စုလူဦးရေစာရင်းပါ အမည်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းကို ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ရေးသွင်းခြင်းတို့ကို ခေတ်မီ IT နည်းပညာတွေ အသုံးပြုပြီးလုပ်ဆောင်သွားမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်မှုအပေါ်မူတည်ပြီး အားနည်းချက်၊အားသာချက်များကို ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်၍ လိုအပ်သည်များကို ပြင်ဆင်ကာနေပြည်တော်ကောင်စီနယ်မြေအပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း NeID အထောက်အကူပြုစာရင်းကောက်ယူခြင်း၊ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ အဆိုပါရပ်ကွက်ရှိ ပြည်သူများအား အောင်ချမ်းသာမွှာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို Smart Card ပြောင်းရန် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**





# ကြိုက်တာယူ ၄၅၀၀ အရောင်းဆိုင်များကို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး

**မန္တလေး  ဒီဇင်ဘာ  ၁၃**

မန္တလေးမြို့၌ ကြိုက်တာယူ ၄၅၀၀ ဖြင့် နိုင်ငံခြားသားများ ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်များကို တရားဝင်နေထိုင်ဖွင့်လှစ်ရောင်းချခြင်းရှိ/မရှိနှင့် သတ်မှတ်စည်းကမ်းများ ကိုက်ညီမှု ရှိ/မရှိကို သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့ဝင်များက ဒီဇင်ဘာ ၁၂ ရက်မှ စတင်ကာ စစ်ဆေးနေကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားသားများသည် လူဝင်မှုကြီးကြပ်ရေး ဥပဒေနှင့်အညီ နေထိုင်ခြင်းရှိ/မရှိနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ညီညွတ်မှုရှိ/မရှိတို့ကို စစ်ဆေးခဲ့သည်။

“ဖမ်းတာမဟုတ်ဘူး။ ဒီမှာရှိတဲ့ နိုင်ငံခြားသားတွေ စည်းကမ်းတကျနေလား၊ မနေလား စစ်ဆေးရမယ့် တာဝန်ရှိလို့စစ်ဆေးတာ။ မြန်မာပြည်ကို ရောက်လာရင် လိုက်နာရမယ့်အချက်တွေရှိတယ်။ စည်းကမ်းနဲ့မညီရင် ဖော်ထုတ်ရမှာပါ။ အခုချိန်ထိ စည်းကမ်းဖောက်ဖျက်သူ မတွေ့သေးဘူး”ဟု တိုင်းဒေသကြီး(လဝက) ဦးစီးမှူး ဦးတင်ချယ်က ပြောသည်။

ပူးပေါင်းအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်စသည့် ဌာနဆိုင်ရာများ ပါဝင်စစ်ဆေးခြင်းဖြစ်ကြောင်းသိရသည်။ စီးပွားရေးလုပ်ကိုင်ရန် ပြည်တွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားများသည် စီးပွားရေးဗီဇာရှိရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းသည် တရားဝင်စည်းကမ်းများအတိုင်း လုပ်ကိုင်ခြင်းရှိ/မရှိကို စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း နိုဝင်ဘာလအထိ ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် ပြည်နှင်ဒဏ်ပေးခဲ့သည့် နိုင်ငံခြားသား ၁၈ ဦးအနက် ၁၃ ဦးမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်မြို့၌ အလွှတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

**ပြည်  ဒီဇင်ဘာ  ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့၌ လွှတ်တော်ကိုယ်စားလှယ်များဖလား(အလွှတ်တန်း) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက မြို့နယ်ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့် ဦးသက်ဝင်းလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများ၊ နည်းပြများနှင့် အသင်းအုပ်ချုပ်သူများနှင့် ပရိသတ်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဘောလုံးကစားသမားများအား ကောင်းသောယှဉ်ပြိုင်မှုဖြင့်ကစားကြရန် ပြောကြားပြီး ဗိုလ်လုပွဲကိုပြည်(က)အသင်းနှင့် ရွှေတောင်မြို့နယ်အသင်းတို့အား ယှဉ်ပြိုင်စေခဲ့သည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသော ရွှေတောင်မြို့နယ်အသင်းအား တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေကျပ် ၅၀၀၀၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**





မင်္ဂလာ မန်းနေပြည်တော် (ဆိုင်းတန်း)အဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီးကို စတင်ဖွင့်လှစ်ပြသလိုက်ပါပြီ။ ဖုန်း – ၀၉၉၆၀၉၁၁၂၁၁၊ ၀၉၉၆၀၉၁၁၃၁၁

ရုပ်ရှင်ကြည့်ချစ်ပရိသတ်များအတွက် အထူးအစီအစဉ်ဖြင့်

အခမဲ့ FREE SHOW (၁၄.၁၂.၂၀၁၆) နှင့် (၁၅.၁၂.၂၀၁၆) (၂) ရက် နံနက်(၁၀း၀၀)နာရီ မှ ည(၉း၀၀)နာရီ ထိ

မြန်မာရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကား နမူနာများကို 2D/ 3Dများဖြင့်ကြည့်ရှုနိုင်ရန် အစီအစဉ်ကောင်းများလည်းပါဝင်သည့်အတွက် လာရောက်ကြည့်ရှုရန် ဖိတ်ခေါ်အပ်ပါသည်။

၁၆.၁၂.၂၀၁၆ ရက်နေ့မှ စတင်ပြသမည်

ပွဲချိန်သတ်မှတ်ချက်
၁၀း၀၀နာရီ
၁၂း၃၀နာရီ
၃း၃၀နာရီ
၆း၃၀နာရီ
၉း၃၀နာရီ



# ခရီးသည်တင်ယာဉ်ပေါ်မှ ကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**လွိုင်လင် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွား ကားလမ်းမပေါ်၌ ဒီဇင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲက ခရီးသည်တင်မော်တော်ယာဉ်ပေါ်မှ ကာလတန်ဖိုး ငွေကျပ် သိန်း ၁၀၀၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ဖမ်းဆီးရမိသည်။



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ ရဲအုပ်ဇော်မြင့်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ လွိုင်လင်မြို့မရဲစခန်းမှ ဒုရဲအုပ် ချစ်ဇော်ဝင်း ဦးစီးတပ်ဖွဲ့ဝင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားကားလမ်း၊ ပန်းခေါက်ဝိုးဘုန်းကြီးကျောင်းရှေ့တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှောင်တခင်ပိတ်ဆို့ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် နမ့်စန်မြို့မှ လွိုင်လင်မြို့ဘက်သို့ ယာဉ်မောင်း ဦးသန်းဦး မောင်းနှင်လာသည့် ယာဉ်အမှတ် 8A/--- ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ခရီးသည် ယားမီးစော(မ)၏ နောက်ဖုံးအခန်းတွင် ထည့်ထားသော လက်ဆွဲအိတ်အတွင်းမှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အလေးချိန် ၅ ကီလိုဂရမ်ခန့်(ကာလတန်ဖိုး ငွေကျပ်သိန်း ၅၀၀ ခန့်)နှင့် လက်ကိုင်ဖုန်းတစ်လုံးအား လည်းကောင်း၊ ခရီးသည် နာလုံ(မ)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အလေးချိန် ၅ ကီလိုဂရမ်ခန့် (ကာလတန်ဖိုး ငွေကျပ် သိန်း ၅၀၀ ခန့်)နှင့် လက်ကိုင်ဖုန်းနှစ်လုံးအား ရှာဖွေတွေ့ရှိခဲ့သည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲရောင်းချရန် လက်ဝယ်ထားရှိသယ်ဆောင်လာသူ ယားမီးစော (၃၂ နှစ်) ဝမ်နားရွာ ဝမ်စိမ်းအုပ်စု မိုင်းနောင်မြို့ ကျေးသီးမြို့နယ်နေသူနှင့် ဒေါ်နာလုံ(၅၀ နှစ်) နတ်စင်ကျယ်ကျေးရွာ မိုင်းကောင်အုပ်စု တန့်ယန်းမြို့နယ်နေသူတို့အား လွိုင်လင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ညသန်းခေါင်ကျော်အချိန် သတင်းထောက်တစ်ဦး အသတ်ခံရ

**မုံရွာ ဒီဇင်ဘာ ၁၃**

အသက်(၃၇နှစ်)ရှိပြီး ၂၀၁၅ ခုနှစ်ဇန်နဝါရီ ၁ ရက်မှစ၍ Eleven Media Group တွင် တရားဝင်တာဝန်ထမ်းဆောင်နေသော မုံရွာအခြေစိုက် သတင်းထောက် ကိုစိုးမိုးထွန်းသည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၀၀း၂၀ နာရီတွင် မုံရွာမြို့ အောင်ချမ်းသာရပ် ပြည်ထောင်စုလမ်းတွင် ဦးခေါင်းပိုင်း ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

သတင်းထောက် ကိုစိုးမိုးထွန်း စီးနင်းသော ဆိုင်ကယ်မှာ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိသလို ပစ္စည်းများလည်းပျောက်ဆုံးခြင်းမရှိသည်ကို တွေ့ရပြီး အခင်းဖြစ်နေရာတွင် သေအောင် ရိုက်နှက်ခဲ့သည်ဟု ယူဆရသည့် သစ်သားတုတ်အရှည်တစ်ချောင်းကို မုံရွာမြို့မရဲစခန်းက တွေ့ရှိသိမ်းဆည်းရမိထားကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်ကို အမှုကြီး (လူသတ်မှု)အမှတ်စဉ်၁၀/၂၀၁၆(ပ)၁၅၆၄/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း မုံရွာမြို့မရဲစခန်းစခန်းမှူးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နတ်မောက်မြို့နယ်၌ ဒီဇယ်တင်ဆီတွဲယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**နတ်မောက် ဒီဇင်ဘာ ၁၃**

နတ်မောက်မြို့နယ် နတ်မောက်-ပျော်ဘွယ်ကားလမ်းတွင် ဒီဇင်ဘာ ၁၂ ရက် ညက ဒီဇယ် များ တင်ဆောင်လာသော ဆီတွဲယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း နတ်မောက်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၂ ရက် ည ၈ နာရီက ခင်မောင်ဆန်း(၃၂နှစ်) ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ် နေသူမောင်းနှင်သော 1F/ ----ဒီဇယ်ဆီများ တင်ဆောင်လာသော နောက်တွဲမော်တော်ယာဉ်အား မင်းလှသံပရာခြံ-မကွေး-နတ်မောက်-ပျော်ဘွယ်-ရမည်းသင်းလမ်းအတိုင်း မင်းလှသံပရာခြံဘက်မှ ရမည်းသင်းမြို့သို့မောင်းနှင်လာစဉ် နတ်မောက်-ပျော်ဘွယ်ကားလမ်း လေးအိမ်ကျေးရွာအုပ်စု လေးအိမ်အရှေ့ရွာနှင့် အနောက်ရွာကြား မိုင်တိုင်အမှတ် (၅၆/၄)အနီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘက်သို့ လဲကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်လေကာမှန်ကွဲအက်ခြင်း၊ ဒီဇယ်ဆီဂါလန်များ ယိုဖိတ်ခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်၏စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင် သူ ခင်မောင်ဆန်းအား နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# မင်းကွန်းကျေးရွာ ဘုန်းကြီးကျောင်းမီးလောင်

**စစ်ကိုင်း ဒီဇင်ဘာ ၁၃**

စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာရှိ မင်းကွန်းဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် ဓမ္မနာဒကျောင်းဟောင်းဝင်းအတွင်းရှိ ပိဋကတ်ဘုန်းကြီးကျောင်းဆောင်၌ ဒီဇင်ဘာ ၁၂ ရက် ည ၁၀ နာရီခန့်က ဘုရားမီးပူဇော်သည့် ရောင်စုံမီးဆိုင်းမှ ရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်ငါးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၁၁ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ပေ(၃၀×၃၀)သွပ်မိုး၊ ပျဉ်ထောင်၊ အုတ်ခင်း၊ နှစ်ထပ်ကျောင်းဆောင် ဆုံးရှုံးသွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှသိရပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ မီးသတ်ဦးစီးဌာနက လျှပ်စစ်မီးကြိုးများကို စနစ်တကျစစ်ဆေးခြင်းမရှိဘဲ ပေါ့ဆစွာ သုံးစွဲသူ အဆိုပါကျောင်းရှိ ရေမီးတာဝန်ခံ စန်းယု(၃၆နှစ်)အား အရေးယူပေးပါရန် မြို့မရဲစခန်းတွင်အမှုဖွင့်တိုင်ကြားရာ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

# အုတ်ဖိုဘူတာကြားတွင် ရထားနှင့် သုံးဘီးယာဉ်တိုက်မှုဖြစ်

**အုတ်ဖို ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကြို့ပင်ကောက်ဘူတာနှင့် အုတ်ဖိုဘူတာကြားတွင် ရထားနှင့် သုံးဘီးယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဂံဘူတာမှ ထွက်ခွာလာသော အမှတ်(၆၂) အစုန် ပုဂံ-ရန်ကုန် အမြန်ရထားသည် ဒီဇင်ဘာ ၁၃ ရက်နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က အုတ်ဖိုမြို့နယ် ကြို့ပင်ကောက်ဘူတာနှင့် အုတ်ဖိုဘူတာကြား မိုင်တိုင်အမှတ် (၁၀၄/၁၀-၁၁) အရောက် တရားမဝင် သံလမ်းကူးမှ ဖြတ်သန်းမောင်းနှင်လာသော သုံးဘီးယာဉ်နှင့် ရထားတို့တိုက်မိရာ ရထားစီးခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

သုံးဘီးယာဉ်မောင်း နေထူးအောင် (၂၈ နှစ်) အုတ်ဖိုမြို့နယ် သမန်းကုန်းကျေးရွာ နေသူတွင် ဝဲဘက်လက်ကောက်ပြတ်ရှ၊ ယာဘက်လက်မောင်းပြတ်ရှဒဏ်ရာများ ရရှိသဖြင့် ကြို့ပင်ကောက်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


## ပင့်လျှောက်ခြင်း

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) တက္ကသိုလ်ဟိတရေမှ ကြီးမှူးကျင်းပအပ်သော တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် သောတုဇနေ တွေ့ဆုံပွဲအခမ်းအနားကို နတ်တော်လပြည့်ကျော် ၇၊ ၈ ရက် (၂၁-၂၂၊ ၁၂၊ ၂၀၁၆)ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ နတ်တော်လပြည့်ကျော် ၆ ရက် ၂၀-၁၂-၂၀၁၆ အရောက် ကြွရောက်ပါရန် ကျောင်းသားဟောင်း သံဃာတော်အပေါင်းတို့အား ရိုသေလေးစားစွာ ပင့်လျှောက်ပါသည်ဘုရား။

**တက္ကသီလဟိတရေ(ရန်ကုန်)**

**ဖုန်း-၀၉-၂၆၃၆၉၇၃၃၇၊ ၀၉-၄၃၁၃၆၃၀၄၊ ၀၉-၅၁၇၃၄၂၈**

## ရန်ကုန်တပ်ကလပ် အခလွတ် တန်းမြင့်ကျောင်း

## အထက(၃) တာမွေ


ရန်ကုန်တပ်ကလပ် အခလွတ် တန်းမြင့်ကျောင်း (ယခု အထက[၃]တာမွေ) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၅ရက် (တနင်္ဂနွေနေ့)တွင် အထက-၃ တာမွေ ခွဲခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

၄င်းနေ့နံနက်ပိုင်းတွင် ကွယ်လွန်သူ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းအမျှပေးပြီး နံနက် ၁၀း၀၀နာရီတွင် သက်ရှိထင်ရှားရှိနေသည့် ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် ဦးတင်မောင်လှ ဖုန်း-၀၁-၆၆၃၀၇၈၊ ဦးစိုးနိုင် ဖုန်း-၀၉-၅၀၁၃၇၁၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၈၆၁၁၁၆၆၊ ဦးတင်အေး ဖုန်း-၀၁-၅၄၆၆၄၂၊ ဦးလှတင် ဖုန်း-၀၉-၄၂၈၂၀၄၈၈၂၊ ဦးဖြူဝင်း ဖုန်း-၀၉-၇၃၁၈၈၉၀၇၊ ဦးစိန်မြင့် ဖုန်း-၀၉-၅၁၃၅၇၆၄၊ ဦးမြင့်ဟန် ဖုန်း-၀၉-၃၁၉၁၅၁၆၀၊ ဒေါ်စမ်းစမ်းယဉ် ဖုန်း-၀၁-၅၄၁၇၀၃ တို့ထံ ဆက်သွယ်လှူဒါန်းကြရန်နှင့် အခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြပါရန်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ရောင်းရန်ရှိသည်

ရွှေဇမ္ဗူဒိပ်ကွန်ဒိုအခန်းရောင်းရန်ရှိသည်။
အလွန်တန်သောဈေးဖြင့် ရောင်းမည်။
(MB-1, Single Rm-2, Ktchen& Dinning Rm, Maid Rm, Car parking
(sq-ft/1980)
ဖုန်း-၀၉-၇၉၉၉၇၃၇၄၆၊ ၀၉-၇၈၈၃၀၀၀၃၄၊ ၀၉-၂၅၀၂၀၅၆၈၄




# ဖူးပွင့်လာမည့် ပန်းကလေးများ လှပစေချင်

## ကိုကိုမောင်

နွေဦးလေပြေ တိုက်ခတ်ဝေ့လိုက်စဉ်၊ ကြွေလွင့် ဝဲပျံကျလာသော သစ်ရွက်တွေကို လှဲကျင်းကာ သန့်ရှင်းရေးဆောင်ရွက်နေရှာသူတစ်ဦး မောရမှန်းမသိရှာ ထိုသူ၏ စိတ်အစဉ်မှာ အားတက်သရောပင် လေဝေ့ရာ ကြွေကျလာသည့် သစ်ရွက်တွေကို တံမြက်စည်းတစ်ချောင်းဖြင့် အနိုင်မခံ၊ အရှုံးမပေးစိတ်မွေးကာ လှဲနေရှာလေ၏။

ထိုသူမှာ အခြားသူမဟုတ် အသက်အရွယ်အားဖြင့် ၅၀ ခန့်ရှိ အလယ်တန်းကျောင်းအုပ်ကြီး ဦးလှ ဆိုသူ ဖြစ်ချေ၏။

ဆရာကြီးဦးလှသည် ထိုအလယ်တန်းကျောင်းကို ပြောင်းရွှေ့လာသည်မှာ လေးနှစ်ခန့် ရှိလေပြီ။ သူ့မိသားစုများနှင့်အတူ ကျောင်းဝင်းအတွင်းရှိ နေအိမ်ခန်းတွင် နေထိုင်၍ ကျောင်းဝေယျာဝစ္စ အလုပ်ကို နံနက်လင်းသည်နှင့် တံမြက်လှည်း၊ သောက်ရေအိုးစင်များ ရေဖြည့်၊ ကျောင်းဘုရားခန်းရှိ ပန်းအိုးများ ပန်းလဲ၊ ဘုရားဝတ်ပြုကာ နိစ္စဓူဝ ဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ယူနေသူဖြစ်၏။ သူ၏ရုံးခန်းကိုလည်း သူကိုယ်တိုင်ပင် သန့်ရှင်းရေးလုပ်လေ့ရှိလေ၏။

နေ့စဉ် ကျောင်းတက်၍ ကျောင်းသားစုံလျှင် ကျောင်း၏တန်းစီကွင်းတွင် စုရုံးစေလျက် နိုင်ငံတော်အလံတော်အား အလေးပြု၊ နိုင်ငံတော်သီချင်းဆိုပြီးလျှင် ကျောင်းသီချင်းကို သီဆိုကြသည်။ ထို့နောက် ဆရာကြီးက ကျောင်းစည်းကမ်းနှင့် တပည့်များ လိမ္မာရေးခြားရှိစေရန် ပြောဆိုဆုံးမပြီးလျှင် သူငယ်တန်းမှ စ၍ စနစ်တကျ အတန်းထဲသို့ ဝင်စေပြီး ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ ဘုရားရှိခိုး၊ မေတ္တာပို့ခြင်းများကို ဆောင်ရွက်စေပါသည်။

ဆရာကြီး ဦးလှသည် စာရေးသူနှင့် ရင်းနှီးကျွမ်းဝင်သူလည်း မဟုတ်ပေ။ သူ့အား စာရေးသူတာဝန်ကျရာ အနီးတွင် ရှိနေပြီး သားသမီးများကလည်း ဆရာကြီး၏ကျောင်းတွင် ပညာသင်ကြားနေခြင်းကြောင့်သာ ဆရာကြီး၏ လုပ်ငန်းဆောင်တာများကို တွေ့မြင်လေးစားနေမိခြင်းဖြစ်ပါသည်။ ဆရာကြီး ဦးလှသည် စကား ပြောလျှင် တိကျပြတ်သားပါသည်။ စိတ်ကူးလည်းမြန်သည်။ မည်သည့်အရာမဆို သူ့မျက်စိရှေ့အမှားဖြစ်နေလျှင် ချက်ချင်းပြင်စေ၏။ ကျောင်းပေါက်ဝကိုသူအမြဲရောက်လေလျှင် သတ်မှတ်ထားသော ဝတ်စားဆင်ယင်မှုထက် ကျော်လွန်ဝတ်စားလာသော ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားအားလုံးကို ချက်ချင်းပြောဆိုဆုံးမလေသည်။

ကျောင်းဝတ်စုံ အင်္ကျီအဖြူကို၊ မည်သည့်ပန်းပုံမှမထိုးရ။ ရင်ဖုံးအင်္ကျီပြောင်သာဖြစ်ရမည်။ ကျောင်းလုံချည်ကိုလည်း အစိမ်းရောင် တစ်ပြေးညီစွာဖြစ်ရမည်။ ကျောင်းသူ ကျောင်းသူများကိုလည်း သတ်မှတ်ထားသော ကျောင်းလက်မောင်းတံဆိပ်၊ ရင်ဘတ်တံဆိပ်၊ ကျောင်းသားကတ် အပြည့်အစုံ ဝတ်ဆင်စေလေသည်။ ကျောင်းအပေါက်ဝတွင် "မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော ဝတ်စုံဝတ်၍ ကျောင်းအတွင်းမဝင်ရ "ဟူသည့် ဆိုင်းဘုတ်ကိုလည်း အားလုံးမြင်တွေ့စေရန် စိုက်ထူထားလေသည်။

ကျောင်းဆရာ ဆရာမများမှစ၍ ကျောင်းသူ ကျောင်းသားအားလုံးကို လက်ဝတ်ရတနာပစ္စည်းများ ကျောင်းတက်ချိန် ဝတ်ဆင်လာခြင်းကိုလည်း အထူးပိတ်ပင်ထားလေသည်။ ဆရာကြီးသည် အပြောနှင့်အလုပ်ကို သက်သေပြသော အနေဖြင့် နိုင်ငံတော်က ပညာရေးမူဝါဒအရ အခမဲ့ပညာရေးစနစ်ဖြစ်သည်နှင့်အညီ ကျောင်းအပ်ချိန်မှစ၍ မည်သည့်အကြောင်းကြောင့်မျှ ငွေကြေးကောက်ခံမှုမပြုပေ။ ဆရာကြီးဦးလှသည် ရှေးယခင်က ကျောင်းအုပ်ကြီးများလုပ်ဆောင်ပုံများကို ကောင်းသည်ကို ဆက်လက် ကျင့်သုံးသည်။ မကောင်းသည်များကို ပယ်ဖျက်ကာ စိတ်ကောင်းစေတနာမှန်ဖြင့် ရှေ့ဆောင်လမ်းပြ လုပ်ဆောင်လေသည်။

ဆရာကြီးသည် နေ့လယ် ထမင်းစား၊ မုန့်စားအားလပ်ချိန်များတွင် အငြိမ့်သား ထိုင်မနေချေ။ ကျောင်းတွင်း မုန့်ရောင်းချသည့် ဈေးတန်းသို့သွားရောက်ကာ ယင်နားစာများ၊ ဆေးဆိုးမုန့်ပဲသရေစာများ၊ ကျန်းမာရေးဌာနက ခွင့်ပြုချက်မပြုသော မုန့်များ ရောင်းချခြင်းရှိ၊ မရှိကို ကိုယ်တိုင်စစ်ဆေးလေသည်။

နေ့လယ် ကျောင်းပြန်တက်ချိန်၊ စာသင်ချိန်အတွင်း အတန်းများသို့ လျှပ်တစ်ပြက်ဝင်ရောက်စစ်ဆေးကာ၊ တပည့်များ သင်ခန်းစာများအပေါ် စိတ်ဝင်စားမှုရှိမရှိ၊ ဆရာ ဆရာမများ ကျောင်းစာမသင်ကြဘဲ၊ ဖုန်းပြောခြင်း၊ ဖေ့ဘွတ်သုံးခြင်းတွေ့ရှိပါကလည်း ကျောင်းရုံးခန်းသို့ခေါ်ယူ၍ ပြင်းပြင်းထန်ထန် သတိပေးဆုံးမလေ့ရှိ၏။ ကျောင်းစာသင်ချိန်အတွင်း ဆရာ ဆရာမများ ကိုယ်ရေးကိုယ်တာ ကိစ္စများ ရောယှက်မှု မရှိလေသောကြောင့် စေတနာ မေတ္တာအပြည့်အဝထား၍ တပည့်ကျောင်းသားများမှာ အများအားဖြင့် ပြင်ပမှ ကျူရှင်များနှင့် ကင်းဝေးခဲ့လေပြီဖြစ်သည်။ မိဘများအနေဖြင့်လည်း အချိန်ကုန်ငွေကုန်သက်သာရခဲ့လေ၏။

ယနေ့တိုးတက်နေသော ခေတ်ဝယ်၊ လူကြီး၊ လူငယ်များကို အကောင်း၊ အဆိုးပေးတတ်သော လက်ကိုင်ဖုန်းကို ကျောင်းသို့ ယူဆောင်လာခြင်းမပြုရန် ပြင်းပြင်းထန်ထန် ကန့်ကွက်ထားသည်။ တွေ့ရှိပါက ကျောင်းသားမိဘများအား နောက်ဆုံးအကြိမ် ခေါ်ယူသတိပေးလေသည်။

ဆရာကြီးသည် စာမေးပွဲစစ်ဆေးချိန် ရောက်လာလျှင်လည်း အတန်းလိုက်သင်ကြားပြီးသော သင်ခန်းစာများကိုယူ၍ သူကိုယ်တိုင် အပင်ပန်းခံကာ မေးခွန်းထုတ်၊ စာမေးပွဲဖြေကာနီး မိနစ်ပိုင်းအလိုမှသာ ဆရာ ဆရာမများကို လက်တွင်းသို့အပ်ကာ ဖြေစေခဲ့လေသည်။ ယင်းစနစ်သည် ဆရာ ဆရာမများအနေဖြင့်လည်း တပည့်ကျောင်းသားများ၏ အရည်အချင်းကို ကွင်းကွင်းကွက်ကွက် မြင်တွေ့နိုင်သည့် နည်းလမ်းဖြစ်သည်။

> **ကျောင်းပျော်စေဖို့ ကျောင်းတော်က ဆရာ ဆရာမ၏ မျက်နှာသည် စမ်းရေတမျှအေးမြ၍ ပန်းလိုလှစေချင်ပါသည်။ ဆရာ၊ တပည့် အပေးအယူမျှနေချင်ပါသည်။ ပညာရေး မူဝါဒအသိုင်းအဝိုင်းခြံစည်းရိုးအတွင်းမှာနေ၍ ဆရာ ဆရာမများက ကိုယ်ကျိုးမဖက်" ရွှေလက်၊ ငွေလက်နဲ့ မခေါ်နိုင်သော်လည်း၊ မေတ္တာလက်နာသုံးနာများဖြင့် တပည့်များအား လှမ်းလင့်ခေါ်စေချင်ပါသည်။"**

လစဉ်မှစ၍ ပထမ နှစ်ဝက်၊ ဒုတိယနှစ်ဝက်၊ နောက်ဆုံးအတန်းတင် စာမေးပွဲအထိ၊ ထိုနည်းအတိုင်းပြုလုပ်၍ အမှတ်များပေါင်းပါက ပ၊ ဒု၊ တအဆင့်သတ်မှတ်ကာ မျှတစွာဖြင့် ဘက်လိုက်မှုမရှိစေဘဲ၊ ပညာရေးထူးချွန်ဆုကို ပေးအပ်ပါသည်။ ဆရာ ဆရာမများကိုလည်း ကျောင်းတက်ချိန်မှန်မှု၊ ခွင့်မဲ့၊ ပျက်ကွက်ရက်မရှိမှု၊ စည်းကမ်းကောင်းမွန်မှုအစရှိသော ဆုအမျိုးမျိုးကိုလည်း ပညာရေးအားပေးသောအနေဖြင့် ဆုများချီးမြှင့်ပေးသည်။

သို့တွင်မက နွေရာသီကျောင်းပိတ်ရက်များတွင်လည်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများဖွင့်၍ ပဋ္ဌာန်း၊ ပရိတ်၊ ဓမ္မစကြာဝတ်ရွတ်ပြီး ပြိုင်ပွဲများကို မြို့နယ်အလိုက်၊ ခရိုင်အလိုက် ဝင်ရောက်ယှဉ်ပြိုင်စေကာ ဆုတံဆိပ်များလည်း ရရှိလေအောင် ဆောင်ရွက်ပေးနိုင်ခဲ့လေသည်။

ဆရာကြီး ဦးလှ၏ အဓိကအချက်မှာ "စည်းကမ်းသည် လူ၏တန်ဖိုး" ဆိုသည်ကို အလွန်မြတ်နိုးသူ၊ စည်းကမ်းတကျရှိသော ပညာကြိုးစားသော တပည့်များကိုလည်း အထူးလေးစားသူဖြစ်သည်။ ထိုနည်းတူ ကောင်းမြတ်မှန်ကန်သောအလုပ်၊ ပညာရေးတိုးတက်ရာ တိုးတက်ကြောင်းကို ကိုယ်ကျိုးစွန့်၍လုပ်ဆောင်တတ်သည်၊ အပင်ပန်းခံ၍ ၎င်း၏ လုပ်ဆောင်ချက်များအရ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း (တွဲဖက်)ရရှိလာခြင်းကြောင့် ကျောင်းသားမိဘများ ပျော်ရွှင်ခဲ့ရသည်။ မိမိတို့၏ ရင်သွေးများ အလယ်တန်းပြီးလျှင် အခြားကျောင်း ပြောင်းရွှေ့ထားစရာမလိုတော့၍ အလုပ်ရှုပ်ခြင်းမှ သက်သာရလေ၏။

ဤသည်တို့သည်ကားဆရာကြီးဦးလှ၏ စွမ်းဆောင်ချက်အောင်မြင်မှုတို့ကြောင့် ဖြစ်ပေတော့သည်။

စာရေးသူသည် ဌာနတစ်ခုတွင် အလုပ်ရသောကြောင့် ရန်ကုန်မြို့တွင်းသို့ ပြောင်းရွှေ့နေထိုင်ရလေသောအခါ သမီးဖြစ်သူကို အထက်တန်းကျောင်းတစ်ကျောင်းတွင် အပ်နှံပညာသင်ကြားစေခဲ့သည်။ အတန်းက စတုတ္ထတန်းကျောင်းစတင်အပ်စဉ် ကျောင်းအပ်ခမပေးရ၍ "တော်သေးတာပေါ့" ဟု ရင်ထဲ ပီတိဖြစ်ခံစားခဲ့ရ၏။

မကြာပါလေ။ ကျောင်းဖွင့်၍ ရက်အနည်းငယ်အကြာတွင် အတန်းပိုင်က ခေါ်ယူသဖြင့် ဇနီးဖြစ်သူ ကျောင်းသို့သွားရသည်။ စာရေးသူက ဇနီးသည်ကို မေးကြည့်မိလေသော်" ကလေးကို သူ့အတန်းပိုင်ဆရာမရဲ့ကျူရှင်မှာထားရမယ်တဲ့။ မထားရင် ကလေးကအောင်မှာမဟုတ်ဘူး" စသည်ဖြင့် ဖြေကြားသည်။ သမီးဖြစ်သူကလည်း " ဆရာမ မျက်နှာရအောင် နေပါရစေ" ဟု ပြောလာသဖြင့် စာရေးသူအနေနှင့် ရသည့်လစာကလည်း မိသားစု စားဝတ်နေရေးမပြည့်စုံပေ။ သို့သော် သားသမီးပညာရေးက အရေးကြီးသည်ဟု တွေးတောကာ အစစခြိုးခြံချွေတာကာ ထိုအတန်းပိုင် ဆရာမ၏ ကျူရှင်သို့ အပ်နှံလိုက်လေသည်။

ကျောင်းသည် ကျောင်းနှင့်တူစေချင်ပါသည်။ ဆရာသည် ဆရာနှင့်တူစေချင်ပါသည်။ ကျောင်းသားသည် ကျောင်းသားနှင့်တူစေချင်ပါသည်။ ဆရာနှင့်တပည့် အပေးအယူမျှတလျှင် ဆရာလည်းပျော်။ တပည့်လည်းတော်လာပေမည်သာ။ ကျောင်းတက်ချိန် ကျောင်းမှာပျော်ဖို့မှာ အဓိက ဆရာများ၏ သင်ပြဦးဆောင်မှုသည် အရေးကြီးဆုံးဖြစ်ပါသည်။ အတန်းပိုင်ဆရာမ၏ ကျူရှင်မအပ်လျှင်ဆရာနှင့်တပည့်၊ ရန်သူပမာပြုမှု ဆက်ဆံလာမည်။ ထိုသို့ မဖြစ်စေရန် ဆရာများ၏ ကျင့်ဝတ်သည် တပည့်များအတွက် အဓိကကျပေသည်။

စာရေးသူ အမြင်ဖြင့်ဆိုသော် မူလတန်း အဆင့်ရှိ ကလေးငယ်များကို အထူးထုတ်များ သင်ကြားပေးခြင်းသည် မသင့်တော်ဟု ထင်မြင်မိပါသည်။ အထူးထုတ်မှာ မေးခွန်း၊ အဖြေ ပူးတွဲပါလာလေသည်။ ဆရာများအနေဖြင့်လည်း စာသင်ချိန်တွင် ကလေးငယ်များကို သင်ခန်းစာ မည်သည်မှ မည်သည်အထိ ကူးရေးကြဆိုပြီး ဆရာကိုယ်တိုင်က ဖုန်းပြောနေခြင်း၊ ဖေ့ဘွတ်သုံးကာ အချိန်ကုန်စေခြင်းကြောင့် သင်ကြားပို့ချမှုပိုင်းတွင် အားနည်းခဲ့လေမည်။ သို့ဖြစ်၍ အတန်းထဲကျောင်းချိန်တွင် သင်ကြားရမည့် သင်ခန်းစာများအား မိမိကျူရှင်ရောက်မှသာ သင်ကြားကြလေကုန်၏။

ယခုခေတ် အချိန်တွင် အကျင့်ဆိုးများကိုပယ်၍ နိုင်ငံတော်ကြီးကို အတတ်ပညာရှင်များပေါ်ပေါက်စေရန် နိုင်ငံတော်မှ တစိုက်မတ်မတ်အားပေးပြီး ထူးချွန်သော ကျောင်းသားများကို ဂုဏ်ပြုပွဲများပြုလုပ်ပေးနေပြီ။ ပညာရေးဝန်ထမ်းများကိုလည်း နိုင်ငံတော်က ရာထူးအဆင့်ဆင့်မြှင့်တိုးကာ ထိုက်သင့်သော လစာများကို ပေးအပ်ခံစားစေပြီး ဖြစ်သည်။

အချို့ကျောင်းများတွင် ယခုထက်တိုင် မည်သည့်အကြောင်းကြောင့်မျှ ငွေကြေးကောက်ခံမှု မရှိစေရဟူသော စာတန်းသည် ဗီနိုင်းပိုစတာကြီးသာရှိ၍ အကြောင်းအမျိုးမျိုးပြကာ အလှူငွေ ကောက်ခံမှုတွေ တွေ့ရှိနေ၏။ ငွေကြေးချို့တဲ့သော ကျောင်းသားမိဘအနေဖြင့် မပေးလည်းမဖြစ်၍ ပေးနေရလေ၏။

စာရေးသူ၏ အိမ်နီးချင်းမိသားစုတစ်စုသည် စာရေးသူကဲ့သို့ပင် စားဝတ်နေရေး ကျပ်တည်းလေသည်။ နံနက်မိုးလင်းအဆာခံမုန့်စားဖို့နေနေသာသာ ထမင်းကြမ်းခဲလေးကို ကျောင်းသွားခါနီး မောင်နှမနှစ်ဦး အလုအယက်၊ မဝ၊ တဝ စားရလေသည်။ ကျောင်းထမင်းဘူးတွင် ထမင်းဖြူနှင့်ငါးပိရည်လေးဖြင့် ထမင်းချိုင့်အဟောင်းကိုင်၍ ကျောင်းတက်ကြရရှာလေ၏။အတန်းပိုင်က ယနေ့ ဆရာမတစ်ဦး အငြိမ်းစားယူမည်ဖြစ်၍ ကျောင်းပြောင်းရမည်ဖြစ်၍ မည်ရွေ့မည်မျှ ငွေကြေးထည့်ကြရမည်။ မထည့်နိုင်ရင် ဆရာမဆူလိမ့်မည် စသည်ဖြင့် မိဘထံတောင်းကြပါလေသည်။ မိဘတို့မှာလည်း မပေးနိုင်ကြလေသော် ကျောင်းတက်ရန် အချိန်ကနီး။ နောက်ဆုံးပေးစရာ ငွေမရှိလို့ "ဒီနေ့မတက်နဲ့" နောက်တစ်နေ့ရောက်လည်း ထိုနည်းတူစွာဖြစ်၍ ကျောင်းတက်ရက်များ တစ်ရက်မှ နှစ်ရက်၊ ရက်များစွာ ကျောင်းပျက်ကြလေကုန်သည်။ ကျောင်းပျက်ရက်များကြောင့် ကျောင်းတက်ရမည်ကြောက်ကာ ငိုရသည့်နေ့များစွာကို မြင်တွေ့ရပြီး စိတ်မချမ်းသာဖြစ်ကြရလေ၏။

ကျောင်းပျော်စေဖို့ ကျောင်းတော်က ဆရာ ဆရာမ၏ မျက်နှာသည် စမ်းရေတမျှအေးမြ၍ ပန်းလိုလှစေချင်ပါသည်။ ဆရာ၊ တပည့် အပေးအယူမျှစေချင်ပါသည်။ ပညာရေး မူဝါဒအသိုင်းအဝိုင်းခြံစည်းရိုးအတွင်းမှာနေ၍ ဆရာ ဆရာမများက ကိုယ်ကျိုးမဖက်" ရွှေလက်၊ ငွေလက်နဲ့ မခေါ်နိုင်သော်လည်း၊ မေတ္တာလက် နာသုံးနာများဖြင့် တပည့်များအား လှမ်းလင့်ခေါ်စေချင်ပါသည်။"

စာရေးသူသိမြင်ခဲ့သော ဆရာကြီးဦးလှကဲ့သို့ ကျောင်းအပေါ် ဆရာ ဆရာမများအပေါ် ကျောင်းသား ကျောင်းသူတပည့်များအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ထားမည်ဆိုလျှင် ပညာရေးလောကကြီးတွင် လေးစားအတုယူဖွယ် ဆရာ ဆရာမများ အများအပြား ပေါ်ပေါက်လာမည်ဟု စာရေးသူ အပြည့်အဝယုံကြည်မိပါသည်။

စာရေးသူသည် စာရေးလေ့မရှိသကဲ့သို့ စာရေးဆရာတစ်ဦးလည်း မဟုတ်ပါချေ။ ကြိုးစား၍ အတုယူထိုက်သော ဆရာ ဆရာမများကို မေတ္တာ၊ ကရုဏာတရားဖြင့် ကိုယ်စွမ်းရှိသမျှ ရေးသားခြင်းဖြစ်ပါသည်။ ဤဆောင်းပါးသည် မည်သူကိုမျှ မရည်ရွယ်သော်လည်း ယခုလက်ရှိကျင့်ကြံ၊ အားထုတ်နေသော အချို့ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အတုယူစေဖို့ရာ ကိုယ်ကျင့်တရားကောင်းလာစေရန် ရည်ရွယ်ပါသည်။

ဆရာ ဆရာမများ၏ မေတ္တာ၊ စေတနာများကြောင့် နိုင်ငံတော်ကြီး ပညာရေးစနစ်ဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ဖို့ " ပန်းကလေးများလှပစေချင်ပါသည်"ဟူ၍သာ အပြုသဘောဖြင့် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။ ။

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံ ၅/ ၂၀၁၆ သင်တန်းဖွင့်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောတောင်သူလယ်သမားများ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် ဆင်းရဲမှုပပျောက်ပြီး စက်မှုလယ်ယာစနစ်ကို ကူးပြောင်းလာစေရန်အတွက်ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံ ၅/ ၂၀၁၆ သင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးသင်တန်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးမြသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူးရုံးမှပြည်နယ်မှူး ဦးမောင်မောင်ဆန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများကြီးကြပ်ပြီး သင်တန်းသား ၃၀ တို့အား နှစ်ပတ်တာကာလအတွင်း ထွန်စက်ကြီးနှင့် ထွန်ယက်ကိရိယာဘာသာရပ် လက်တွန်းထွန်စက်၊ လယ်ယာသုံး စက်ကိရိယာ၊ ကောက်ရိတ်စက်၊ အခြောက်ခံစက်၊ စက်မှုလယ်ယာစနစ်ကျလယ်ယာဖော်ထုတ်ခြင်း၊ လက်တွန်းထွန်စက်၊ ထိန်းသိမ်းမှု ခေတ်မီနိုင်ငံများနှင့် စက်မှုလယ်ယာကူးပြောင်းမှုခေါင်းစဉ်များဖြင့် စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**






*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် " ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော " မန္တလေး မျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ချိုင်းရှုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# မှန်မကြည့်ဖြစ်တော့တဲ့ မန္တလေး

**ဆူးငှက်**

*ယခင်အပတ်မှအဆက်*



တချို့ရက်များဆိုလျှင် ကိုစိုးဝင်းငြိမ်းက မနက်စာအိမ်မှာ စားပြီး မွန်းလွဲ ၁ နာရီတွင် ကျွန်တော်နှင့် ၂၂ စီလမ်းက "ရတနာ" မှာဗီဒီယိုသွားကြည့်ကြ၏။ တစ်ခါတစ်ရံ ၄၂လမ်း ကိုသင်းပန်အိမ် အရှေ့ဘက်က ဗီဒီယိုသို့လည်း ရောက်တတ်သည်။ ထိုဗီဒီယိုရုံများမှာ ကိုကျော်စိုးဝင်းနှင့် ချိန်းထားသည်။ ထိုအချိန် ကိုကျော်စိုးဝင်းက 'လူထု'မှာ...။

မနက်ပိုင်းမှာ ကျွန်တော့်အိမ်သို့ ရောက်လာသူ နောက်တစ်ဦးက ဆရာမညိုညိုတင်လှ ဖြစ်သည်။ သူက မန္တလေးဆေးတက္ကသိုလ် မြန်မာစာဌာနက ဆရာမနို့ အဆောင်မှာနေ၏။ကျောင်းဖွင့်ရက်ဆိုလျှင် မနက်ပိုင်း၌ ဆရာမစုထားနှင့်အတူ ၃၁ လမ်းက ဒေါက်တာနည်ဝင်း (ကြည်ဇော်ဝင်း) အိမ်မှာ လက်ဖက်ရည်သောက်ပြီးမှ ကျောင်းတက်တတ်သလို အတန်းမရှိ ရက်၊ ကျောင်းပိတ်ရက်ဆိုလျှင်ကျွန်တော့်အိမ်သို့ ရောက်လာပြီး ကျွန်တော့် အမျိုးသမီးနှင့်နှစ်ယောက် လက်ဖက်ရည်လိုက်သောက်သည်။ အိမ်မှာအေးအေးဆေးဆေးနားသည်။ သူ့ဖေးဘရိတ် "တူးတူး"သီချင်းတွေကို ကက်ဆက်ဖွင့်ကာ စိတ်လိုလက်ရ လိုက်ဆိုတတ်၏။

ကျွန်တော့်ဆီ မနက်ပိုင်းစုကြသူများက အိမ်နှင့်ပါ ရင်းနှီးနေကာ ကျွန်တော့်အိမ်တွင်းရေးပါ သိရှိထားကြပြီး မျှဝေခံစားကြသူချည်း ဖြစ်နေသည်။ လိုအပ်သမျှ ဝိုင်းဝန်း ကူညီကြသည်။ ရေးဖို့သားဖို့ ကြောင်းခြင်းရာတွေ ပြောဆိုကြသည်။ မုဒိတာစိတ်ဖြင့် နွေးထွေးကြ၏။

ကျွန်တော်က စာအုပ်အငှားဆိုင်လေးရှိတော့ ညပိုင်းမှာလည်း သည်လူတွေပဲ ပြန်ရောက်လာကြသည်။ စာအုပ်ငှားစားပွဲလေးမှာ ဝင်ထိုင်ပြီး ကူညီကြသည်။ ညပိုင်းမှာတော့ ထိုစားပွဲလေးရှိရာ ခုံရှည်သို့ ကိုကျော်စိုးဝင်းလည်းရောက်လာတတ်၏။ ကိုပိုင်စိုးဝေလည်း ရောက်လာတတ်၏။

ဆရာဝင်းစည်သူလည်း ရောက်လာတတ်၏။ ထို့အတူ ကိုရိုးကွန့်၊ ကြည်ဇော်ဝင်းတို့လည်း ရောက်လာတတ်သည်။

ကျွန်တော့်စာအုပ်အငှားဆိုင်လေး၏ စာရင်းစာအုပ် လေးထဲမှာ စာရေးဆရာများ၏ လက်ရေးအစုံရှိနေသည်။ ကူညီညာပြီး စာအုပ်စာရင်းမှတ်ပေးသည့် လက်ရေးတွေ အပြင် အချင်းချင်းချိန်းဆို၊ ပြောဆိုချင်သော အကြောင်း အရာတွေလည်း စာရင်းစာအုပ်၏ နောက်ဆုံးစာမျက်နှာကို လှန်လှော့ရေးသွား လက်မှတ်ထိုးသွားကြသည်။ ရန်ကုန် ရောက် မန္တလေးသား စာရေးဆရာကြီးများ၏ အချိန်း အချက် လက်ရေးများပင်ရှိသည်။"စိုးဝင်းငြိမ်း၊ ငါ့မန္တလေး ရသစာစု မဂ္ဂဇင်းအတွက် ဒီဇိုင်းကိစ္စပြောရအောင် မနက်ဖြန်ကာ လပ်ကီးဟိုတယ်လာခဲ့၊ စောင့်နေမယ်" ဟူသော စာမျိုး ဖြစ်၏။ စကားမစပ် ကျွန်တော့်စာအုပ်ဆိုင်လေး၏ စာရင်းစာအုပ်မှာ ရုပ်ရှင်မင်းသမီးနှစ်ယောက်၏ စာအုပ်စာရင်းမှတ်သော လက်ရေးပင်ရှိခဲ့ဖူးသည်။ ဖြစ်ပုံကသည်လို ...။

ဗီဒီယိုပေါ်ဦးကာလက ရန်ကုန်မှ နာမည်ကျော် ဒါရိုက်တာကြီးနှစ်ဦးက မန္တလေးမှာ ဗီဒီယိုတစ်ကားလာရိုက်သည်။ ယခုလို တောင်ပြုံးပွဲကြီး ကျင်းပနေချိန်ပေ့ါ။ ဇာတ်ဝင်ခန်းမှာ တောင်ပြုံးပွဲပါသည်။ မင်းသား၊ မင်းသမီး တောင်ပြုံးပွဲ လည်ပတ်ခန်း၊ တောင်ပြုံးပွဲကို မတ္တရာရထားနှင့် လုယက်တိုးဝှေ့တက်ကာ သွားသည့် အခန်းတွေပါသည်။ ထို့ပြင် ဇာတ်တစ်ဝက်က မန္တလေးမှာ ဇာတ်အိမ်တည်သည်။ ဇာတ်လမ်းအရ မင်းသမီး က မန္တလေးသူ။ ဗီဒီယိုရိုက်ရင် တောင်ပြုံးမှာ ၊ မန္တလေးမှာ လည်ပတ်မှာမို့ ရန်ကုန်က ရင်းနှီးရသော စာရေးဆရာ၊ ရုပ်ရှင်ဝေဖန်ရေး စာရေးဆရာကြီး ဇနီးမောင်နှံလည်း ပါလာမည်။ ဆရာကြီးတို့ ဇနီးမောင်နှံက ကျွန်တော့်အိမ်မှာ တည်းကြမည်။ ဒါရိုက်တာနှင့် မင်းသား၊ မင်းသမီးများက ဌာနဆိုင်ရာ ဘန်ဂလိုတစ်ခုမှာ တည်းကြမည်။ စက်အဖွဲ့နှင့် ကျန်လူများက မန္တလေး တောင်ခြေ ရဟန်းပျို့ကျောင်းတိုက်မှာ တည်းကြမည်။ ဤအစီအစဉ်ဖြင့် မန္တလေးသို့တက်လာခြင်းဖြစ်၏။

ဤသို့ဖြင့် မန္တလေးဘူတာအဆင်း ကျွန်တော့်အိမ်သို့ စာရေးဆရာကြီးဇနီးမောင်နှံကို လိုက်ပို့ကြသည်။ ထို့နောက် သူတို့တည်းခိုရာ နေရာအသီးသီးသို့ ခရီးဆက်ကြသည်။ ဒါရိုက်တာနှင့် မင်းသား၊ မင်းသမီးများတည်းသော ဘန်ဂလိုက ကျွန်တော့်အိမ်နှင့် မဝေးလှ။ ရက်သတ္တပတ်ကျော်ကြာ ရိုက်ရက်ယူသောကြောင့် စရောက်ပြီး တစ်ရက် နှစ်ရက်မှာပင် ရင်းနှီးကြကာ ကျွန်တော့်အိမ်၏အကျယ် အဝန်းအရ မင်းသား၊ မင်းသမီးများ ကျွန်တော့်အိမ်သို့ ပြောင်းရွှေ့လာကြတော့သည်။

သည်တော့ ညနေစာအုပ်ဆိုင်မှာ အိမ်မှာတည်းသော မင်းသမီးနှစ်လက်ကဝင်ပြီး စာအုပ်စာရင်းမှတ်ပေးကြတော့၏။ သည်တုန်းက နာမည်ကျော် စာရေးဆရာတစ်ဦး ကိုင်သော မဂ္ဂဇင်းတစ်အုပ်က အရောင်အသွေး လှလှပပ နှင့် တံခွန်ထူနေချိန်။ စာအုပ်လာငှားသော ကာလသား များက စာရင်းမှတ်သည့် မင်းသမီးထံ ထိုမဂ္ဂဇင်းကိုပဲ တမေး တည်းမေးသည်။ထိုမဂ္ဂဇင်းကောင်းကြောင်း၊ ထိုမဂ္ဂဇင်း လှကြောင်း၊ ထိုမဂ္ဂဇင်းကို စွဲမက်ကြောင်း၊ ထိုမဂ္ဂဇင်းကို ချစ်ကြောင်း၊ ထိုမဂ္ဂဇင်းက မင်းသမီး နာမည်နှင့်တူနေ တာကိုး...။

ထားပါတော့။

ချုပ်လိုက်ရလျှင် ..သည်တုန်းက မန္တလေးမှာ မျှော်လင့် ချက်ကြီးစွာဖြင့် စာအုပ်ထုတ်ဝေမှု ဖွံ့ဖြိုးလာမည်ကို ငံ့လင့်သည်။ တစ်နိုင်တစ်ပိုင်နည်းဖြင့် ကိုယ်အားသန်ရာ စာအုပ် ထုတ်ကြသည်။ သည်အလုပ်၊ သည်မျှော်လင့်မှု များဖြင့် စာရေးဆရာများ တူရာစုကြသည်။ ကလောင် သစ်များက အားမွေးကြိုးပမ်းမှုအဟုန်ကြီးလာသည်။ တစ်သွေးညီ၊ တစ်ရောင်ညီ တူစရာမလို။ ပန်းပေါင်းတစ်ရာ ပွင့်စေရမည်။ ငြိမ်းချမ်းစွာ သဘောကွဲနိုင်သည်။ တူရာစု လုပ်မည်။ မတူတာ ခွဲလုပ်မည်ဟူသော သဘောထားကို ပြုစုပျိုးထောင်၏။

ထိုစဉ်က ဝုန်းခနဲ နာမည်ရလာသည့် ရန်ကုန်က စာရေးဆရာတစ်ယောက် မန္တလေး ရောက်လာပြီး ဖျတ်ခနဲ မန္တလေးကဲခတ်ကာ ကိုအော်ပီကျယ်နှင့် ကျွန်တော့်အား " မန္တလေးက အရင်လိုမဟုတ်ဘဲ အုပ်စုတွေကွဲနေပါလား ဗျ" ဟု စကားတင်းဆို၏။ ကိုအော်ပီကျယ်က... ကွဲတာ၊ တွဲတာရယ်လို့ မဟုတ်ပါဘူးဗျာ။ ရေးသူတွေများလာတဲ့ အခါ တူရာစုသွားတဲ့သဘောပါ။ ရေးသူ လေးငါးယောက် ဆိုရင်တော့ စုစည်းတယ်။ တွဲတယ်လို့ ပြောရမှာပေ့ါ။ အခုလို လေးငါးဆယ်ရှိလာတော့ တစ်နေရာတည်း ဘယ်စု နိုင်ပါ့မလဲ။ တူရာစုကြတာပါပဲဟု ရှင်းပြသည်။

*စာမျက်နှာ ၁၇ သို့*

## မတ်ပဲ ၊ ပဲတီစိမ်းသီးနှံတွင်ကျရောက်သော အဝါရောင်မှိုစေ့ပိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေး



**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ မတ်ပဲ၊ ပဲတီစိမ်းသီးနှံတွင်ကျရောက်သော အဝါရောင်မှိုစေ့ပိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ဒီဇင်ဘာ ၁၀ရက်က ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာရှိ စိုက်ပျိုးရေးပညာပေးစင်တာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်တိုင်းစိုက်ပျိုးရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က အမှာစကားပြောကြားပြီး ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက သီးနှံများကုန်ကျစရိတ် လျှော့ချရေးနှင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်ရေးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်း သီးနှံကာကွယ်ရေးဌာန တာဝန်ခံ ဒေါ်ခင်မြမြလွင်နှင့် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး(ရုံးချုပ်)မှ ဒေါက်တာခင်ခင်မာလာမြင့်တို့က မတ်ပဲ၊ ပဲတီစိမ်းသီးနှံတွင် ကျရောက်သော အဝါရောင်မှိုစေ့ ဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပိုးသတ်ဆေးအသုံးပြုပုံနှင့် ပိုးသတ် ဆေးအမျိုးအစားများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပြင်ဦးလွင်မြို့မှ ပန်းချီဆရာများ ပန်းချီကား ၁၀၀ ကျော် စုပေါင်းပြသ

**မန္တလေး ဒီဇင်ဘာ ၁၃**

ပြင်ဦးလွင်မြို့မှ ပန်းချီဆရာများစုပေါင်းပြသသော Art of Highland MAYMYO GROUP SHOW ပြပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပသည်။

ပန်းချီပြပွဲဖွင့်ပွဲ အခမ်းအနားတွင် ဆရာကြီး ဒေါက်တာကိုကိုကြီးက အမှာစကားပြောကြားပြီး ဆရာကြီးဦးဇော်ဝင်း(သစ်ထွင်း)က မုဒိတာစကားပြောကြားသည်။ ထို့နောက် ပန်းချီပြပွဲ၌ ပါဝင်ရေးဆွဲသူ ဆရာကြီးဦးချစ်သောင်းနှင့် ဆရာကြီးဦးမျိုးဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြင်ဦးလွင်မြို့မှ ပန်းချီဆရာ ၁၂ ဦး၊ ပန်းချီဆရာမတစ်ဦး စုစုပေါင်း ၁၃ ဦးတို့က ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ပန်းချီကား ၁၀၀ ကျော်ကို ပြသထားပြီး ဒီဇင်ဘာ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကယားပြည်နယ်တွင် မိုးစပါးရိတ်သိမ်းချိန် ရိတ်သိမ်းခြွေလှေ့စက်အငှားသွက်နေ

**လွိုင်ကော် ဒီဇင်ဘာ ၁၃**

ကယားပြည်နယ်အတွင်းရှိ လယ်မြေများတွင် စပါးရိတ်သိမ်းရာ၌ ရိတ်သိမ်းခြွေလှေ့စက်များကို ငှားရမ်းအသုံးပြုသူ များပြားလာသောကြောင့် စပါးရိတ်သိမ်းခြွေလှေ့စက် အငှားလိုက်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူများ အငှားသွက်နေကြရကြောင်း သိရသည်။

"လယ်ယာလုပ်သား ရှားပါးပြီး ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုရန် လူအင်အား အသုံးပြုရမှု နည်းပါးပြီး အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်တဲ့အတွက်ကြောင့် စပါးရိတ်တဲ့အခါ ရိတ်သိမ်းခြွေလှေ့စက်ကို ငှားရမ်းအသုံး ပြုသူများလာပါတယ်။ စပါးရိတ်သိမ်းခြွေလှေ့စက် ငှားရမ်းခနှုန်းထားက တစ်ဧကကို ငွေကျပ် ၅၀၀၀၀ ပါ။ ကယားပြည်နယ်မှာ စပါးရိတ်သိမ်း ခြွေလှေ့စက်အရေအတွက် နည်းပါးနေသေးတာကြောင့် အလှည့်စောင့်ဆိုင်း ငှားရမ်းအသုံးပြုနေရတော့ လိုချင်တဲ့အချိန်ငှားမရတဲ့ အခက်အခဲတော့ ရှိပါသေးတယ်" ဟု လွိုင်ကော်မြို့နယ် ထေးငှားလျားကျေးရွာနေ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ကယားပြည်နယ်တွင် စက်မှုလယ်ယာဦးစီးဌာနနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်တို့မှ စပါးရိတ်သိမ်းခြွေလှေ့စက် အငှားလိုက် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြပြီး ကယားပြည်နယ်အတွင်း မြင်းကောင်ရေ ၇၅ ကောင်အားနှင့်အထက် စပါးရိတ်သိမ်းခြွေလှေ့စက် အရေအတွက် စုစုပေါင်း ၁၄ စီးခန့်ရှိနေကြောင်း ကယားပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ စာရင်းကောက်ယူထားချက်အရ သိရသည်။

ကယားပြည်နယ်အတွင်း စပါးရိတ်သိမ်းရာတွင် စက်များကို အသုံးပြုရိတ်သိမ်းခြွေလှေ့ကြသည့်အပြင် သီးနှံမျိုးစုံထွန်ယက်စိုက်ပျိုးကြရာတွင်လည်း စက်များကို အသုံးပြုလာကြရာ ပြည်နယ်အတွင်း စက်မှုလယ်ယာဦးစီးဌာနနှင့် ပုဂ္ဂလိကပိုင် မြင်းကောင်ရေ ၃၆ မှ ၅၀ အားအထိရှိ လယ်ထွန်စက် ၁၅၃ စီး၊ မြင်းကောင်ရေ ၅၁ မှ ၇၅ အထိ ၁၃ စီး၊ မြင်းကောင်ရေ ၇၆ မှ ၁၀၀ အထိ ငါးစီး၊ လက်တွန်းထွန်စက် ၅၇၉၆ စီး အသီးသီး ရှိနေပြီဖြစ်ကြောင်း ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်ယူထားသောစာရင်းအရ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**




# စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်

**သာစည် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားကျေးရွာတွင် ကျေးရွာပြည်သူများ စာပေကို အလွယ်တကူဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများရရှိစေရန် အလှူရှင်မတည်လှူဒါန်းငွေ၊ ကျေးရွာပြည်သူများထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သော ပင်နီအလင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာစာကြည့်တိုက်အဆောက်အအုံသစ်ကိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် ရန်ကုန်မြို့နေ အလှူရှင် ဦးလှဒေါင်း(လဝက-ညွှန်ကြားရေးမှူး-ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်အိအိသန်းက စာကြည့်တိုက်များရှင်သန်ခိုင်မာရေး ဆွေးနွေးသည်။

ထို့နောက်အလှူရှင်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်စာစောင်များနှင့်အလှူငွေများပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုကိုစိုးနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုဘိုတို့က လက်ခံယူခဲ့သည်။

**ထွန်းထွန်း(သာစည်)**

# ကူးစက်တတ်သောရောဂါများအကြောင်း အသိပညာပေး

**လေးမျက်နှာ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ခြင်မှတစ်ဆင့် ကူးစက်တတ် သောရောဂါများအကြောင်း အသိပညာပေးအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က လေးမျက်နှာမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်က အမှာစကားပြောကြားပြီး ရောဂါပိုးများ သယ်ဆောင်သော ပိုးမွှားကောင်များ ကာကွယ်နှိမ်နင်းရေးအဖွဲ့ (ရ.ပ.က.န)မှ တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မင်းထွန်းက ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများအကြောင်းကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာစုစုလှိုင်က ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တင်ရွှေ(ပြန်/ဆက်)**

# ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**သံတွဲ ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ၂၀၁၆-၂၀၁၇ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စုများသို့ ဆက်လက်ထုတ်ပေးလျက်ရှိသည်။ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးလျက်ရှိရာ သံတွဲမြို့နယ်၌ ယခုနှစ်အတွက် ကျေးရွာအုပ်စု ၂၈ အုပ်စုမှ ၆၁၂၉ ဧက အတွက် ချေးငွေများ အချိန်မီထုတ်ပေးလျက်ရှိကြောင်း မြို့နယ် စိုက်/ဘဏ်မန်နေဂျာ ဦးခင်မောင်ညွှန့်ထံမှ သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

*စာမျက်နှာ ၁၆ မှ*

ဟုတ်သည်။ ပြောပါပြီကော... တောင်ပြင် အင်းဝကဖေးမှာ တစ်အုပ်စု၊ ရွှေဝတ်ရည် ရုံးခန်းမှာ တစ်အုပ်စု၊ လူထုမှာ တစ်အုပ်စု၊ မျက်သွယ်ကဖေးမှာ တစ်အုပ်စု၊ ၃၁ လမ်း ဂျပ်စ်မှာ တစ်အုပ်စု၊ ရွှေတြိဂံမှာ တစ်အုပ်စု၊ နန်းရှေ့မှာ တစ်အုပ်စု၊ ကြည့်လိုက်တော့ အုပ်စုကွဲ၊ ဂိုဏ်းကွဲများလိုလို။ မဟုတ်။ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ပွင့်လင်းစွာဆွေးနွေး၊ ရင်းနှီးစွာဆက်ဆံ၊ ရိုးသားစွာ ခွဲလုပ်ကြသည်။ အားလုံး မုဒိတာ...။

တောင်လေးလုံးမှာ စာပေအမှတ်တရပွဲလမ်းတွေရှိလျှင် အားလုံးတစ်စုတစ်လုံးတည်း ဖြစ်သွားသည်။

အပေါ်ယံကိုကြည့်၍ ရန်ကုန်မဂ္ဂဇင်းတချို့၏ အယ်ဒီတာတချို့ (တစ်ဦးစ၊ နှစ်ဦးစ) က မန္တလေးမှာ အုပ်စုကွဲ၊ ဂိုဏ်းကွဲနေပြီ၊ တို့ပေး ဆွပေးလျှင် အချင်းချင်း ထချကြမည်ဟူသော စိတ်ရိုင်းဖြင့် ငါးပွက်ရာ ငါးစာချလို၏။ သို့သော် အဖြေက "မန္တလေးက လူတွေက အထိမခံဘူး၊ တစ်ယောက်ထိရင် အကုန်ဝိုင်းအာကြတာ၊ ကျီးမျိုးတွေ" ဟူသော အဖြေသာရသွားကာ တောက်ခေါက်သွား၏။ မန္တလေးဗေဒကို နားလည်သွားကြသည်။

ထိုမန္တလေးဗေဒကား ရှေးကတည်းက အစဉ်အဆက် ထိန်းသိမ်းလက်ဆင့်ကမ်းခဲ့သော အမွေ...။

အမွေဟူသည် လက်ဆင့်ကမ်းပါများလာသောအခါ ပွန်းပဲ့ပါးလျားလာတတ်၏။ အမွေကို ရယူထိန်းသိမ်းတိုးပွားစေဖို့က "အား" များစွာလိုသည်။ "ကိုယ်ခံအား" က အဓိကဖြစ်၏။ အခြေအနေအရပ်ရပ်သည် "ကိုယ်ခံအား" များကို တရိရိ တိုက်စားပစ်လိုက်သည်။

အပေါ်ယံကြည့်တော့ အားကောင်းမောင်းသန်၊ ဒေါင်ဒေါင်မြည်၊ သို့သော် ရောဂါကကျွမ်းနေတော့ "ကိုယ်ခံအား" က ယဲ့ယဲ့ကျန်သောအခါ လက်ဆင့်ကမ်းယူလာသော အမွေက အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစားခြင်းဖြင့် တတိတိကုန်ကာ... ကောင်းမွေက မကျန်သလောက်ဖြစ်နေပါသည်။

ထိုအမွေသည် ယခု ကျွန်တော်တို့လက်ထဲတွင် ဆုပ်ကိုင်ပြစရာပင် ရှိလေဦးမည်လားမသိ။ ရိုးသားမှု၊ ပွင့်လင်းမှု၊ ရိုင်းပင်းမှု၊ မုဒိတာနှင့် စေတနာ၊ တစ်လွှာပြီး တစ်လွှာ ကွာကျသွားသည်။

အခုတော့...

နန်းရှေ့လမ်းမကြီးပေါ်ရှိ မန္တလေးအစွန်းအဖျား လက်ဖက်ရည်ဆိုင်သုံးလေးဆိုင်၏ အနုပညာလက်ဖက်ရည်ဝိုင်းများကို ကြည်နူးပီတိဖြင့် ကြည့်မြင်နေမိပြီး တစ်ချိန်က မန္တလေးမြို့လယ်ကောင်မှာ ထွန်းကားခဲ့သော စာပေလက်ဖက်ရည်ဝိုင်းများကို လွမ်းဆွတ်နေမိသည်။ တစ်ချိန်ကဆိုသော်ငြား... ဘာမျှမကြာသေး၊ လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်...။

ထိုလက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်သော ခဏငယ်အတွင်းတွင် မြစ်ရေသည် အကြိမ်ကြိမ်စီးဆင်းသွားခဲ့လေပြီ။ ထို့အတူ ယခင်က သန့်ရှင်းကြည်လင်ခဲ့သော ကျွန်တော့်မျက်နှာပေါ်တွင်လည်း အိုးမည်းတွေအထပ်ထပ် ပေကျံလာကာ... ခြေဖနောင့်မှာ အတက်ထွက်လာတော့၏။ လည်ဆံမွေး တထောင်ထောင်၊ မာန်တဖီဖီ ဖြစ်လာတော့၏။ "ဂလိုဗယ်လိုင်ဇေးရှင်း" ဝတ်ရုံကို ဖိုးရိုးဖားရား ဝတ်ဆင်ပြီး စည်းတွေ၊ နယ်နိမိတ်တွေ ဖျက်ပစ်လိုက်၏။ ပြီးတော့ မိမိနှင့် လက်တစ်ကမ်းအကွာမှာပဲ ကိုယ်ကျိုးစီးပွားတံတိုင်းကို ကွန်ကရစ်နံရံဖြင့် ကာရံလိုက်သည်။

ရိုးသားပွင့်လင်းမှုအခြေခံကာ နားလည်ခွင့်လွှတ် ညှိနှိုင်းဖေးမဝန်းရံ လက်တွဲခဲ့သော "မန္တလေးဗေဒ "သည် ကွန်ကရစ်နံရံကိုယ်လုံးများ အချင်းချင်းတိုက်ခိုက်မှုကြောင့် တစ်စစီကြေကွဲသွားသည်နှင့်တစ်ပြိုင်နက် "ငါနှင့်မတူ ငါ့ရန်သူ" ဟူသော အာခေါင်ခြစ်သံ၊ "ငါနှင့်တူသူ ငါ့ရန်သူ" ဟူသော ကြိမ်းမောင်းသံတွေ ဆူညံခဲ့ကြသည်။

ကနဦးလက်ဟောင်း မဂ္ဂဇင်းအယ်ဒီတာကြီးများက "ကျီးမျိုး"တွေဟု ချစ်ခင်စွာ ဂုဏ်ယူခဲ့ရသူများသည် ယခုအခါ မျိုးဆက်သစ်များ၏ "ရွှေဟင်္သာကြီးတွေ" ဟု ထောမနာပြုခြင်းကိုလည်း ကျေနပ်ပီတိဖြင့် ဝမ်းမြောက်နေကြရလေသည်။

တစ်ချိန်က ဖတ်မှတ်နှလုံးသွင်းခဲ့လေသော ဆရာဇော်ဂျီ စာပိုဒ်လေးတစ်ပိုဒ်ကို အလုအယက်၊ အပြိုင်အဆိုင်၊ အားကြိုးမာန်တက် မေ့လျော့ပစ်သူများထဲတွင် ကျွန်တော်လည်း ပါဝင်ခဲ့ချေပြီ။ ဆရာဇော်ဂျီ၏စာပိုဒ်တစ်ပိုဒ်ကို မျက်နှာပူစွာဖြင့် ပြန်လည်ဖတ်ကြည့်မိသည်။

"ကျွန်တော်၊ ကျွန်မ စာရေးချင်ပါသည်။ သို့ရာတွင် မည်သည့်အကြောင်း ရေးရမည်မသိပါ။ ရေးစရာ ရှာမတွေ့ပါဟု မေးလာတိုင်း အောက်ပါအဖြေကို ပေးရပါသည်။

မတော်လောဘထွက်တိုင်း မတော်လောဘထွက်ပြီ၊ မတော်မာနကြွတိုင်း မတော်မာနကြွပြီ၊ ဣဿာမစ္ဆရိယပေါ်တိုင်း ဣဿာမစ္ဆရိယပေါ်ပြီဟု သတိပြုနိုင်အောင် စောင့်ကြည့်ဖို့လိုပါသည်။ မှန်ထဲ၌ မိမိရုပ်ကို မိမိပြန်ကြည့်သကဲ့သို့ မိမိ၏စိတ်ကို မိမိပြန်ကြည့်တတ်ဖို့ ဖြစ်ပါသည်။ မြင်လာလျှင် အလွန်ရယ်စရာကောင်းပါသည်။ မမြင်သေးလျှင်မူ မိမိကိုယ်မိမိ လှပါ၏ ဟူ၍ ထင်နေချင်တတ်သည်။ နည်းများဆိုသလို တတ်နိုင်သလောက် ထိုသို့အားထုတ်နိုင်လျှင် မတော်လောဘ၊ မတော်ဒေါသ၊ မတော်မာန၊ ဣဿာမစ္ဆရိယတို့သည် စိတ်သန္တာန်၌ အားနည်းသွားစရာရှိသည်ဟု ထင်ပါသည်။ အားနည်းသွားသည်နှင့်အမျှ မေတ္တာဓာတ်အားသည် ကောင်းလာမည်ထင်ပါသည်။ မေတ္တာဓာတ်အားကောင်းလျှင် ပတ်ဝန်းကျင်၌ စိတ်ဝင်စားခြင်းရှိလာနိုင်သည်။ ပတ်ဝန်းကျင်၌ စိတ်ဝင်စားခြင်းရှိလျှင် ပတ်ဝန်းကျင်မြင်မှု ကြားမှု ရှိလာနိုင်သည်။ အနည်းဆုံး ပတ်ဝန်းကျင်မြင်မှုကြားမှုရှိလာလျှင် စာရေးစရာ အကြောင်းအချက်တို့သည် တစ်ပုံတစ်ခေါင်းကြီးပါပေ" တဲ့။

ထိုအခါ ကျွန်တော်စာရေးဖြစ်တာ၊ ဝတ္ထုတိုရေးအားတွေကျသွားတာ ဘယ်သူ့အပြစ်တင်စရာလိုပါတော့မည်နည်း။

**ဆူးငှက် ———**

# သီးနှံဈေးကွက်အပြောင်းအလဲကြောင့် တောင်သူများအနေဖြင့် သီးနှံရွေးချယ်စိုက်ပျိုးရန် အခက်တွေ့နေ

**ရေတာရှည် ဒီဇင်ဘာ ၁၃**
မြန်မာနိုင်ငံအတွင်း ဆန်စပါးအပြင် အခြားသော သီးနှံများပါ ဈေးကွက်အတွင်း ဈေးကောင်းရရှိမှု နည်းပါးလျက်ရှိပြီး သီးနှံဈေးနှုန်းများမှာလည်း တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲမှုမြန်ဆန်လျက်ရှိခြင်းကြောင့် တောင်သူလယ်သမားများအနေဖြင့် လက်ရှိ နွေ၊ မိုး၊ ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် မည်သည့်သီးနှံမျိုးကို စိုက်ပျိုးရမည်ဆိုသည်ကို ရွေးချယ်ရန်ခက်ခဲနေကြကြောင်း တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

"စပါးစိုက်တော့လည်း ဈေးကမကောင်း။ ပဲတွေစိုက်တော့လည်း ဈေးကကျဆိုတော့ ဘာစိုက်ရမှန်းကို မသိတော့တာ။ ရှုံးရှုံးမြတ်မြတ်ဆိုပြီး ပဲရော၊ စပါးပါစိုက်ထားတာ အကြွေးကျေရုံလောက်ရတယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ တောင်သူတစ်ဦးက ပြောကြားသည်။ တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် သီးနှံများ အထွက်နှုန်းကောင်းရန်အပြင် ထွက်ကုန်ဖြစ်သော သီးနှံများကို ဈေးကောင်းရရှိရန်အပေါ်တွင်လည်း မူတည်နေသည်။ ထွက်ကုန်သီးနှံများ၏ ဈေးနှုန်းသည် လက်ရှိအချိန်တွင် ပြည်ပဈေးကွက်ဝယ်လိုအားအပေါ်၌ တည်မှီလျက်ရှိရာ ဈေးကွက်အနေအထားကို ခန့်မှန်းရခက်ခဲနေခြင်းကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် အခက်အခဲများကြုံတွေ့နေကြရခြင်းဖြစ်ကြောင်းလည်း အဆိုပါတောင်သူကပင် ဆက်၍ ပြောကြားသည်။

ကျေးလက်ဒေသများမှ တောင်သူများ၏ လယ်ယာမြေများမှ စိုက်ပျိုးထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်သီးနှံများမှာ ဈေးနှုန်းကျဆင်းနေသော်လည်း လက်ရှိဈေးကွက်မှ ပြန်လည်ဝယ်ယူသုံးစွဲနေကြရသည့် ကုန်ပစ္စည်းများမှာမူ ဈေးနှုန်းမြင့်မားလျက်ရှိနေခြင်းကြောင့် ဝင်ငွေနှင့်ထွက်ငွေ အချိုးအစားကွာခြားကာ စီးပွားရေးအရ အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်း တောင်သူများက ဆိုသည်။ "အဓိကအားဖြင့် ကျေးလက်နေသူတွေမှာက အကုန်အကျအလွန်များပါတယ်။ ကျောင်းသားစရိတ်၊ ကျန်းမာရေးကဏ္ဍတွေမှာ ကုန်ကျတဲ့အပြင် လူမှုရေးကုန်ကျငွေကလည်း တစ်နှစ်တစ်နှစ်ကို မနည်းပါဘူး"ဟု ကျေးလက်ဒေသနေ တောင်သူတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် ဈေးကွက်အတွင်း၌ စပါးဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ပြည်ပနိုင်ငံအသီးသီး၌ ဆန်စားသုံးမှုလျော့ကျလာသည့်အပြင် စားသုံးမှုပမာဏနှင့် ထုတ်လုပ်မှုအချိုးအစား ကွာခြားခြင်းကြောင့် ပြည်ပဝယ်လိုအား ကျလာ၍ ဖြစ်ကြောင်း၊ လက်ရှိစပါးဈေးနှုန်းအခြေအနေအရ ယခုနှစ်တွင် အမြင့်ဆုံးဈေးနှုန်းမှာ စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းခွဲထက် မပိုနိုင်ကြောင်းလည်း ကျွမ်းကျင်သူအချို့သုံးသပ်ပြောကြားလျက်ရှိသည်။ စပါးအပြင် အခြားသီးနှံများမှာ လည်း ဈေးကောင်းရရှိရန်အတွက် ပြည်ပဈေး ကွက်ရရှိနိုင်မှုအပေါ်တွင် တည်မှီနေခြင်းဖြစ်ရာ တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် ဈေးကောင်းရနိုင်မည့် သီးနှံအမျိုးအစားကို လိုက်လျောညီထွေ ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် အမြဲလေ့လာဆန်းစစ်ရန် လိုအပ်လျက်ရှိကြောင်းလည်း သိရသည်။



**ကိုလွင်(ဆွာ)**

# ထိုင်ခုံခါးပတ်များပတ်၍ ယာဉ်မောင်းနှင်စီးနင်းရန် တောင်ကြီးမြို့၌ အသိပညာပေး

**တောင်ကြီး ဒီဇင်ဘာ ၁၃**
မော်တော်ယာဉ် မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသည့် ခရီးသည်များအနေဖြင့် ယာဉ်မတော်တဆမှုကြောင့် အသက်အန္တရာယ်ကြုံတွေ့ရခြင်းမှ ကင်းဝေးစေရန်အတွက် ပညာပေးမှုများကို ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



တောင်ကြီးမြို့ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မထသအဖွဲ့ဝင်များ ပူးပေါင်းကာ ယာဉ်မောင်းသူများအား ယာဉ်မောင်းနှင်ချိန်တွင် ထိုင်ခုံခါးပတ်များ ပတ်ထားရန် ပညာပေးစာသားပါ တီရှပ်များ၊ လက်ကမ်းစာစောင်များ အခမဲ့ ဝေငှခြင်း၊ ပညာပေးစတစ်ကာများ ကပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ထိုင်ခုံခါးပတ်ပတ်၍ ယာဉ်မောင်းနှင်စီးနင်းကြရန် ပညာပေးကာလကို ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မလိုက်နာသည့်ယာဉ်မောင်းသူများအား အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အရေးယူရာတွင် ၂၀၁၅ ခုနှစ် မော် တော်ယာဉ်ဥပဒေပါ ပုဒ်မများအရ ဒဏ်ငွေကျပ်သုံးသောင်းအထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး၏ ပြောကြားချက်အရ သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းဖွင့်

**ဗန်းမော် ဒီဇင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် ဟိတရေ ဓမ္မစကူးအဖွဲ့ကကြီးမှူး၍ ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်း အပတ်စဉ်(၁)ကို ကျေးရွာငါးရွာ၌ ဒီဇင်ဘာ ၁၁ ရက်က တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းများကို အောင်သာကုန်းကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ နားယောကျေးရွာ၊ မံကုန်းကျေးရွာနှင့် ပန်းတောပေကုန်းကျေးရွာတို့တွင် တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အောင်သာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် အောင်သာကုန်းကျေးရွာ ကျောင်းထိုင်ဆရာတော်က ယဉ်ကျေးလိမ္မာ ဓမ္မစကူးဖွင့်လှစ်ရခြင်း၏ အနှစ်သာရများကို ရှင်းလင်းမိန့်ကြားကာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဋ္ဌေးက သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ သင်တန်းကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ **ကျော်စွာ(ဗန်းမော်)**

# မော်လူးဘူတာတွင် မြေငှားခွန်တိုးမြှင့်ကောက်ခံ

**မော်လူး ဒီဇင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာဝင်း၌ မြေငှားခများကို တိုးမြှင့်ကောက်ခံသွားရန် တာဝန်ရှိသူများက မြေငှားထားသူများအား ဒီဇင်ဘာ ၁၀ ရက်က အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

မော်လူးဘူတာဝင်းအတွင်းရှိ မြေငှားဆိုင်ခန်းပိုင်ရှင် ၂၃ ဦးနှင့် တင်ဒါဆိုင်တစ်ဦးအား မြန်မာ့မီးရထားတိုင်း(၂)မှ (စီ/ပွား)မန်နေဂျာ ဦးကျော်မိုးက မော်လူးဘူတာရုံးခန်းတွင် တွေ့ဆုံပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် မြေငှားခွန် ငါးရာခိုင်နှုန်းကို တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြေငှားဆိုင်ခန်းပိုင်ရှင်များအနေဖြင့် အမည်ပေါက်ဖြင့်သာ ရောင်းချရမည်ဖြစ်ပြီး အခြားတစ်ဦးတစ်ယောက်အား ငှားရမ်းခြင်း၊ ရောင်းဝယ်ခြင်း၊ တိုးချဲ့ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ထပ်တိုးမြေငှားဆိုင်ခန်းများကို ပြန်လည်၍ချပေးတော့မည်မဟုတ်ကြောင်းလည်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

**ခင်မောင်ဆွေ(မော်လူး)**

# ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်မှု အချိန်မီပြီးစီးစေရန် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပလက်ဝ ဒီဇင်ဘာ ၁၃**
ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တုံးမဝကျေးရွာနှင့် ဘဲဒုံကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီ ပြီးစီးရေးအတွက် တာဝန်ရှိသူများက ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဖောက်လုပ်နေခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအာလ်လျန်ထန်နှင့် တာဝန်ခံများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းသည် အရှည် ၈ မိုင် ၄ ဖာလုံရှိကာ လမ်းဖောက်လုပ်ပြီးစီးသွားပါက ပလက်ဝမြို့အောက်ဘက် ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းရှိ ကျေးရွာများနှင့် ပီချောင်းအရှေ့ဘက်ကမ်းရှိကျေးရွာများကြား ဆက်သွယ်သွားလာမှုကို များစွာလွယ်ကူချောမွေ့စေမည့်အပြင် တုံးမဝကျေးရွာမှ ကုလားတန်မြစ်အရှေ့ဘက်ကမ်းရှိ နမဒါကျေးရွာကို ဖြတ်သန်းသွားသည့် ပလက်ဝ-ကျောက်တော် ကားလမ်းပိုင်းနှင့်ပါ ဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် လမ်းဖောက်လုပ်မှုလုပ်ငန်းများ အမြန်ပြီးစီးကာ အသုံးပြုသွားလာနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနည်းသင်တန်းဆင်း

**ဝိုင်းမော် ဒီဇင်ဘာ ၁၃**
LIFT Fund ၏ ကူညီပံ့ပိုးမှုဖြင့် ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်တန်းကာလလေးရက်ကြာ ဖွင့်လှစ်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း အမှတ်စဉ်(၄/၂၀၁၆)ဆင်းပွဲကို ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအုပ်စု၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းတင့်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်နှင့် ဖွင့်လှစ်ပို့ချနေမှု အခြေအနေများကို ရှင်းလင်းအမှာစကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ ကျေးရွာခုနစ်ရွာမှ သင်တန်းသား ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ အောက်တိုဘာလတတိယပတ်မှ နိုဝင်ဘာလပထမပတ်အတွင်း ခတ်ချိုကျေးရွာအုပ်စုတွင် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား ၂၂ ဦးကိုလည်းကောင်း၊ မိုင်းနားကျေးရွာအုပ်စု၌ ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၂၂ ဦးကိုလည်းကောင်း၊ မဒိန်ကျေးရွာအုပ်စု၌ ကျေးရွာ ကိုးရွာမှ သင်တန်းသား ၁၈ ဦးကိုလည်းကောင်း သင်တန်းများဖွင့်လှစ်၍ ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းအောင်**

# ကျေးရွာနေပြည်သူများအား ကုသရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

**ဒီးမော့ဆို ဒီဇင်ဘာ ၁၃**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်နယ်ကုသရေးဦးစီးဌာနမှ ဆရာဝန်များ ဦးဆောင်သည့်အဖွဲ့က တိုက်နယ်ဆေးရုံသို့ ကွင်းဆင်း၍ ဒီဇင်ဘာ ၁၀ ရက်က ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာခေတ်ကေရီကျော် ဦးဆောင်ပြီး အထွေထွေရောဂါကုသရေးဆရာဝန် ဒေါက်တာအောင်မြတ်သူ၊ ဒေါက်တာစောဟီးသော၊ ဒေါက်တာဇင်မင်းထွန်းနှင့် သွားဘက်ဆိုင်ရာဆရာဝန်များဖြစ်သော ဒေါက်တာမိုးစန္ဒာကျော်၊ ဒေါက်တာလေးမြ၊ သူနာပြုဆရာမများအဖွဲ့က ကွင်းဆင်း၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ဒေါတမကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများ၊ ကျောင်းသားကျောင်းသူများက လာရောက်ပြသကြပြီး အထွေထွေလူနာ ၁၁၀၊ သွားရောဂါဝေဒနာရှင် ၁၅ ဦးနှင့် ကလေးလူနာ ၂၅ ဦးအား လိုအပ်သော ဆေးဝါးကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မန်ယူတို့ နိုင်ပွဲပြန်ရနိုင်တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၆)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဒီဇင်ဘာ ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၁၆)ကို ကစားဖို့ရှိနေပါတယ်။ ခရစ္စမတ်ကာလမှာ ရမှတ်တွေရသလောက် စုဆောင်းကြမယ့်အသင်းကြီးတွေအတွက် အခုကတည်းက ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေကြပြီဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူက အဝေးကွင်းမှာ ကစားရဖို့ရှိနေသလို ချယ်လ်ဆီးကလည်း ဆန်းဒါးလန်းကွင်းမှာ သွားကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် အသင်းကြီးတွေရဲ့ကစားအားက ရလဒ်ကောင်းတွေ ဆောင်ကြဉ်းနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။




### ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူ

ပရီမီယာလိဂ်မှာ ခြေစွမ်းမပြနိုင်တဲ့ မန်ယူဟာ အခုပွဲ အဝေးကွင်းမှာ ကစားရမှာမို့ ခြေကုန်ထုတ်ရဦးမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ရှုံးပွဲများနေတဲ့ ပဲလေ့စ်ဟာ အစဉ်အလာအရ မန်ယူနဲ့ဆုံတိုင်း အသာစီးရလေ့မရှိပါဘူး။ ဒီနှစ်သင်းရဲ့ဆုံတွေ့မှုမှတ်တမ်းတွေအရလည်း မန်ယူက အသာစီးရရှိထားပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ မန်ယူတို့က အားသာမှုရှိတာမို့ ဒီပွဲမှာတော့ မန်ယူတို့ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲပြန်ရနိုင်ပါတယ်။

### ဆန်းဒါးလန်းနှင့် ချယ်လ်ဆီး

တန်းဆင်းဇုန်က လွတ်မြောက်အောင် ရုန်းကန်မယ့် ဆန်းဒါးလန်းကြောင့် ချယ်လ်ဆီးတို့ ခက်ခဲမယ့်ပွဲပါပဲ။ ပုံမှန်ခြေစွမ်းပြန်ရအောင် ကြိုးစားနေတဲ့ ဆန်းဒါးလန်းတို့က အခုပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင် အားထုတ်ပါလိမ့်မယ်။ ချယ်လ်ဆီးကတော့ တန်းစီဇယားကို ဆက်လက်ဦးဆောင်နိုင်ဖို့ ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင် ပုံဖော်ပါလိမ့်မယ်။ အကြိုက်က ချယ်လ်ဆီးဖြစ်ပြီး အနိုင်လည်း ချယ်လ်ဆီးတို့ပဲ ဖြစ်သွားမှာပါ။

### မန်စီးတီးနှင့် ဝက်ဖို့ဒ်

အဝေးကွင်းမှာ တိုက်စစ်မှူးတွေ ခြေစွမ်းကျဆင်းတတ်တာမို့ ဝက်ဖို့ဒ်တို့ ဒီပွဲမှာ မျှော်လင့်ချက်ကြီးကြီးထားလို့မရပါဘူး။ မန်စီးတီးတို့ကတော့ အိမ်ကွင်းမှာဆိုရင် အားထည့်ကစားတာမို့ ဝက်ဖို့ဒ်တို့ ပွဲမချောင်ပါဘူး။ ဝက်ဖို့ဒ်ရဲ့လက်ရှိခြေစွမ်းက မန်စီးတီးကို မယှဉ်နိုင်တာမို့ နိုင်ပွဲတွေပြန်ရရေး ကြိုးစားနေတဲ့ မန်စီးတီးတို့ပဲ အမှတ်ပြည့်ရသွားနိုင်ပါတယ်။

### စပါးနှင့် ဟားလ်စီးတီး

ဒီနှစ် ပရီမီယာလိဂ်မှာ အိမ်ကွင်း ရှုံးပွဲမရှိသေးတဲ့ စပါးတို့က ဟားလ်စီးတီးကို အခုပွဲမှာ အမှတ်ခွဲပေးမှာတော့ မဟုတ်ပါဘူး။ တန်းဆင်းဇုန်ထဲ ကျဆင်းနေတဲ့ ဟားလ်စီးတီးတို့က အမှတ်လိုအပ်ချက်များနေတာမို့ စပါးနဲ့ပွဲမှာ အမှတ်ရရှိရေး အားထုတ်ပါလိမ့်မယ်။ စပါး တိုက်စစ်မှူးတွေက ဂိုးသွင်းနိုင်ကြတာမို့ ဒီပွဲဟာ စပါးရဲ့ပွဲပါပဲ။

### ဝက်စ်ဘရွန်းနှင့် ဆွမ်ဆီး

ခံစစ်ပိုင်း အားနည်းနေတဲ့ ဝက်စ်ဘရွန်းတို့ကတော့ ဒီပွဲဟာ အိမ်ကွင်းလည်း ဖြစ်တာမို့ အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ တန်းစီဇယား အောက်ဆုံးရောက်နေတဲ့ ဆွမ်ဆီးဟာ အမှတ်ရရှိရေး ကြိုးစားရုံကလွဲပြီး တခြားမျှော်လင့်လို့ မရပါဘူး။ အခုပွဲဟာ ဝက်စ်ဘရွန်းရဲ့အောင်ပွဲဖြစ်သွားပါလိမ့်မယ်။

### မစ်ဒယ်ဘရော့နှင့် လီဗာပူး

အဝေးကွင်းမှာ နိုင်ပွဲတွေ ပြန်ရအောင် ကြိုးစားမယ့် လီဗာပူးတို့က မစ်ဒယ်ဘရော့ကွင်းမှာ အမှတ်ခွဲပေးဖို့ စိတ်ကူးမှာတော့ မဟုတ်ပါဘူး။ လီဗာပူး တိုက်စစ်မှာ လူစုံပါဝင်နိုင်တော့ မစ်ဒယ်ဘရော့တို့ သိပ်တော့မလွယ်ပါဘူး။ အခုတလော ခြေမှန် ပြန်ရနေတဲ့ လီဗာပူးတို့ကိုပဲ ဒီပွဲမှာ အားပေးရမှာ ဖြစ်ပါတယ်။

### စတုတ်နှင့် ဆောက်သမ်တန်

ခံစစ်ကြောင်း အမှားအယွင်းတွေကြောင့် ပွဲတိုင်းပေးဂိုးများနေတဲ့ စတုတ်ဟာ အခုပွဲက စတင်ပြီး ပြန်လည်ကြိုးစားတော့မယ်လို့ ဆိုထားတာကြောင့် ဆောက်သမ်တန်တို့ မမျှော်လင့်ဘဲ ရလဒ်ဆိုးရှားနိုင်ပါတယ်။ ဆောက်သမ်တန်ရဲ့အဝေးကွင်းရလဒ်က အားရစရာမရှိတာမို့ ဒီပွဲရဲ့အောင်ပွဲခံသူဟာ စတုတ်ပဲ ဖြစ်သွားနိုင်ပါတယ်။

### အဲဗာတန်နှင့် အာဆင်နယ်

တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးကို ဆက်လက်ဖိအားပေးနိုင်ဖို့အတွက် အာဆင်နယ်ဟာ ဒီပွဲကို သုံးမှတ်အပြည့်ယူဖို့ အားထုတ်ပါလိမ့်မယ်။ အဲဗာတန်တို့က အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားရုန်းကန်နေရပြီး တိုက်စစ်စွမ်းအားလည်း ကျဆင်းနေပါတယ်။ အာဆင်နယ်ရဲ့ အဝေးကွင်း တိုက်စစ်အားကြောင့် အဲဗာတန်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။ အာဆင်နယ်ရဲ့နိုင်ပွဲပါပဲ။ ။




## တစ်လတာအကောင်းဆုံးဆုရခဲ့တဲ့ မန်ယူနောက်တန်းကစားသမား ဗလင်စီယာ

မန်ယူနောက်တန်းကစားသမား အန်တိုနီယို ဗလင်စီယာဟာ နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ညာတောင်ပံ နောက်တန်းကစားသမား ဗလင်စီယာဟာ ဒီဆုကို မိုက်ကယ်ကာရစ်၊ ဇလတ်တန်အီဘရာဟီမိုဗစ်တို့ကို ကျော်ဖြတ်ပြီး အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးသွားခဲ့ပါတယ်။ ဗလင်စီယာဟာ နိုဝင်ဘာလအတွင်းမှာ မန်ယူနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားခဲ့တဲ့အတွက်ကြောင့် အွန်လိုင်းမှ ဆန္ဒမဲပေးသူတွေရဲ့ ၃၉ ရာခိုင်နှုန်း ထောက်ခံမှုကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။ ဝါရင့် ကွင်းလယ်ကစားသမားကြီး မိုက်ကယ်ကာရစ်က ၃၂ ရာခိုင်နှုန်း၊ အီဘရာဟီမိုဗစ်က ၂၉ ရာခိုင်နှုန်းရရှိခဲ့တယ်လို့ ဆိုပါတယ်။ ဗလင်စီယာအတွက် အွန်လိုင်းမှတစ်ဆင့် ပေါင် ၁၂ ဒသမ ၉၉ ကိုလည်း ဆုကြေးငွေအဖြစ် ပေးအပ်သူတစ်ဦးလည်း ရှိတယ်လို့ ဆိုပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗလင်စီယာဟာ မန်ယူနဲ့အတူ အောက်တိုဘာလအတွင်းမှာ လေးပွဲ ပွဲထွက်ကစားခဲ့ပြီး အကောင်းဆုံး ဂိုးသွင်းနိုင်အောင် ပံ့ပိုးမှုတွေပြုလုပ်ပေးခဲ့တယ်လို့ ဆိုပါတယ်။

## စပါးနှင့်ပွဲမှ ဒဏ်ရာကြောင့် အမ်ခီတာရမ်း မန်ယူအတွက် နှစ်ပွဲလွဲချော်နိုင်

စပါးနဲ့ ကစားတဲ့ပွဲမှာ ဒဏ်ရာရရှိသွားတဲ့ ဟင်းနရစ်အမ်ခီတာရမ်းဟာ မန်ယူနဲ့ ပြိုင်ပွဲနှစ်ပွဲလွဲချော်လိမ့်မယ်လို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။ မန်ယူက စပါးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲမှာ အမ်ခီတာရမ်း ဒဏ်ရာရခဲ့တာပါ။ အမေရိကန် ဘောလုံးသမား အမ်ခီတာရမ်းဟာ ဒီပွဲမှာ မန်ယူအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုလည်း သွင်းယူပေးသွားခဲ့ပါတယ်။ မော်ရင်ဟိုအနေနဲ့ ဘောက်ဆင်ဒေးမှာ ပြန်လာဖို့မျှော်လင့်ပေမယ့် လာမယ့်ပြိုင်ပွဲ နှစ်ပွဲမှာတော့ လွဲချော်သွားလိမ့်မယ်လို့ ဆိုပါတယ်။ အမ်ခီတာရမ်းဟာ ဒီပွဲမှာ ခြေမျက်စိပြင်းထန်စွာ ဒဏ်ရာရရှိသွားတယ်လို့ ဆိုပါတယ်။ အမေရိကန် ဘောလုံးသမား အမ်ခီတာရမ်းရဲ့တစ်လုံးတည်းသော အဆုံးအဖြတ်ဂိုးကြောင့် မန်ယူအသင်းဟာ ထိပ်ဆုံးလေးသင်းနဲ့ ရမှတ် လေးမှတ်သာ ကွာခြားမှုရှိတော့ပါတယ်။ ဒီပွဲဟာ စက်တင်ဘာလနောက်ပိုင်း မန်ယူအိမ်ကွင်းမှာ ပထမဆုံး အနိုင်ပွဲလို့လည်း ဆိုပါတယ်။ အမ်ခီတာရမ်းဟာ လာမယ့်ရက်တွေမှာ ကစားမယ့် ခရစ္စတယ်ပဲလေ့နဲ့ ဝက်စ်ဘရွန်းတို့နဲ့ ကစားမယ့်ပွဲတွေမှာ လွဲချော်နိုင်ပါတယ်။





## ကမ္ဘာ့ကလပ်ပြိုင်ပွဲမှာ ပါဝင်ကစားဖို့ စီရော်နယ်ဒို ဂျပန်ကို ရောက်ရှိလာ

စီရော်နယ်ဒို၊ ဘင်ဇီမာ၊ ရာမို့စ်တို့ ပါဝင်တဲ့ ရီးရဲမက်ဒရစ်အသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့ကလပ်ပြိုင်ပွဲ ကစားဖို့ ဂျပန်နိုင်ငံကို တနင်္လာနေ့က ရောက်ရှိလို့လာခဲ့ပါတယ်။ နည်းပြဇီဒန်းဦးဆောင်တဲ့ ရီးရဲမက်ဒရစ်အသင်းဟာ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ကို ရောက်ရှိခဲ့ပါတယ်။ ပြင်သစ်နိုင်ငံသား ဇီးဒန်းဦးဆောင်တဲ့ ရီးရဲမက်ဒရစ်အသင်းဟာ စီရော်နယ်ဒို၊ ဘင်ဇီမာတို့နဲ့အတူ ကစားသမား ၂၃ ဦး လိုက်ပါခဲ့ပြီး ဂုဏ်သိက္ခာတစ်ခုအတွက် ယှဉ်ပြိုင်ကစားဖို့ ဂျပန်နိုင်ငံကို စတင်ရောက်ရှိခဲ့ပါတယ်။ ဒီပွဲမှာ ဒဏ်ရာရထားတဲ့ ဝေလကစားသမား ဂါးရက်ဘေးလ်ကိုတော့ မတွေ့ရပါဘူး။ သူ့အနေနဲ့ ဒီပွဲမှာ ပွဲကြည့်ပရိသတ်တစ်ဦးအနေနဲ့သာ စောင့်ကြည့်မယ့် အနေအထားရှိပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ကြာသပတေးနေ့မှာ မက္ကဆီကိုကလပ် အမေရိကအမည်ရှိအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာပါ။ ရီးရဲမက်ဒရစ် အသင်းအနေနဲ့ တနင်္ဂနွေနေ့မှာ ယှဉ်ပြိုင်ကစားမယ့် ဗိုလ်လုပွဲသို့ တက်လှမ်းဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

❑ ကောင်းမြတ်သူ - စုစည်းသည်။ ❑

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မီဒီယာစွမ်းရည်မြှင့်ရက်တိုသင်တန်းဖွင့်

**ကလေး ဒီဇင်ဘာ ၁၃**
အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသမှ Impulse Case Info Centre(ICIC)နှင့် မြန်မာနိုင်ငံ ခရစ်ယာန်ကလျာဏယုဝအသင်း(YMCA) တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း အစိုးရဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ရည်ရွယ်၍ လူထုအတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာစနစ်တစ်ခု ပေါ်ပေါက်လာစေရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မီဒီယာများစွမ်းရည်မြှင့် ရက်တိုသင်တန်းကို ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

ကလေးမြို့ မင်းကြီးဟိုတယ်၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းဖွင့်ပွဲတွင် ICIC Myanmar မှ Project Manager နှင့် SLiCE Project Myanmar YMCA မှ ဦးစောခူက သင်တန်းနှင့်ပတ်သက်၍အမှာစကားပြောကြားပြီး Impulse NGO Network India မှ ဥက္ကဋ္ဌ Ms. Hasina Kharbhih က နက်ဝပ်၏ လုပ်ငန်းစဉ်များနှင့် ကမ္ဘာတွင်လက်ရှိဖြစ်ပေါ်နေသော လူကုန်ကူးမှုအခြေအနေများကို အသေးစိတ်ပို့ချသင်ကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (ကလေး)မှ တပ်ဖွဲ့စိတ်မှူးရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာဥပဒေများကိုလည်းကောင်း၊ HOPE Foundation Myanmar မှ တာဝန်ရှိသူတစ်ဦးက လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု၏ အခြေခံသဘောတရားများ၊ မြန်မာနိုင်ငံရှိ လူကုန်ကူးမှုဖြစ်စဉ်အခြေအနေများကိုလည်းကောင်း၊ မော်ကွန်း လစဉ်ထုတ်မဂ္ဂဇင်း တည်ထောင်သူ မြန်မာနိုင်ငံ သတင်းနှင့်မီဒီယာကောင်စီအဖွဲ့ဝင် ဆရာဇေယျာလှိုင်က လူကုန်ကူးမှုတားဆီးကာကွယ် တိုက်ဖျက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍများကိုလည်းကောင်း သင်ကြားပို့ချခဲ့သည်။

သင်တန်းကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ နှစ်ရက်တာ ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် အစိုးရဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူ ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေကြသော အစိုးရဌာနများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့အစည်းများ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်နိုင်သည့်ကွန်ရက်တစ်ခုကို ဖော်ဆောင်နိုင်ရန် လှုပ်ရှားမှုများအနေဖြင့် လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်ပေးစင်တာ ဖွင့်လှစ်ခြင်း၊ လက်တွဲဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများအတွက် စွမ်းရည်မြှင့်သင်တန်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် သတင်းအချက်အလက်မှတ်တမ်းတင်ဖလှယ်နိုင်သော အွန်လိုင်းဆော့ဖ်ဝဲကို အသုံးပြုနိုင်ရန် သင်တန်းများပို့ချပေးခြင်းစသည့် လှုပ်ရှားမှုများကို ၂၀၁၃ ခုနှစ်မှစတင်ကာ သုံးနှစ်စီမံကိန်းချမှတ်၍ ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် ထပ်မံ၍ သုံးနှစ်တာစီမံကိန်းကို ဆက်လက်တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# တားမြစ်ထားသော ငါးဖမ်းနည်းများ အသုံးပြုပါက ထိရောက်စွာအရေးယူမည်

**ကန့်ဘလူ ဒီဇင်ဘာ ၁၃**
ရောဝတီမြစ်ကြောင်းအတွင်း နိုဝင်ဘာ ၁၃ ရက်က သားလောင်းလွယ်ထားသည့် ရောဝတီလင်းပိုင်အမတစ်ကောင်ကို လျှပ်စစ်ရှော့ခ်တိုက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ပြီးနောက် ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း တားမြစ်ထားသော ငါးဖမ်းနည်းများ အသုံးမပြုရန် ပညာပေးမှုများ ပြုလုပ်လျက်ရှိပြီး ဖမ်းဆီးနေသည်များ တွေ့ရှိပါကလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့ဂုဏ်ဆောင် ရေနေနို့တိုက်သတ္တဝါဖြစ်သော ရောဝတီလင်းပိုင်များ မျိုးမသုဉ်းစေရန်အတွက် တားမြစ်ငါးဖမ်းနည်းများဖြင့် မဖမ်းရန် ပညာပေးလျက်ရှိကြောင်း၊ တားမြစ်ငါးဖမ်းနည်းများဖြင့် ငါးဖမ်းပါက ငါးမှုန်၊ ငါးသန်လေးများသေကြေပျက်စီးပြီး ငါးကြီးများအနေဖြင့်လည်း မျိုးပွားအင်္ဂါများပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်မှုလျော့ကျခြင်းဆိုးကျိုးများ မဖြစ်ပေါ်စေရန် ပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေချိုငါးလုပ်ငန်းဥပဒေများအကြောင်း အသိပညာပေးဟောပြောခြင်း၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်သားများနှင့် ပြည်သူများအား လက်ကမ်းစာစောင်များ၊ သတိပေးတားမြစ်စာများ၊ ရေချိုငါးလုပ်ငန်းဥပဒေစာအုပ်များဖြန့်ဝေပေးခြင်း စသည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဦးထံမှ သိရသည်။

တားမြစ်ငါးဖမ်းနည်းဖြစ်သော ဘက်ထရီအိုး၊ အင်ဂျင်စက်များဖြင့် ရှော့ခ်တိုက်၍ငါးဖမ်းဆီးခြင်းများကို စစ်ဆေးတွေ့ရှိပါကလည်း စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်များတွင် ရေချိုငါးလုပ်ငန်းကို မြစ်ရေပြင်များနှင့် ချောင်းများ၊ အင်းအိုင်၊ ဆည်တမံ၊ ဆည်မြောင်းလက်တံများနှင့် လယ်ကွင်းကန်များအတွင်း လုပ်ကိုင်နေကြပြီး ငါးဖမ်းသူများအား ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းစသည့် ငါးဖမ်းနည်းများဖြင့် ဖမ်းဆီးခြင်းမပြုကြရန် တားမြစ်ထားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ဆားလင်းကြီး ဒီဇင်ဘာ ၁၃**
ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာမှ ဒေသခံပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးဝါးကုသမှုများကို မုံရွာတိုင်းရင်းဆေးရုံမှ ဆရာဝန်များနှင့် ခရိုင်နှင့်မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၅၀ ဆံ့ မုံရွာတိုင်းရင်းဆေးရုံ တိုင်းရင်းဆေးကုဌာနမှ ဦးစီးမှူး ဒေါ်ခင်နှင်းဝေနှင့် ဆရာ ဆရာမများ၊ ယင်းမာပင်ခရိုင် တိုင်းရင်းဆေးကုဌာနမှ ဦးစီးမှူး ဦးထွန်းနေအောင်၊ ဆားလင်းကြီးမြို့နယ် တိုင်းရင်းဆေးကုဌာနမှူး ဒေါ်မော်မော်အောင်နှင့် တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ ဆေးကုသရေးစခန်းဖွင့်လှစ်ပြီး ကုသပေးခဲ့ကြခြင်းဖြစ်သည်။

ဆေးကုသရာသို့ ညောင်ပင်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာ ၁၅ ရွာမှပြည်သူများ လာရောက်ကုသမှုခံယူခဲ့ကြပြီး ထုံကျင်၊ ကိုက်ခဲနာကျင်၊ အကြောတက်၊ အကြောတင်၊ အကြောဆွဲ စသည့် ရောဂါများအပါအဝင် ဆီးချို၊ သွေးတိုး၊ သွေးကျ၊ လေငန်း၊ လေဖြတ် ရောဂါခံစားနေရသော ဝေဒနာရှင်ပြည်သူ ၄၄၅ ဦးအား ကုသပေးနိုင်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ကွင်းဆင်းဆေးဝါးကုသပေးမှုကို အနည်းဆုံး တစ်လလျှင်တစ်ကြိမ်ခန့် ဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဦးငယ် (ဆားလင်းကြီး)**

# ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ဆုရရှိသူများအား ဂုဏ်ပြုပွဲကျင်းပ

**ဖန်းမော် ဒီဇင်ဘာ ၁၃**
ကျင်းပပြီးစီးခဲ့သော (၂၂)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ဆုရရှိသူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့မှ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပွဲကို ကချင်ပြည်နယ် ဖန်းမော်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ပြည်နယ်အဆင့်)ဦးစီးကော်မတီ နာယက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က အမှာစကား ပြောကြားပြီး ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ)ဦးဒိတ်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းတို့က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော မောင်နေထွန်းအောင်(ဖန်းမော်)၊ တယောအတီးပြိုင်ပွဲတွင် ဆုရရှိသော မအေးလင်း သူ(ရွှေကူ )နှင့် မအေးစုမွန်(ရွှေကူ)၊ ကာလပေါ်အဆိုပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သော မောင်ရှင်းသန့်အောင်( ဖန်းမော် )နှင့် မောင်နေထွန်းအောင် (ဖန်းမော်)၊ ကာလပေါ်သီချင်းပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သော မောင်သန့်ဇင်ဦး (ရွှေကူ) တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**နန်းရီ(ဥပဒေ)**



# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၁၃**
ဂန့်ဂေါမြို့နယ် လက်ပန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်မှ လှူဒါန်းသည့် တိပိဋကမေတ္တာ ကျောင်းဆောင်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို တိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြကာ ဆရာတော်ကိုယ်စား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသိန်းရက ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်ချိုဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ယောဆရာတော်က စာသင်ကျောင်း ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀၀၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၃၀၀ အတွက် ငွေကျပ် ၂၁ သိန်း၊ ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူ ကိုးဦးအတွက် ငွေကျပ် ၁၈၉၀၀၀၀၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၂၈ ဦးအတွက် ငွေကျပ် ၅၆ သိန်းတို့အပါအဝင် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအတွက် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍လည်း မေတ္တာဆေးကုခန်းအတွက် ငွေကျပ် သိန်း ၄၀၀၊ မောက်ကျေးရွာ မြေထိန်းနံရံဆောက်လုပ်ခြင်းအတွက် ငွေကျပ်သိန်း ၁၀၀၊ မကျည်းခင်ရွာနှင့် တောင်ပြင်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၃၀ စီကို ဆရာတော်က လှူဒါန်းချီးမြှင့်ခဲ့သည်။

လက်ပန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ၁၉၅၄ ခုနှစ်က မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး အလယ်တန်းကျောင်းအဖြစ် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ အထက်တန်းကျောင်းအဖြစ် ယခု ၂၀၁၆ ခုနှစ်တွင်လည်းကောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယောဆရာတော်က ဇာတိဖြစ်သည့် လက်ပန်ကျေးရွာတွင် ယခုလှူဒါန်းသည့် ကျောင်းဆောင်အပြင် နှစ်ထပ်ကျောင်းဆောင် လေးဆောင်ကိုလည်းကောင်း၊ အလှူရှင် ဦးညိုမင်းက သိပ္ပံဆောင်ကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းထားကြောင်း သိရသည်။

(၁၀၁)

# ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**အထက်မင်းလှ ဒီဇင်ဘာ ၁၃**
သရက်ခရိုင် အထက်မင်းလှမြို့ အမှတ်(၈)ရပ်ကွက် ဓမ္မာရုံ၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကြီးမှူး၍ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာ ဦးလင်းအောင်က လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အကြောင်းအရင်းများနှင့် သတိပြုရမည့်အချက်များ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားကာ ဆောင်ရန်ရှောင်ရန်အချက်များပါရှိသည့် လက်ကမ်းစာစောင်များကို ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ ၁၅၀ ခန့် တက်ရောက်ကြကာ သိရှိလိုသည်များကိုမေးမြန်းကြပြီး မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာက မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။

**ကိုသက်(အထက်မင်းလှ)**



## မှုခင်းသတင်းတိုများ

### ရွှေတူးဖော်ရာတွင်အသုံးပြုသည့်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် နောင်မူးကျေးရွာအုပ်စု ကျောက်ဦးကျေးရွာအနီး နတ်ကြီးတော၌ တရားမဝင်ရွှေတူးဖော်နေသည့် ပစ္စည်းများကို ဒီဇင်ဘာ ၁၁ ရက်က ပိုင်ရှင်မဲ့ ဖမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကျော်ဆန်းဦး၊ ပင်လည်ဘူးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသောင်းဌေးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးမြင့်ဆွေတို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က နတ်ကြီးတောအတွင်း သွားရောက်ရှာဖွေရာ ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ၂၅ ကောင်အားအင်ဂျင် ခုနစ်လုံး၊ လေးလုံးထိုးအင်ဂျင် တစ်လုံး၊ လေးလက်မပိုက်ပျော့ အတောင် ၆၀ ခန့်နှင့်အတူ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့တွေ့ရှိရ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်၌ စိတ်ကြွဆေးပြား ရောင်းချနေသူတစ်ဦးအား ဒီဇင်ဘာ ၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၅) အတွင်းရှိ ကိုထက်(ခ)ရဲလင်းထက်၏နေအိမ်၌ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကိုထက်(ခ)ရဲလင်းထက်အား နေအိမ်ရှေ့အခန်း၌ အမည်မသိ အမျိုးသားတစ်ဦးနှင့်အတူ တွေ့ရှိရပြီး ရဲလင်းထက်ထံမှ (၈၈/၁)စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ပြားကို ဖမ်းဆီးရမိကာ အမည်မသိအမျိုးသားမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ရဲလင်းထက်အား စစ်မေးချက်အရ ထွက်ပြေးသူမှာ ကျော်ကျော်(ခ)ကြွက်သိုးဖြစ်ပြီး ၄င်းထံမှ ဆေးပြားလာရောက်ဝယ်ယူနေစဉ် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်ကိုတွေ့ရသဖြင့် ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ၄င်းထံမှ ဆေးပြားများကို သီရိမင်္ဂလာရပ်ကွက် နယ်မြေ(၁၂)နေ အငယ်ကောင်(ခ)ဇော်သိန်းဦးထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရဲလင်းထက်အား ဖမ်းဆီးထားပြီး ကျော်ကျော်(ခ)ကြွက်သိုးနှင့် အငယ်ကောင်(ခ)ဇော်သိန်းဦးတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

### သဲတင်ကားတစ်စီးတိမ်းမှောက်၍ လူသုံးဦးသေဆုံး

ရခိုင်ပြည်နယ် မအီမြို့၌ သဲတင်ကားတစ်စီး တိမ်းမှောက်၍ ယာဉ်ပေါ်ပါသူသုံးဦးသေဆုံးမှု ဒီဇင်ဘာ ၇ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မအီနယ်မြေစခန်းမှူးရဲအုပ်ဝင်းနိုင်နှင့်တပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ မအီမြို့အမ်းလမ်းရှိ စံထွေးချောင်းကျောက်ထုတ်လုပ်ကွက်မှ မအီဘက်သို့ ယာဉ်မောင်းသန်းဝင်းနိုင် မောင်းနှင်လာသော လီဖန်းခေါင်းရှည် သဲတင်ယာဉ်သည် တောင်အတက်လမ်းတွင် နောက်ပြန်လိမ့်ကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယာဉ်မှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ ကိုသန်းဦး (၃၇)နှစ်၊ ကိုမောင်စိုး(၃၈)နှစ်နှင့် သက်ပိုင်စိုး(၂၂)နှစ်တို့မှာ နေရာတွင်ပင် သေဆုံးခဲ့ကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ယာဉ်ပေါ်တွင် သစ်နှစ်တန်ခန့်ကိုလည်း တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထွက်ပြေးတိမ်းရှောင်နေသော ယာဉ်မောင်းသန်းဝင်းနိုင်အား အမှုဖွင့်ကာ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### တရားမဝင်သယ်ဆောင်လာသောသစ်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း သစ်ခြောက်တန်ကျော်ကို တရားမဝင်သယ်ဆောင်လာသော မော်တော်ယာဉ်တစ်စီးကို ဒီဇင်ဘာ ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ သစ်များ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ လဲကန်ရဲစခန်းမှူး ရဲအုပ်ချစ်ဆန်းမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးဘိုဘိုနှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဝက်ကျ-၅၅မိုင် ကားလမ်းပေါ်၌ စစ်ဆေးရှာဖွေစဉ် ယာဉ်မောင်းဘိုဘိုအောင် မောင်းနှင်ပြီး ဖိုးဆန်းနှင့် ဇာနည်ဦးတို့ လိုက်ပါလာသော ဟီးနိုး(ရိန်းဂျား) ခေါင်းတို ခြောက်ဘီးကားပေါ်မှ တရားမဝင်သယ်ဆောင်လာသော ပိတောက်တုံး ၃၃တုံး (အလေးချိန် ၅ ဒသမ ၇၉၃ တန်)၊ သင်းဝင်သစ် နှစ်တုံး(အလေးချိန် ၀ ဒသမ ၄၀၅ တန်)နှင့် အင်ကြင်းသစ်တစ်တုံး(အလေးချိန် ၀ ဒသမ ၁၃၁၂ တန်)တို့ကို ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိသော တရားမဝင်သစ်များကို ပုလဲမြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်ထိန်းသိမ်းထားရှိပြီး သစ်များ သယ်ဆောင်လာသည့် ခြောက်ဘီးကားကို ပုလဲမြို့မရဲစခန်းတွင် ထိန်းသိမ်းထားကာ ယာဉ်မောင်း ဘိုဘိုအောင်၊ ယာဉ်ပေါ်ပါသူ ဖိုးဆန်းနှင့် ဇာနည်ဦးတို့အား ပုလဲမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

### ဆိုင်ကယ်ခိုးသူနှစ်ဦးကိုဖမ်းဆီးရမိ

ခန္တီးမြို့မြသိန်းတန်ဘုရားမုခ်ဝရှေ့တွင် ရပ်ထားသော ဆိုင်ကယ်နှစ်စီးကို လွန်ခဲ့သော ရက် ၂၀ ခန့်က ခိုးယူခဲ့သူနှစ်ဦးအား ဒီဇင်ဘာ ၉ ရက်က ဖမ်းဆီးရမိပြီး အမှုဖွင့်ထားကြောင်း သိရသည်။ ခန္တီးမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထွေးနှင့်အဖွဲ့၏ စစ်ဆေးချက်အရ ဆိုင်ကယ်ခိုးယူသူနှစ်ဦးမှာ သာစည်ကျေးရွာနေ စံသိန်းနှင့် ဝေဇင်ဦးတို့ဖြစ်ပြီး လွန်ခဲ့သော ရက် ၂၀ ခန့်က မြသိန်းတန်ဘုရားမုခ်ဝရှေ့မှ ဆိုင်ကယ်နှစ်စီးကို ခိုးယူပြီး တစ်စီးကို စံသိန်း၏အိမ်တွင် သိမ်းဆည်းထားကာ တစ်စီးကို သာစည်ကျေးရွာနေသူတစ်ဦးထံ ကျပ်နှစ်သိန်းခွဲဖြင့်ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ခိုးယူထားသောဆိုင်ကယ်များကို လိုက်လံသိမ်းဆည်းပြီး မူလပိုင်ရှင်များကိုလည်း စုံစမ်းထားကာ စံသိန်းနှင့် ဝေဇင်ဦးတို့အား ခန္တီးမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က သာယာဝတီမြို့တရားရုံးအဆောက်အအုံသစ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်း/ခရိုင်/မြို့နယ်တရားသူကြီးများ၊ ရှေ့နေအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး တရားရုံးအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစဉ်
သန့်စင် (ပဲခူး)

## ဈေးနှုန်းထက်ဝက်ကျဆင်းနေစဉ်အတွင်း ပဲစင်းငုံအသစ်များ စတင်ထွက်ရှိလာ

**မန္တလေး ဒီဇင်ဘာ ၁၃**

ပြည်တွင်းပဲဈေးကွက်၌ ယခုရက်ပိုင်း ပဲစင်းငုံဈေးနှုန်းများ ထက်ဝက်ကျဆင်းနေစဉ်အတွင်းမှာပင် ကျောက်ပန်းတောင်းဒေသမှ ပဲစင်းငုံအသစ်များ ထပ်မံထွက်ရှိလာကြောင်း သိရသည်။

ယခုထွက်ရှိလာသော ပဲစင်းငုံများမှာ ရာသီဥတုမျှတသဖြင့် အထွက်နှုန်းကောင်းမွန်သော်လည်း ဈေးနှုန်းမှာ ထက်ဝက်ကျဆင်းနေခြင်းကြောင့် တောင်သူများအတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးကြောင်း မန္တလေးဈေးကွက်ရှိ စိုးဝင်းမြင့်ပွဲရုံမှ ဦးစိုးဝင်းမြင့်က ပြောသည်။

"အခုနှစ် ဇွန်လပိုင်းက သုံးတင်းဝင်တစ်အိတ်ကို တစ်သိန်းခွဲပေါက်ဈေးကနေ အခု ဒီဇင်ဘာလအတွင်းမှာ ခုနစ်သောင်းခွဲပဲ ရှိတော့တယ်။ အဓိက ဈေးကျရတာက အိန္ဒိယနိုင်ငံမှာလည်း အောက်တိုဘာလဆန်းကတည်းက ပဲစင်းငုံအသစ်တွေ စထွက်နေတဲ့အပြင် အထွက်နှုန်းကလည်းကောင်းနေတော့ မြန်မာ့ပဲကို အဝယ်တုံ့ဆိုင်းနေကြတယ်။ ဝယ်ပြန်တော့လည်း ဈေးချဝယ်နေကြလို့ပါ"ဟု ၄င်းကဆက်လက်ပြောကြားသည်။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ ပဲစင်းငုံစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးကျော်မြင့်က "ဒီနှစ် ရာသီဥတုမျှလို့ အထွက်နှုန်းကောင်းပေမယ့် ဈေးကထိုးကျနေတော့ သိပ်တော့အားမရှိလှဘူး။ လက်ရှိပေါက်ဈေးနဲ့ မရောင်းနိုင်သေးတော့ ဈေးအတက်စောင့်ပြီး လှောင်ထားရမှာပါ"ဟု ပြောသည်။

ယခု ဒီဇင်ဘာလအတွင်း ပဲစင်းငုံအပြင် မတ်ပဲများမှာလည်း အိန္ဒိယဝယ်လိုအား လျော့နည်းမှုကြောင့် ဈေးနှုန်းများ ကျဆင်းလျက်ရှိသည့်အပြင် တရုတ်ပို့ကုန်ဖြစ်သည့် ပဲတီစိမ်းနှင့် နှမ်းတို့မှာလည်း ဝယ်လိုအားကောင်းနေသည့်တိုင် ဈေးနှုန်းများမှာမူ ကျဆင်းလျက်ရှိနေကြောင်း မန္တလေးမြို့ ပဲအရောင်းအဝယ်ဈေးကွက်မှ သိရသည်။

**မင်းထက်အောင်( မန်းကိုယ်ပွား)**

## ပဲမျိုးစုံတွင် ကျရောက်တတ်သော အဝါရောင်မှိုစွဲရောဂါ ကြိုတင်ကာကွယ်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**



နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပဲမျိုးစုံသီးနှံများတွင် ကျရောက်တတ်သောအဝါရောင်မှိုစွဲ ရောဂါကြိုတင်ကာကွယ်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေးနည်းပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က နွယ်ရစ်ကျေးရွာ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)နှင့် တိုင်းသီးနှံကာကွယ်ရေး၊ မြေအသုံးချရေး၊ မျိုးစေ့တာဝန်ခံများက ပညာပေး ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပဲမျိုးစုံတွင်ကျရောက်တတ်သောအဝါရောင်မှိုစွဲရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ဟင်းသီးဟင်းရွက် ပိုးမွှားရောဂါကာကွယ်ခြင်း၊ ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး၊ သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့ပွားများ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေး၊ အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်နိုင်ရေးတို့ကို တောင်သူ ၁၂၈ ဦးတို့အား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုများချီးမြှင့်

**ခင်ဦး ဒီဇင်ဘာ ၁၃**

ခင်ဦးမြို့နယ် ပညာရေးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သော မြို့နယ်အဆင့် အသက်(၁၀)နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ခင်ဦးမြို့မအားကစားကွင်း၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်းနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်သင်းသင်းခိုင်တို့က ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော နှင်းဆီအသင်း၊ ဒုတိယရရှိသော ခရေအသင်း၊ တတိယရရှိသော စံပယ်အသင်းနှင့် တစ်ဦးချင်းအကောင်းဆုံးဆုများကို ချီးမြှင့်ခဲ့ပြီး မီတာ ၅၀၊ ၇၅ မီတာ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများနှင့် အလျား၊ အမြင့်ခုန်ပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်း တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အားကစားပြိုင်ပွဲအဖြစ် ဘောလုံးပြိုင်ပွဲတွင် ခင်ဦးမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျောင်းများနှင့် အနောက်ဘက်ခြမ်းမှကျောင်းများ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင်လည်း မီတာ ၅၀-၇၅-၁၀၀ ပြိုင်ပွဲများတွင် ၃၆ ဦးနှင့် အလျားခုန်နှင့် အမြင့်ခုန်ပြိုင်ပွဲတွင် ၂၄ ဦး ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

## ကလေးငယ်များဉာဏ်ရည် ထက်မြက်စေရန် ဆေးရောင်ခြယ်ပြိုင်ပွဲပြုလုပ်

**ကျောက်ဆည် ဒီဇင်ဘာ ၁၃**

ကျောက်ဆည်မြို့မှ ကလေးငယ်များ ဉာဏ်ရည် ထက်မြက်စေရန်အတွက် ဆေးရောင်ခြယ်ပြိုင်ပွဲကို ပန်းခြံဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးဝဏ္ဏအောင် ဦးဆောင်ပြီး ကျောက်ဆည်မြို့ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ကလေးငယ်များကိုအသက် (ငါးနှစ်နှင့် ခြောက်နှစ်)(ခုနစ်နှစ်နှင့် ရှစ်နှစ်)(ကိုးနှစ်မှ ၁၂ နှစ်)ဟု ပိုင်းခြားကာ ကလေးငယ်များ တွေးခေါ်မှုစွမ်းအား ကောင်းလာစေရန်အတွက် အရုပ်ပါသည့် စက္ကူများတွင် စိတ်ကြိုက်ဆေးရောင်စုံခြယ်ပြိုင်ပွဲ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲများတွင် ကလေးငယ်ပေါင်း ၉၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲတွင် အကောင်းဆုံးဆေးရောင်ခြယ်နိုင်သည့် ကလေးများကို တစ်ဆက်တည်းရွေးချယ်ပြီး ဆုများချီးမြှင့်ပေးခဲ့ကာ ဆုရှိခဲ့သည့် ဆေးရောင်ခြယ်စက္ကူကားချပ်များကို ဗိုလ်ချုပ်ပန်းခြံသို့ လာရောက်အပန်းဖြေသည့် ပြည်သူများ ကြည့်ရှုနိုင်စေရန် ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်းနှင့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပြိုင်ပွဲများကိုလည်း ပန်းခြံဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ဦးဆောင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်ကျင်းပပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သက်မောင်**

# အင်းတော် နတ်ပေါက်ဆင်စခန်းတွင် ဆင်စီးရင်း တောတစ်ပတ်လည်နိုင်

**အင်းတော် ဒီဇင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာန ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အင်းတော်မြို့နယ် နတ်ပေါက်ဆင်စခန်းသို့ ရောက်ရှိပြီး ဆင်စခန်းအခြေအနေ၊ ဝန်ဆောင်မှုအခြေအနေများ ကြည့်ရှုလေ့လာပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ ဆင်စခန်းအတွက် ထောက်ပံ့အလှူငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။



"ဆင်စီးရင်း တောတစ်ပတ်လည်ကြမယ်၊ ဆင်တွေရေချိုးတာလေ့လာကြမယ်၊ ဆင်စာတွေကျွေးကြမယ်၊ အမှတ်တရ ဆင်ရုပ်ကလေးတွေ လက်ဆောင်ဝယ်ရင်း တောအလှ၊ တောင်အလှတွေနဲ့ အပန်းဖြေပျော်စရာကောင်းပြီး ဆင်စခန်းဝင်ကြေးက ငွေကျပ် ၃၀၀၀၊ ဆင်စီးရင် ငွေကျပ် ၃၀၀၀၊ ဆင်စာကျွေးရင် ငွေကျပ် ၃၀၀၀ ဖြစ်ပါတယ်။ နိုင်ငံခြားသားဆိုရင် ဈေးတစ်မျိုးပါ" ဟု ဆင်စခန်း တာဝန်ရှိသူက ပြောသည်။ ယခင်နှစ်က နတ်ပေါက်ဆင်စခန်း ဝင်ငွေသည် သိန်း ၁၉၀ ရရှိခဲ့ကြောင်း၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပေးနေသည့် အပန်းဖြေစရာစခန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ရော်ဘာဈေးကောင်းရသော်လည်း လုပ်သားရှားပါး၍ အခက်တွေ့

**ပေါင် ဒီဇင်ဘာ ၁၃**
ယခုနှစ်တွင် ရော်ဘာဈေးကောင်းရသော်လည်း ကျွမ်းကျင်ရော်ဘာအစေးခြစ်လုပ်သားများ ရှားပါးလာ၍ ယခင်နှစ်များထက် ဈေးပိုပေး၍ ငှားရမ်းနေရပြီး ကျွမ်းကျင်လုပ်သားများမရရှိသဖြင့် ယခုနှစ် ရော်ဘာခြစ်လုပ်ငန်းအတွက် အခက်အခဲများရှိလာနိုင်ကြောင်း ကျောက်စရစ်ကျေးရွာမှ ရော်ဘာခြံလုပ်ငန်းလုပ်ကိုင်သူ ကိုမွန်စောက ပြောသည်။

"ဒီနှစ်ရော်ဘာဈေးက အရင်နှစ်ကထက်စာရင် ဈေးပြန်ကောင်းလာတယ်။ ဈေးကောင်းတော့လည်း အစေး ခြစ်သမားတွေကို ခေါ်ရခက်ပါတယ်ဗျာ။ ရှိတဲ့လူကလည်း ကျွမ်းကျင်မှုသိပ်မရှိတော့ဘူး။ တစ်နှစ်နဲ့တစ်နှစ် ကျွမ်းကျင်လုပ်သားတွေက ရှားလာတယ်။ မနှစ်ကထက်ကို ဈေးပိုပြီး ပေးနေရတယ်။ မနှစ်ကတစ်ပင်ခြစ်မယ်ဆိုရင် ခြောက်ကျပ်လောက်အထိ ပေးရတယ်။ ဒီနှစ်ကျတော့ ခုနစ်ကျပ်အထိရှိတယ်။ တချို့ ကျွမ်းကျင်တဲ့သူတွေဆိုရင် တစ်ပင်ကို ၁၀ ကျပ်လောက်ပေးတာတောင် မလုပ်ချင်ကြတော့ဘူး" ဟု ၎င်းကဆက်လက် ပြောပြသည်။

ပေါင်မြို့နယ်တွင် ကျွမ်းကျင်လုပ်သားများ ရှားပါးလာ၍ မြို့နယ် ရော်ဘာလုပ်ငန်းရှင်များအသင်းအနေဖြင့် နည်းစနစ်တကျ ရော်ဘာအစေးခြစ်နိုင်ရေး သင်တန်းများ ဖွင့်လှစ်ပေးပြီး ပေါင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၇ အုပ်စုမှ ရော်ဘာစိုက်ဧကပေါင်း ၁၉၂၅၂ ဧကကျော်ရှိသည့် အနက် အဆိုပါဧကများတွင် အလုပ်လုပ်ကိုင်နေသည့် လုပ်သားအရေအတွက် လုံလောက်မှုမရှိဘဲ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



# ပြောင်းစိုက်တောင်သူများ အသင့်စိုက်ပြောင်းအား အစားထိုးစိုက်ပျိုး

**ပဲခူး ဒီဇင်ဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ပြောင်းစိုက်တောင်သူအများစုမှာ ဝယ်လက်နည်းပါးမှုနှင့် အထွက်နှုန်းကွာဟမှုများကြောင့် ပြောင်းဒေသမျိုးစိတ်အစား အသင့်စိုက်ပြောင်းဖူးမျိုးများကို အစားထိုးစိုက်ပျိုးမှု ပိုမိုများပြားလာကြောင်း သိရသည်။

ရွှေတောင်မြို့နယ်အတွင်း မြေနုကျွန်းများတွင် စိုက်ပျိုးလေ့ရှိသည့် ဆောင်းရာသီသီးနှံတစ်မျိုးဖြစ်သော ပြောင်းဖူးများတွင် ယခင်က စိုက်ပျိုးလေ့ရှိသော ဒေသမျိုးစိတ်များမှာ သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ ဝယ်လက်ရှားပါးခြင်းများကြောင့် အဆိုပါမျိုးစေ့များကို စိုက်ပျိုးခြင်းမရှိတော့ဘဲ စိုက်ပျိုးရေးကုမ္ပဏီများက ထုတ်လုပ်ထားသည့် အသင့်စိုက်ပျိုးစေ့များကို စိုက်ပျိုးမှုများပြားလာနေကြောင်း၊ အသင့်စိုက်ပျိုးနိုင်သည့် ပြောင်းမျိုးစေ့ များဖြစ်သည့် ပံပြောင်း၊ တော်ဝင်၊ ကာလာဖိုက်၊ ဂိုးလ်ကင်း စသည့်တံဆိပ်များကို အသုံးများနေကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ပံပြောင်းစိုက်ခင်းကိုတွေ့ရစဉ်

အမျိုးအစားနှင့် ဘူးအကြီးအသေးပေါ်မူတည်၍ မျိုးစေ့တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀၀ ဝန်းကျင်ခန့်ရှိကာ တစ်ဧကလျှင် ငါးဘူးခန့် စိုက်ပျိုးရပြီး ဈေးကွက်ကောင်းသည့်အချိန်ဖြစ်ပါက တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်ရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"အခုဒေသမျိုးစိတ်တွေကို စိုက်တဲ့သူမရှိသလောက်ပါပဲ။ ဝယ်လက်ကလည်းမရှိဘူးလေ။ ဈေးလည်းမကောင်းဘူး။ အသင့်စိုက်ပျိုးနိုင်တဲ့ ပြောင်းမျိုးစိတ်နဲ့က ဈေးအဆမတန်ကွာတယ်" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြောင်းစိုက်တောင်သူများအနေဖြင့် ဒေသမျိုးစိတ်တွေကို စိုက်ပျိုးမှုနည်းလာရခြင်းမှာ အထွက်နှုန်းကွာခြားပြီး ဒေသမျိုးစိတ်တစ်ရုံလျှင်နှစ်ဖူး ငွေကျပ် ၃၀ လောက်ရရှိကာ အသင့်စိုက်ပြောင်းများမှာ တစ်ရုံလျှင် နှစ်ဖူးငွေကျပ် ၁၆၀ ခန့်ရရှိပြီး ဝယ်လက်လည်းရှိကြောင်း၊ မျိုးစေ့များမှာ ကုမ္ပဏီပေါ်မူတည်ပြီး အမျိုးမျိုးရှိကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**
**ဓာတ်ပုံ-မေမိုးသဲ**

# လုပ်ငန်းမြန်ဆန်မှုကြောင့် စပါးရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုသူ များလာ

**ရမည်းသင်း ဒီဇင်ဘာ ၁၃**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကုလားမျောအုပ်စုအတွင်းရှိ လယ်မြေများတွင် ယခုနှစ် မိုးစပါးရိတ်သိမ်းရာသီ၌ စပါးခြွေလှေ့ရိတ်သိမ်းစက်များ ငှားရမ်းရိတ်သိမ်းကြကြောင်း သိရသည်။

ထိုသို့ရိတ်သိမ်းရာတွင် လယ်မြေတစ်ဧကလျှင် ဝန်ဆောင်ခ ငွေကျပ် ၄၀၀၀၀ ပေးရသည်။ လွန်ခဲ့သောနှစ် နွေစပါးရိတ်သိမ်းချိန်မှစ၍ အဆိုပါဒေသ လယ်မြေများတွင် ယခုကဲ့သို့စပါးရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းရိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" လယ်တစ်ဧကလူငှားနဲ့ ရိတ်မယ်ဆိုရင် လူရှစ်ယောက်ငှားရတယ်။ လူငှားတစ်ယောက် နေ့စား တစ်နေ့ငွေကျပ် ၄၀၀၀ ပေးရတော့ စက်ငှားခနဲ့အတူတူပဲ။ စက်နဲ့ရိတ်တော့ ကောက်လှိုင်းသယ်၊ စပါးနယ်ရတာသက်သာတာပေါ့။ အချိန်မီပြီးတော့ နောက်ပိုင်းသီးနှံစိုက်ရက်စောလို့ အဆင်ပြေပါတယ်" ဟု ယင်းကျေးရွာနေ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

စပါးရိတ်သိမ်းခြွေလှေ့စက်များမှာ နေပြည်တော်-ပျဉ်းမနားမြို့နယ်မှ လာရောက်လုပ်ကိုင်ကြသည်ဟုသိရပြီး ခရိုင်/မြို့နယ် စက်မှုလယ်ယာဦးစီးဌာနကလည်း ယခုကဲ့သို့ပင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လယ်မြေများတွင် မြေအစိုဓာတ်နည်းပါက တစ်နေ့ ၁၀ ဧကပြီးသည်ဟု သိရသည်။
**အတ်ကလေး(ရမည်းသင်း)**

# ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

**ဓနုဖြူ ဒီဇင်ဘာ ၁၃**
ဓနုဖြူမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာပထမပတ်ကပြုလုပ်ခဲ့ရာ ရပ်ရွာအေးချမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးကဏ္ဍ၊ လယ်ယာမြေအငြင်းပွားမှုဆိုင်ရာများ၊ ပညာရေးလိုအပ်ချက်များ၊ ကမ်းပြိုမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲများကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်သန္တာထွေး(ပြန်/ဆက်)**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်လေးပင် ဒီဇင်ဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ အေးရွာ-ဝင်္ဂဘော်-နဘဲပင်-ကြာအင်းကြီးလမ်းကို ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ဦး၊ ဦးညီညီထွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံတို့က ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ ယင်းလမ်းသည် အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိသည်။ လမ်းမကြီးအဆင့်မြှင့်တင်ခြင်းပြီးစီးသွားပါက ညောင်လေးပင်မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုကို တစ်ဖက်တစ်လမ်းမှ အထောက်ကူပြုမည်ဖြစ်သလို ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ကျေးရွာပေါင်း ၁၅ ရွာရှိ ပြည်သူများနှင့် ပြွန်တန်ဆာမြို့နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၀ ရက်က ရေစကြိုမြို့နယ်အတွင်းရှိ ကျောင်းများနှင့် မြို့မဈေးတွင် စားသုံးရန်မသင့်သော အစားအသောက်များ၊ ဆိုးဆေးနှင့်အရောင်တင်မှုန့် အသုံးပြုအစားအစာများ၊ ရက်လွန်မုန့်များ၊ ငါးပိ၊ ငါးခြောက်နှင့် ရောနှောဆီများ ရောင်းချခြင်း ရှိ မရှိ စစ်ဆေးစဉ်** ဖေထွဏ်းဇော်(ရေစကြို)

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်
**အသက်(၈၈)နှစ်**

ဒုတိယဗိုလ်မှူးကြီးသန်းမင်း(ငြိမ်း)နှင့် ဇနီး ဒေါ်မို့မို့ဝင်းတို့၏မိခင်၊ (ဦးကျော်မင်း)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့် အသက်(၈၈)နှစ်သည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၁၉)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ရှိန် (ဗိုလ်ကြီး၊ ငြိမ်း)
**ကြည်း-၇၉၉၅**
**အသက်(၈၄)နှစ်**

ဒေါက်တာထွန်းထွန်းရှိန် (ပါမောက္ခ၊သမိုင်းဌာန၊ ထားဝယ်တက္ကသိုလ်) နှင့် ဒေါက်တာတင်မျိုးမြင့်(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ မကွေးတက္ကသိုလ်) တို့၏ဖခင်ဖြစ်သူ ဦးအောင်ရှိန်သည် ၁၁-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမြင့်မြင့်ဦး ပါမောက္ခ(ဌာနမှူး)နှင့်**
**သမိုင်းဌာနမိသားစု၊ ထားဝယ်တက္ကသိုလ်**

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
**ဆည်မြောင်းဝင်း၊ ရှစ်မိုင်ခွဲ၊ ပြည်လမ်း၊ (၄)ရပ်ကွက်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
## ဒေါ်တင်ကြည်
**အကြီးတန်းလက်နှိပ်စက်**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် ၇၆နေ ဒေါ်တင်ကြည်(အသင်းဝင်အမှတ်-၄၆၀)သည် ၁၂-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၆ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မိုးကြူ(ခ)ဆရာလေးဒေါ်ကရုဏာစာရီ
**(ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ၊ မုံရွာမြို့)**
**အသက်(၄၆)နှစ်**

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ သဲအင်းဂူလမ်းနေ ဒေါ်ခင်မိုးကြူ(ခ) ဆရာလေး ဒေါ်ကရုဏာစာရီသည် ၁၁-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချင်းတွင်းဖောင်ဖွဲ့ရေးဒေသဝန်ထမ်းမိသားစုများ**

## ဦးရဲမြင့် (သန်လျင်)
**ဒုညွှန်မှူး(ငြိမ်း)၊ MPE**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ ဒေါ်တင်တင်မြင့်(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးဘိုကြီး-ဒေါ်ကျင်ပို့)တို့၏ သား၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ကြည်၊ ဒေါက်တာသိန်းသန်း (ဆေးသုတေသန၊ အရာရှိ၊ ငြိမ်း၊ ဆေးဝါးကျွမ်းကျင်မှုအတိုင်ပင်ခံ၊ လမ်း ၃၀၊ ဆေးခန်း)-ဒေါ်တင်တင်ဝင်း၊ဦးမြင့်ဦး-(ဒေါ်မြနု)တို့၏ညီ/မောင်၊ ဒေါ်သောင်းသောင်း(အထပြ၊ငြိမ်း၊ထ-၂၊သာကေတ)၊ ဦးအောင်ခင်(ဆေးသုတေသနဦးစီးဌာန၊ ငြိမ်း)၊ (ဦးချမ်းသာ)-ဒေါ်မူမူတို့၏ အစ်ကိုသည် ၁၃-၁၂-၂၀၁၆ရက် ၁၂း၂၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၁၆ ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

### ရဟန်းဒါယကာကြီး
## ဦးစိုးမင်း (တွံတေး)(ကံဘဲ့)
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/ အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၁) လမ်း၊ အမှတ် ၂၀နေ(ဒေါ်ထွန်းထွန်းကြူ)၏ခင်ပွန်း၊ ဦးအေးချစ်-(ဒေါ်မြင့်မြင့်သန်း)တို့၏မောင်၊ ဦးမြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးကြည်စမ်း-ဒေါ်ခင်သိန်းအေး (ရန်ကုန်တိုင်းဥပဒေချုပ်ရုံး) တို့၏အစ်ကို၊ ကိုမိုးကျော်သူ-မသန္တာစိုး၊ ကိုနိုင်လင်းစိုး၊ ကိုစည်သူပိုင်စိုး၊ ကိုလှသန်း-မသီရိပိုင်စိုးတို့၏ချစ်လှစွာသောဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၅၅နာရီတွင် ဗဟိုရုံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အောင်ချမ်းသာ(၁)လမ်း၊ အမှတ် ၂၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်မြင့်(ခ)ဘာဘူ
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၄လမ်း၊ အမှတ် ၁၆(မြေညီထပ်)နေ (ဦးအောင်မြင့်) - ဒေါ်မြင့်ရီတို့၏သား၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၄၉နေ (ဦးပီး)-ဒေါ်ချိုတို့၏သားသမက်၊ ဒေါ်သီသီနွယ်၏ခင်ပွန်း၊ မတင့်ရွှေရည်ဝင်း၊မမြင့်မြတ်သွယ်တို့၏ဖခင်သည် ၁၂-၁၂-၂၀၁၆ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် မြိုင်သာယာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်း တည့် ၁၂နာရီအထိ အမှတ် ၄၉၊ ဗိုလ်ချုပ်လမ်း၊ မြိုင်သာယာ၊ မော်လမြိုင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နန်းဆောင်
**အသက်(၆၅)နှစ်**

ဦးအိုက်ပန်း၊ ဒေါ်နန်းထော(ဝ်)တို့၏ သမီး၊ ဦးလုံးဆောင်-ဒေါ်ပါအမ်ခမ်းတို့၏ချွေးမ၊ မိုင်းဖြတ်မြို့နေ ဦးကျိုင်းဆောင်၏ဇနီး၊ စိုင်းမွေ-နန်းခမ်းအီ၊ စိုင်းအွတ်-မချစ်စုထွေး၊ စိုင်းဆမ်နွမ်း-နန်းရှဲန်လာ၊ ဒုတိယဗိုလ်မှူးကြီးသန်းနိုင်(ငြိမ်း)-နန်းကျန်ဟွမ်၊ စိုင်းလျှိုး-နန်းရှဲန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ကိုလတ်-နန်းရှဲန်နွမ်းတို့၏မိခင်၊မြေး ၁၄ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၁၁-၁၂-၂၀၁၆ရက် ည ၇း၄၅နာရီတွင် မိုင်းဖြတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမိ(တောင်ငူ) အသက်(၈၉)နှစ်

တောင်ငူမြို့နေ (ဦးဘသန်း-ဒေါ်နု)တို့၏သမီး၊ (ဦးခို-ဒေါ်ချစ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အေးလမ်းသွယ်၊ တိုက် ၆၊ အခန်း ၀၀၂၊ ဝါဝါဝင်းအိမ်ရာနေ [ဗိုလ်မှူးသန်းယု(ငြိမ်း)၊ ဗဟိုတောင်သူလယ်သမားအစည်းအရုံးအတွင်းရေးမှူး၊ ငြိမ်း)]၏ဇနီး၊ (ဒေါ်စန်းမြင့်)၏ညီမ၊ ဒေါက်တာခင်မောင်ထွေး-ဒေါ်နွယ်ဇင်ယု၊ (ဗိုလ်မှူးစိန်ဝင်း)-ဒေါ်ချိုဇင်ယု၊ ဦးယုစင်-ဒေါ်မော်ဇင်ယု (ကျိုက္ခမီ)၊ ဗိုလ်မှူးကြီးကျော်သူ-ဒေါ်ခိုင်ဇင်ယု (နေပြည်တော်)၊ ဒုတိယဗိုလ်မှူးကြီးထိန်ဝင်း(ငြိမ်း)-ဒေါ်နိုင်ဇင်ယု၊ ဦးဇေဦး၊ (ဦးမင်းဆန်း)၊ ဦးဉာဏ်မင်းမြတ် (NORSTAR Co., Ltd.) - ဒေါ်ချောအိသိန်းတို့၏မိခင်၊ မချမ်းမြေ့သော်၊မောင်ပိုင်ဖြိုးဟန်-မအေးသက်မော်၊ မပွန်းပွင့်ကျော်၊ မောင်ယုသော်၊ မမေဖူးငုံ၊ မောင်ကျော်ပြည့်ဟိန်း၊ မယွန်းပန်းအိမ်၊ မမေဖူးသုံတို့၏ ဘွားဘွားသည် ၁၂-၁၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်နုရ်ဂျန်ဘီ(ခ)ဒေါ်မြစန်း
**အသက်(၇၀)**

မော်လမြိုင်မြို့နေ (ဦးသိန်းအောင်-ဒေါ်လှရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း၅၀၊ အမှတ် ၂၅၊ ငါးလွှာနေ ဦးခင်မောင်တင့်(ဌာနခွဲမှူး၊ ဗဟိုပုံနှိပ်စက်ရုံ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်ဦး (NAGA JAYA GLOBAL SDN BHD)-ဒေါ်မိမိအေး၊ ဒေါ်ခင်ခင်စန်း-Captain မြင့်ငွေ၊ ဒေါ်ညိုညိုစန်း-ဦးအောင်သက်ညွန့်(ခ)အောင်အောင်(အင်ကြင်း Coffee House)၊ ဦးအောင်နိုင်(AZIMUTH MYANMAR COMPANY LTD)-ဒေါ်သင်းသင်းလှ(ခ)မိချိုတို့၏ချစ်လှစွာသောမိခင်၊ မောင်ဇေယျာလင်းထွန်း(ခေတ္တ-USA)၊ Pinky(ခ)မမေမြတ်နိုးပွင့်(ခေတ္တ-UK)၊ မောင်ဇေယျာမင်းဇင်(ခေတ္တ-Malaysia)၊ Cindy(ခ)မအိမ့်ဟေမာန်ဦး(I.L.B.C)တို့၏အဘွားသည် ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမားဇ်အပြီး ရေဝေးကဗရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်လှမြင့်(ခ)ဒေါ်အင်ဒီ
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ခိုင်ရွှေဝါဗဟိုလမ်း၊ အမှတ် ၁၆၃(A-2)နေ [ဦးကျင်စန်း(ခ)ဦးခေါ့ကီစိန်-ဒေါ်ရီစို့]တို့၏သမီး၊ [ဦးကြည်(ခ)ဦးချိန်ကျန်]၏ဇနီး၊ ဦးဝင်းမြင့်လှိုင်-ဒေါ်ရီရီထွေး၊ ဦးမျိုးမြင့်ထွန်း(ခ)အတီး-ဒေါ်ငွေဝင်းတို့၏မိခင်၊ဖိုးလပြည့်(ခ)မောင်ရဲထွဋ် - မကြည်ပြာနှင်းဆီ၊ ခင်ဝင်းနွယ်၊ မြင့်မြတ်အောင်၊ စည်သူအောင်၊ သဲဆုလင်းတို့၏အဘွားသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်လှ
**ကုန်သွယ်/စစ်ကိုယ်(ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ ရတနာပုံ ၂လမ်း၊ အမှတ် ၈၃၅နေ (ဒေါ်မြင့်မြင့်ရွှေ)၏ ခင်ပွန်း၊ ကိုမိုးကျော်သူ-မယဉ်မေထွန်း၊(ကိုကျော်ကျော်နိုင်)၊ ကိုမိုးဇော်သန့်-မမြင့်မြင့်အေး၊ ကိုအောင်ကျော်ဦး-မလေးလေးသန့်၊ ကိုအောင်ကိုထိုက် - မစီစီဝင်း၊ ကိုအေးမင်းထွန်း - မဖြိုးသက်ဝေတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) ည ၇း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းမြင့်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ဗိုလ်လရောင်လမ်း၊အမှတ် ၂၀နေ (ဦးကျော်မြိုင် - ဒေါ်စိန်သန်း) တို့၏သမီး၊ ဦးကျော်စိုး-ဒေါ်ခင်မာချို၊ ဦးခင်မောင်ထွေး - ဒေါ်ခင်မာသွယ်၊ ဗိုလ်မှူးကျော်ကျော်ခိုင်-ဒေါ်ယဉ်ယဉ်မျိုးဟန်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးသိန်းအောင်၏ချစ်လှစွာသောဇနီးသည် ၁၃-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအေးဝင်း
**(ကျော်ကြား ဆန်ဆိုင်)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၂၂၊ ဗိုလ်မင်းရောင်လမ်းနှင့် ၁၀၉လမ်းထိပ်၊ ဒုတိယထပ်နေ ဒေါ်ခင်မေထွေး၏ခင်ပွန်း၊ မနှင်းပွင့်ဖြူ၊ မောင်လွင်အာကာမောင်၊ မောင်လွင်ဇာနည်မောင်တို့၏ဖခင်သည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်မင်းရောင်လမ်းနှင့် ၁၀၉လမ်းထိပ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးငွေစိုး(ခ)ဦးဆန်နီ
**ဦးစီးအရာရှိ(ငြိမ်း)**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊အမှတ် ၁၂၉၊ပထမထပ်(အလယ်) နေ ဒေါ်ကြည်ကြည်လှ၏ ခင်ပွန်း၊ သက်ဝင်းထွဋ်-သဥ္ဇာဝင်း၊ ရဲဝင်းထွဋ်၊ ဟေမာဝင်းထွဋ်တို့၏ ဖခင်သည် ၁၂-၁၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူဖြူ (ထားဝယ်)
**မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ငြိမ်း)**
**အသက်(၆၆)နှစ်**

(ဦးအောင်ထွေး-ဒေါ်ကြည်မေ)တို့၏ သမီး၊ဦးအောင်သန်းဦး-ဒေါ်မြင့်မြင့်ဝင်းတို့၏ညီမ၊ ဦးဝင်းလှိုင်-ဒေါ်ညိုညို၊ ဦးနီနီ-ဒေါ်ချင်ချင်၊ဦးဝါဝါ(ခ)ဦးသဏ်းထိုက်-ဒေါ်စန်းစန်းတင့်၊ (ဦးပြာပြာ)-ဒေါ်စန်းစန်းညို၊ ဦးလိမ္မော်-ဒေါ်သီတာကြည်၊ဦးအေးထွန်း-ဒေါ်မေခရမ်းအောင်တို့၏အစ်မသည် ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းချစ်
**(သဘော်သားဟောင်း)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စံပယ်ရုံကျောင်းနေ ဆရာတော် ဦးဉာဏဝရ (ကွမ်းမန်းဆရာတော်)၏ ဖမည်းတော်၊ လှိုင်သာယာမြို့နယ်နေ (ဒေါ်အေးစံ)-ဦးစိုးဝင်း၊ဒေါ်ဝင်းကြူ-ဦးရွှေမန်း၊ ဒေါ်အုန်းကြည်-(ဦးသောင်းနိုင်)၊ ဒေါ်ဝင်းကြည်-ဦးတင်ထွန်း၊ ဦးသန်းထွန်း-ဒေါ်လှမင်းတို့၏ဖခင်၊ တပည့်သာဝကများ၏ဖခင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဘွားဘွားကြီး ဒေါ်စောကြည်၏ခင်ပွန်းသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### သထုံမြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မြင့်(တောင်စွန်း-သထုံ)
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာရိပ်သာ၊ ခေမာသီလမ်း၊ အမှတ် ၂၄နေ အသင်းဝင်အမှတ်-၈၀၆ ဦးကျော်မြင့်သည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့) ညနေ ၃း၄၆နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၁၂-၁၂-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်လှိုင်
**မန်နေဂျာ၊ ကုန်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ် ၂၅နေ(ဦးအောင်သိန်း-ဒေါ်အေးစု)တို့၏သား၊ (ဦးဘိုးမီ)-ဒေါ်ခင်ညွန့်၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်တင်အေး)တို့၏ မောင်၊ ဦးတင်ကြိုင် (ဒေါ်ကြင်ထွေး) တို့၏အစ်ကိုသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့)ညနေ ၃း၂၉နာရီတွင်အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်လှိုင်
**မန်နေဂျာ၊ ကုန်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ် ၂၅နေ (ကိုဆက်နောင်ကျော်)၊ မဆုလှိုင်ထက် (ခ) သင်းမြတ်ထက်(ခ) ဖူးဖူး၊ မရည်မွန်ဦး(ခ)အိပုံ၊ မောင်ကောင်းခန့်ကျော်၊ မဆုမြတ်ထက်(ခ) ပိုတေးတိုး၊ မအိငုံဖူး၊ မခင်မြတ်ထက်(ခ)ဂျူဂျူး၊ မခိုင်ခန့်ကျော်(ခ)အိကစ်၊ မသူသူဖူးငုံတို့၏အဘိုးသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃း၂၉ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးမြစ်တစ်စု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးဥမ်ကျင် အသက်(၇၂)နှစ်
**အသင်းဝင်အမှတ်(၁၅၈၅)**

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာဒုံဥယျာဉ်မြို့တော်၊အမှတ် ၁၃၆၊ ကံ့ကော်၅လမ်း၊ ကံ့ကော်ရိပ်သာ(၁)နေ ဒေါ်ခင်ရွှေ၏ခင်ပွန်းသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အသင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာဝံသ (အစိုးရဒီဃဘာဏက)
**သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၅)ဝါ**

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ ၉လမ်း၊ မဟာဝုန်ကျောင်းတိုက်၏ ပဓာ နာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တပညာဝံသ(အစိုးရဒီဃဘာဏက)သည် (၁၃၇၈ခုနှစ် နတ်တော်လဆန်း ၁၁ရက်) ၁၀-၁၂-၂၀၁၆ရက်(စနေနေ့) ညနေ ၅း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) ၁၈-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ပိန္နဲကုန်းသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ

## ဦးကြူးဟုန် (ပဲခူး)
**အသက်(၉၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ် ၂၃၆၊ ရွှေမော်ဓောဘုရားလမ်း၊ ရုံးကြီးရပ်ကွက်(အောင်မင်္ဂလာနို့ဆီဆိုင်)နေ(ဦးမာတန်တိန်-ဒေါ်စန်း)တို့၏သား၊ (ဦးကျောက်စိမ်း-ဒေါ်သိန်းညွန့်)တို့၏သားသမက်၊ ပဲခူးမြို့နေ ဦးကျင်ဦး-ဒေါ်သိန်းသိန်းဝင်း၊ ဦးမြင့်လွင်-ဒေါ်ညွန့်ဝေ၊ တောင်စွန်းမြို့နေ ဦးဝင်းမြင့်-ဒေါ်ငွေငွေမြင့်၊ ပဲခူးမြို့နေ ဦးကျော်လွင်-ဒေါ်ခင်ဝင်းကြည်(ခ)ဒေါ်ချို၊ ဦးအောင်နိုင်(ပေါင်မုန့်)-ဒေါ်ဖြူဖြူဝင်းတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်လှိုင်
**မန်နေဂျာ၊ ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ် ၂၅နေ (ဦးအောင်သိန်း-ဒေါ်အေးစု)တို့၏သား၊ (ဦးလုံး-ဒေါ်လေး)တို့၏ သားသမက်၊ ဒေါ်စိန်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇော-ဒေါ်ကြိုင်ကြိုင်စိုး၊ ဦးဝင်းနိုင်-ဒေါ်ခင်ဆုံ၊ ဦးကျော်လွင်ဦး-ဒေါ်စောစန္ဒာ၊ ဦးမြတ်ကျော်-ဒေါ်လင်းလင်းစု၊ ဦးအောင်ကျော်ညွန့်-ဒေါ်အိချိုဇင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၂-၁၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၃း၂၉ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဟုတ်ကြူ (မြင်းခြံ)
**HC -ပွဲရုံ၊ မြင်းခြံ**
**အသက်(၇၅)နှစ်**

(ဦးဘိုးခ-ဒေါ်စိန်လေး)တို့၏သား၊ မြင်းခြံမြို့၊ (၆)ရပ်ကွက်နေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဒေါက်တာစန်းစန်းဝင်း(တာဝန်ခံဆရာဝန်၊ လူမှုဖူလုံရေးဆေးခန်း၊ မြင်းခြံ)၊ ကိုထွန်းလင်း-မစန်းစန်းအေး၊ ကိုဖိုးအောင်-မအေးအေးကြူ၊ မဝင်းဝင်းကြူ၊ ကိုကျော်ကြီး-မစုစုဟန်တို့၏ဖခင်၊ မောင်သန့်သီဟန်၊ မနှင်းဝတ်ရည်၊ မစံပယ်ဖူးတို့၏ဘိုးဘိုးကြီးသည် ၁၂-၁၂-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် ညနေ ၃နာရီတွင် ဆူးဖြူကုန်းတရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးရဲမြင့် (သန်လျင်)
**ဒုညွှန်မှူး(ငြိမ်း)၊ MPE**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဌာန်းလမ်း၊ အမှတ် ၆၈၄၊ B2 နေ (ဦးဘိုကြီး-ဒေါ်ကျင်ပို့)တို့၏သား၊ (ဦးဉာဏ်ရှင်-ဒေါ်သန်းတင်)၊ (ဦးလှတင်-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဒေါ်တင်တင်မြင့်(တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထက်လင်းဦး(IT Dept, ISM)-ဒေါ်သဲသဲဖြူ၊ ဦးကျော်မင်းသူ(Branch Manager TGM Company Ltd)-ဒေါ်စုဝေထွေး(Finance Manager, Diamond Palace Company)တို့၏ဖခင်၊ မသြမြတ်မေသူ(Gr 4, ISM)၊ မထက်ဝတီလင်း(Gr 2, ISM)၊ မသူသူမင်းစုတို့၏ အဘိုးသည် ၁၃-၁၂-၂၀၁၆ရက် ၁၂း၂၃ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။ သန်လျင်မြို့မဈေးမြောက်ဘက် စည်ပင်ရုံးရှေ့မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယကာကြီး
## ဦးမျိုးချစ်
**မြန်မာ့အာမခံ(ငြိမ်း)**
**အသက်(၆၃)နှစ်**

(ဦးကျင်လှိုင်-ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးတင်ဦး)-ဒေါ်ခင်အေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အလုံလမ်း၊ အမှတ် ၁၆၆၊ ခြောက်လွှာ(ဘီ)နေ ဒေါ်ခင်မာဦး(မြန်မာ့အာမခံ၊ ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ မဖူးမြတ်သီရိ(Final Year Korean Y.U.F.L)၏ဖခင်၊ ဦးဝင်းဖေ-ဒေါ်တင်တင်မြင့်တို့၏မောင်၊ ဦးတင်အောင်ဆွေ-ဒေါ်အေးအေးသန့်၊ ဦးအောင်သန်းငွေ(AMI Co.Ltd)တို့၏အစ်ကိုသည် ၁၁- ၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## T.MU NIRAJ (@) ကိုဘာဘူ(ခ)ကိုဇော်မြင့်
**ခေတ္တ-Phillipine**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၄လမ်း၊ အမှတ် ၁၆နေ [T.Jaganath(@)ဦးအောင်မြင့်(Bosun)]-ရှရီမသီမလာသီး(ခ)ဒေါ်မြင့်ရီတို့၏ တစ်ဦးတည်းသောသား၊ မသူလစီ(ခ)မပြုံး၊ မမာလာ၊ မစူစီလာ-ကိုမိုးဆန်း၊ မဆူဂူနား၊ မမိခိုင်တို့၏မောင်၊ မဘာဂရာဝသီး(ခ)မမိညို-ကိုရတ်သန်းတို့၏ အစ်ကို၊ တူ/တူမ ၁၂ယောက်တို့၏ဦးလေး၊ မတင်ရွှေရည်ဝင်း၊ မမြင့်မြတ်သွယ်တို့၏ဖခင်၊ မသီသီနွယ်၏ခင်ပွန်းသည် ၁၂-၁၂-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၅၅နာရီတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၄၉နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆက်လက်ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ယနေ့ဆက်လက် ကွင်းဆင်းစစ်ဆေးကြသည်။

ရှေဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် ဘူးသီးတောင်အကျဉ်းထောင်သို့သွားရောက်ပြီး မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် အမှုဖွင့်အရေးယူစစ်ဆေးခံနေရသူအချို့နှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်စခန်းသို့ ရောက်ရှိကြပြီး အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ကိုးတန်ကောက်စခန်းကို အကြမ်းဖက်တိုက်ခိုက်သူများ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်၊ တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးပြီး

*စာမျက်နှာ ၄ ကော်လံ ၁* ✻



## ကိုးတန်ကောက် စခန်း

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၉ ရက် ကိုးတန်ကောက်စခန်း အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်နေရာကို ကြည့်ရှုစဉ်

ဓာတ်ပုံ-သူရဇော်(သတင်းစဉ်)

## မူဆယ်၊ လားရှိုးနှင့် ကျောက်မဲမြို့တို့၌ စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

စာ - ၈

## ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ WFP အစီအစဉ်ဖြင့် စားနပ်ရိက္ခာများထောက်ပံ့

စာ - ၉

## ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် အီရတ်အရေးပေါ် တပ်သားများက အလက်ပိုအရှေ့ပိုင်းရှိ တပ်ဖွဲ့ဝင်များကို သတ်ဖြတ်နေကြောင်း သတင်းထွက်ပေါ်

စာ - ၁၀

## အမ်းမြို့၌ (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ခြင်းအလှခတ်ပွဲကျင်းပ

**အမ်း ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားနှင့် ကာယပညာဦးစီးဌာနက အမ်းမြို့နယ်ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့လက်ရွေးစင် မစုစုလှိုင် ဦးဆောင်သော ဆောင်းစပယ်ဖြူ ဝိုင်းခြင်းကလပ်အဖွဲ့က အကြိုခြင်းအလှခတ်ခြင်း၊ မြန်မာ့ရိုးရာ ခြင်းလုံးအလှအကများနှင့် ခြင်းလုံးပညာများကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၅ နာရီက အမှတ်(၃) ဈေးရပ်ကွက် ဘောလုံးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)






Distributed by SWH SEIN WUT HMON CO.,LTD. No(24),Phan Chat Won U Shwe Ohh Street, Industrial Zone (2), Hlaing Thar Yar Township,Yangon.01-684 842, 09-731 26116 swh.com.mm NASA-Lubricants-Myanmar